# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ပညာဆီမီးကို ရှာဖွေကြိုးစား**

လောဘစသော မီးတဟုန်းဟုန်း တောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူးနေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂ စသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာအမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကို ရှာဖွေကာ ကြိုးစားသင့်၏။

ရာဇဝတ်(ဓမ္မပဒ - ၁၄၆)


၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက် | ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ ရက်၊ စနေနေ့ | အတွဲ (၅၇)၊ အမှတ် (၁၄၇)


# သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး (ပထမနေ့)ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးပထမနေ့ကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ယနေ့နံနက် ၈ နာရီတွင် ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ်(စီမံ)ဦးခင်မောင်ဝင်း၊ တိုင်းဒေသကြီး၊ ပြည်နယ် သာသနာရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရ ဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ ဘဒ္ဒန္တအဂ္ဂဓမ္မက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေးထမြောက် အောင်မြင်ကြောင်း ကြေညာသည်။


*စာမျက်နှာ ၇ ကော်လံ ၁* ❈


# နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ကိုရီးယားနှင့် စပိန်နိုင်ငံသံအမတ်ကြီးတို့ သံအမတ်ခန့်အပ်လွှာများ ပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ လီဆန်ဟွာသည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အလားတူ နိုင်ငံတော်သမ္မတထံ မြန်မာနိုင်ငံဆိုင်ရာ စပိန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ အီမီလီယို ဒယ်မီဂဲလ် ကာလာဗီးယားသည် မွန်းလွဲ ၃ နာရီ ၅ မိနစ်တွင် နေပြည်တော်ရှိ သမ္မတအိမ်တော်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❁




**နိုင်ငံတော်သမ္မတ ဦးထင်ကျော် စပိန်နိုင်ငံ သံအမတ်ကြီး မစ္စတာ အီမီလီယို ဒယ်မီဂဲလ် ကာလာဗီးယားအား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

## အကြမ်းဖက်မိုင်းဖောက်ခွဲမှုလုပ်ရပ်အား ပြင်းထန်စွာရှုတ်ချ၊ တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူသွားမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန**

**သတင်းထုတ်ပြန်ချက်**

**၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်**

၁။ ၂၀-၂-၂၀၁၈ ရက်နေ့၊ ညနေ ၄ နာရီ ၄၀ မိနစ်တွင် ရှမ်းပြည်နယ်၊ လားရှိုးမြို့ အမှတ်(၂)ရပ်ကွက်၊ လမ်းမတော်လမ်းနှင့် ရွှေဘိုလမ်းထောင့်ရှိ ရိုးမဘဏ်နှင့် ရောဝတီဘဏ်အကြား၌ စိစစ်ဆဲအဖွဲ့အစည်းတစ်ခုက ထောင်ထားသည့် ဒေသန္တရမိုင်းတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အပြစ်မဲ့ပြည်သူ ဘဏ်ဝန်ထမ်းအမျိုးသမီးနှစ်ဦး သေဆုံးခဲ့ရပြီး အမျိုးသား ၉ ဦး၊ အမျိုးသမီး ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ အပြစ်မဲ့ပြည်သူများ သေဆုံးမှု၊ ထိခိုက်ဒဏ်ရာ ရရှိမှုတို့အတွက် မိသားစုဝင်များနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

၂။ ယခုလို အပြစ်မဲ့ပြည်သူများ သေဆုံးထိခိုက်စေသော အကြမ်းဖက်ဖောက်ခွဲမှု လုပ်ရပ်သည် နိုင်ငံတော်အစိုးရက အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်ကို ကြီးမားစွာ ထိခိုက်စေပါသည်။

၃။ အများပြည်သူ နေရာဌာနများ၊ အပြစ်မဲ့ အရပ်သားပြည်သူများကို ပစ်မှတ်ထားသည့် ဤအကြမ်းဖက် မိုင်းဖောက်ခွဲမှုလုပ်ရပ်အား ပြင်းထန်စွာရှုတ်ချကြောင်း၊ ပြည်သူလူထု အသက်အိုးအိမ်စည်းစိမ် ကာကွယ်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေနှင့်အညီ ထိထိရောက်ရောက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**အောင်ဆန်းစုကြည်**

**ဥက္ကဋ္ဌ**

**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန**




မြန်မာ့အလင်း

# ပြည်သူတို့၏အိမ်

ပြည်သူတို့၏သက်ရှင်ရပ်တည်နိုင်ရေး၌ “နေရေး” ဟူသော အိုးအိမ်ပိုင်ဆိုင်နိုင်ရေးသည် အခြေခံလိုအပ်ချက်ဖြစ်ပါသည်။ တစ်ဖက်၌လည်း “အိမ်”ဟူသည် မိသားစုတို့၏ နွေးထွေးခိုလှုံရာလည်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်သူလူထုက အိုးအိမ်ပိုင်ဆိုင်နိုင်ပါက နွေးထွေးလုံခြုံသောစိတ်ဖြင့် တိုင်းပြည်နှင့် လူမျိုးအတွက် ပိုမိုစွမ်းစွမ်းတမံ ဆောင်ရွက်လိုစိတ်တို့ ခိုင်မာအားကောင်းလာမည် ဖြစ်ပါသည်။

ပြည်သူလူထု၏ အိုးအိမ်လိုအပ်မှုကို ဖြည့်ဆည်းပေးရန် နိုင်ငံတော်ဘတ်ဂျက်တစ်ခုတည်းဖြင့် ဆောင်ရွက်ရန် ပြည့်စုံလုံလောက်မှု မရှိပါသဖြင့် နိုင်ငံတော်အစိုးရသည် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) မှ ချေးငွေရယူ၍ ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။ ဤအစီအစဉ်အရ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)ချေးငွေဖြင့် အိမ်ရာစီမံကိန်းတစ်ခုကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ဤစီမံကိန်း၌ ပြည်သူတို့အား တန်ဖိုးနည်းနှင့် တန်ဖိုးသင့်အိမ်ရာများ ဝယ်ယူနိုင်ရန် သက်သာသော အတိုးနှုန်းဖြင့် နှစ်ရှည်ချေးငွေများ ထုတ်ပေးသွားမည်ဖြစ်ပါသည်။ ဤစီမံကိန်းအတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ ချေးငွေ ဂျပန်ယန်း ၁၅ ဘီလီယံရယူသွားမည် ဖြစ်ပါသည်။

အဆိုပါစီမံကိန်းအရ (၂၀၁၇-၂၀၁၈) ဘဏ္ဍာနှစ်မှ (၂၀၁၉-၂၀၂၀) ဘဏ္ဍာနှစ်အထိ တန်ဖိုးနည်းနှင့် တန်ဖိုးသင့်တိုက်ခန်းပေါင်း ၁၁၉၁၄ ခန်းကို တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် တည်ဆောက်သွားမည်ဖြစ်ပါသည်။ ဤစီမံကိန်းအတွက် ငွေကြေးလည်ပတ်ပံ့အဆင့်ဆင့်မှာ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏ ချေးငွေကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်ခံ၍ ချေးယူသွားမည် ဖြစ်ပါသည်။ အဆိုပါ ချေးငွေတို့အား ထပ်ဆင့်ထုတ်ချေးရာ၌ မြန်မာ့စီးပွားရေးဘဏ်က ကြားခံအဖွဲ့အစည်းအဖြစ် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေတို့ကို လက်လွှဲယူ၍ ပြည်သူလူထုအား တိုက်ရိုက်ထုတ်ချေးမည့် အဖွဲ့အစည်းမှာ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် ဖြစ်ပါသည်။ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်သည် ပြည်သူလူထုအား အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်းဖြင့် နှစ်ရှည်ချေးငွေထုတ်ပေးသွားမည် ဖြစ်ပါသည်။

တန်ဖိုးနည်းအိမ်ရာဝယ်ယူရန် ချေးငွေရယူလိုသော ပြည်သူတို့သည် လစဉ်မိသားစုဝင်ငွေအနည်းဆုံး ငွေကျပ် သုံးသိန်းရှိရမည်ဖြစ်ပြီး တန်ဖိုးသင့်အိမ်ရာ ဝယ်ယူလိုသော ပြည်သူတို့သည် လစဉ်မိသားစု ဝင်ငွေအနည်းဆုံး ငွေကျပ်ငါးသိန်းရှိရမည် ဖြစ်ပါသည်။ ချေးငွေအစီအစဉ်၏ လုပ်ငန်းစဉ်သဘောမှာ အိမ်ရာဝယ်ယူလိုသောပြည်သူတို့သည် တိုက်ခန်းတန်ဖိုး၏ ၂၀ ရာခိုင်နှုန်းကို ကနဦး ပေးသွင်းငွေအဖြစ် ပေးသွင်းရမည်ဖြစ်ပါသည်။ ကျန်ရှိသော တိုက်ခန်းတန်ဖိုး၏ ရာခိုင်နှုန်း ၈၀ အား အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ၁၀ နှစ်မှ ၁၅ နှစ်ကာလအတွင်း ပြန်လည်ပေးဆပ်ရမည် ဖြစ်ပါသည်။ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) ၏ ချေးငွေကို ဆိုင်းငံ့ကာလ ၁၀ နှစ်အပါအဝင် နှစ် ၄၀ အတွင်း သတ်မှတ်အစီအစဉ်ဇယားဖြင့် ပြန်လည်ပေးဆပ်သွားရမည် ဖြစ်ပါသည်။

ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) ၏ ချေးငွေတို့ကို သတ်မှတ်အစီအစဉ်နှင့်အညီ ပြန်လည်ပေးဆပ်နိုင်ရေးအတွက် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်က တာဝန်ယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ဤစီမံကိန်းက ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ ချေးငွေနှင့်ပတ်သက်၍ ရယူသုံးစွဲရေးနှင့် ပြန်လည်ပေးဆပ်ရေး လုပ်ငန်းစဉ်တို့အတွက် စနစ်တကျ စီမံဆောင်ရွက်ထားသည်ကို တင်ပြလိုရင်းဖြစ်ပါသည်။ ပြည်သူတို့၏ အခြေခံလိုအပ်ချက်ဖြစ်သော အိုးအိမ်တို့ ဖန်တီးနိုင်ရေးအတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) ၏ အကူအညီရယူလျက် ဆောက်လုပ်ရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်နေသည်ကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

## မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍတွင် ကျူးဘားနိုင်ငံမှ လုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံနိုင်ရေးဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် မြန်မာနိုင်ငံဆိုင်ရာ ကျူးဘားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟက်တာကော်နီဒီ အယ်လ်မေးဒါး အား ယနေ့ နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ခရီးသွား လုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ ကျူးဘားနိုင်ငံမှ လုပ်ငန်းရှင်များ မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံနိုင်ရေး၊ ကျူးဘားနိုင်ငံ ခရီးသွားမြှင့်တင်ရေးပြပွဲများတွင် ပါဝင်ပြသခြင်းဖြင့် ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်နိုင်ရေး၊ ခရီးသွားလုပ်ငန်းများနှင့် ပတ်သက်၍ မြန်မာနိုင်ငံအား အကူအညီပေးနိုင်ရေးနှင့် နှစ်နိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့် ကာလ(၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ဦးအုန်းလွင် | ညွှန်ကြားရေးမှူးချုပ်<br>လမ်းဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |
| (၂) ဦးရွှေလေး | ညွှန်ကြားရေးမှူးချုပ်<br>တံတားဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |

# ပြည်သူ့ရေးရာစီမံခန့်ခွဲမှုသင်တန်း သင်တန်းဆင်းပွဲ ကျင်းပ




**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် Panna Institute ၊ Konrad Adenauer Stiftung တို့ ပူးပေါင်းဖွင့်လှစ်သည့် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုသင်တန်း (Civil Service Training) သင်တန်းဆင်းပွဲကို ယနေ့ ညနေ ၄ နာရီခွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနား၌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက သင်တန်းဆင်း မိန့်ခွန်းပြောကြားရာတွင် ယခု သင်တန်း၌ နိုင်ငံ့ဝန်ထမ်းအရာရှိများကို အရည်အသွေး မြင့်မားရန် ရည်ရွယ်ချက်ဖြင့် ခေတ်မီအရပ်ဘက် အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ပညာရပ်များကို စနစ်တကျ ထည့်သွင်းပို့ချခဲ့သဖြင့် မိမိတို့နိုင်ငံအတွက် အလွန်အရေးကြီးသော သင်တန်းတစ်ခု ဖြစ်ပါကြောင်း၊ ဤသင်တန်းမှ ရရှိခဲ့သည့် အသိပညာဗဟုသုတများကိုလက်တွေ့လုပ်ငန်းခွင်တွင် ထိထိရောက်ရောက် အသုံးချရန် သာမက သင်တန်းတက်ခွင့် မရရှိသည့် လုပ်ဖော်ကိုင်ဖက်များကိုပါ လက်ဆင့်ကမ်း မျှဝေပေးစေလိုကြောင်း၊ သင်တန်းဖြစ်မြောက်ရေးအတွက် မိမိတို့အား ကူညီပံ့ပိုးပေးခဲ့ကြသည့် Panna Institute နှင့် Konrad Adenauer Stiftung တို့အား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် သင်တန်းနည်းပြဆရာ ဦးဌေးဝင်းနိုင်က သင်တန်းဆင်း လက်မှတ်များကို သင်တန်းသား တစ်ဦးထံ ပေးအပ်ပြီး ကျေးဇူးတင်စကား ပြောကြားသည်။ **သတင်းစဉ်**

## စိမ့်စမ်းရေသွယ်ယူရေး လုပ်ငန်းပြီးစီးမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**သီပေါ ဖေဖော်ဝါရီ ၂၃** ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇/ ၂၀၁၈ ခုနှစ် ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးသည့် ပန်လောကျေးရွာ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ၂/၅ မိုင်၏ လုပ်ငန်းပြီးစီးမှုများကို ကျောက်မဲခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးမျိုးမင်းစိုးနှင့် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၁ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ အဆိုပါ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဒေါ်နန်းဖြူဖြူအောင် နှင့် ကျေးရွာစီမံကိန်းကော်မတီများက ရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။ **စိုင်း (သီပေါ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၃-၂-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၆၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၈၀၀/၈၂၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၅၅/၇၈၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၀/၈၃၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၁၀/၈၃၅ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၄ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၆၄၄ ・ ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၁ ・ ၀ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၄၈ ・ ၄ |
| ထိုင်း | တစ်ဘတ် | ၄၂ ・ ၃ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・ ၅ |
| တရုတ် | တစ်ယွမ် | ၂၁၀ ・ ၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၁ ・ ၆ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်ဟွာက ၎င်း၏ သံအမတ်ခန့်အပ်လွှာ ပေးအပ်စဉ်။ သတင်းစဉ်

❁ ရှေ့ဖုံးမှ

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားများသို့ ပြည်ထောင်စု အစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်တို့ တက်ရောက်ကြသည်။ **သတင်းစဉ်**

# မြန်မာ - ကျူးဘား နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာများ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဇန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ကျူးဘားနိုင်ငံသံအမတ်ကြီး မစ္စတာ ဟက်တာကော်နီဒီ အယ်လ် မေးဒါးအား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ကျူးဘား နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင်၊ ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဝဲပုံ)**

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများနှင့် ကော်မတီဝင်များ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ လုပ်ငန်းရှင်များ၊ NLD စီးပွားရေးကော်မတီမှ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၏ (၃၄)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်ညစာစားပွဲနှင့်(၂၅)နှစ်မြောက် မြန်မာ-ဘရူနိုင်း သံတမန်ဆက်ဆံရေး ထူထောင်သည့် အထိမ်းအမှတ်ညစာစားပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက်က ရန်ကုန်မြို့ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့်ဇနီး ဒေါ်လွင်လွင်မှန်တို့အား မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းသံအမတ်ကြီး H.E. Mr. Pehin Orang Kaya Seri Pahlawan Colonel (R) Dato Paduka Haji Abdu'r Rahmanibin Dato Paduka Haji Basir နှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။ သတင်းစဉ်



# အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မိုးဆက်လက်ရွာနိုင်သည်။ **မိုး/ဇလ**

# ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဆင့် တိုးမြှင့်ခြင်းဆိုင်ရာစီမံကိန်း နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် Association of World Election Bodies (A-WEB)၊ Mitsubishi Research Institute, Inc. (MRI) တို့ ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဆင့်တိုးမြှင့်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို**(ယာပုံ)**ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့ဝင်များဖြစ်သည့် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်၊ ဦးမြင့်နိုင်၊ ဦးသန်းဌေး၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။




အခမ်းအနားတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ကော်မရှင်အနေဖြင့် MRI နှင့် ယခုမှ စတင်ပူးပေါင်း ဆောင်ရွက်ခြင်းဖြစ်သော်လည်း A-WEB နှင့် ယခင်ကတည်းက ပူးပေါင်းဆောင်ရွက်မှု ရှိခဲ့ပါကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ သင်တန်းများသို့ သင်တန်းသားများ စေလွှတ်ခြင်းနှင့် သမ္မတရွေးကောက်ပွဲများသို့ သွားရောက်လေ့လာခြင်းတို့ ရှိခဲ့ပါကြောင်း၊ ယခု ပူးပေါင်းဆောင်ရွက်မှုမှာ မဲစာရင်းပြုစုခြင်း လုပ်ငန်းစဉ်တွင် ICT နည်းပညာ အသုံးပြုဆောင်ရွက်ရေးဖြစ်ပြီး မဲရလဒ် ရေတွက်ခြင်းနှင့် မဲရလဒ်များကြေညာခြင်းတို့ကိုလည်း တတ်နိုင်သမျှ ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်နိုင်ခြင်းသည် မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှုကို တိုးမြှင့်စေမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ MRI အဖွဲ့၏ ဒုတိယ ညွှန်ကြားရေးမှူးချုပ် Ms. Tomoki Takahashi က ယခု ပူးပေါင်းဆောင်ရွက်မှုသည် ကုမ္ပဏီအနေဖြင့် ဖြစ်သော်လည်း ဂျပန်အစိုးရ၏ ဆောင်ရွက်မှုဖြစ်ပါကြောင်း၊ ယခုကဲ့သို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ A-WEB အဖွဲ့၏ ညွှန်ကြားရေးမှူးချုပ် Mr. Sang Rock Bae က ယခု ပူးပေါင်းဆောင်ရွက်ရာတွင် မဲစာရင်းပြုစုခြင်း၊ မဲရလဒ်များ ရေတွက်ခြင်း၊ မဲရလဒ်များ တစ်နေရာမှ တစ်နေရာသို့ ပို့ဆောင်ခြင်းတို့ကို ICT နည်းပညာအသုံးပြု ဆောင်ရွက်မှာဖြစ်ပြီး လူထုယုံကြည်မှုမြင့်တက်၍ ရွေးကောက်ပွဲတွင် ပိုမိုပါဝင်လာစေရန် ရည်ရွယ်ပါကြောင်း၊ နောက်သုံးနှစ်အထိ ယခု လုပ်ငန်းစဉ်အား ဆောင်ရွက်ရန် ရည်ရွယ်ထားပါကြောင်း ပြောကြားသည်။

ယင်းနောက် နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ *ကျော်ဇံမှ*

အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဥပဒေနှင့်အညီ ဖွဲ့စည်းခဲ့**

ဖွင့်ပွဲအခမ်းအနားတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် နေပြည်တော်၌ ကျင်းပခဲ့ပါကြောင်း၊ ယင်းအစည်းအဝေးတွင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များမှ ဝန်ကြီးချုပ်များ အပါအဝင် Stakeholder အားလုံးနှင့် အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် အချိန်ယူ ဆွေးနွေးညှိနှိုင်းခဲ့ပါကြောင်း၊ တစ်နိုင်ငံလုံးတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်ရန် ဝိုင်းဝန်းဆွေးနွေးခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအပေါ် များစွာ အခြေခံနေပါကြောင်း၊ တစ်နိုင်ငံလုံး၏ စီးပွားရေးလုပ်ငန်း ၉၉ ရာခိုင်နှုန်းသည် အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းကဏ္ဍများ ဖြစ်ပါကြောင်း၊ ထို့ကြောင့် SME များကို လက်တွေ့ကျကျ ကူညီထောက်ပံ့နိုင်ရန်အတွက် လုပ်ငန်းကော်မတီအနေဖြင့် SME ဥပဒေပါ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း သုံးသပ်မှုအစီရင်ခံရေးအဖွဲ့၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီနှင့် အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုအဖွဲ့ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်းတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဥပဒေနှင့်အညီ ဖွဲ့စည်းခဲ့ပါကြောင်း၊ ယင်းအဖွဲ့ သုံးဖွဲ့သည် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးမည့် အဖွဲ့များ ဖြစ်ပါကြောင်း။



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ပထမအကြိမ် ဒေသတွင်းထုတ်ကုန်ပစ္စည်း ပြပွဲနှင့် ပြိုင်ပွဲ မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ သတင်းစဉ်

ယနေ့ ကျင်းပသည့် MSMEs Product ထုတ်ကုန်ပစ္စည်းပြပွဲ ပြိုင်ပွဲသည် MSMEs များ ပံ့ပိုးရေးကို ဆောင်ရွက်မည့် အစီအစဉ်ထဲမှ တစ်ခုဖြစ်ပါကြောင်း၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် MSMEs ထုတ်ကုန်ပစ္စည်းများ ဒေသတွင်း ပြပွဲနှင့် Regional Award ပြိုင်ပွဲများကို အလှည့်ကျ ကျင်းပသွားရန် စီစဉ်ထားပါကြောင်း၊ နောက်ဆုံးအဆင့်တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် နေပြည်တော်တွင် MSMEs Products National အဆင့် MSMEs ထုတ်ကုန်ပစ္စည်းပြပွဲ ပြိုင်ပွဲကို ကျင်းပပြုလုပ်ပြီး National Award ဆုများကို ချီးမြှင့်ပေးသွားမည်ဖြစ်ပါကြောင်း။

**ပထမဆုံးကျင်းပပြုလုပ်**

မြန်မာနိုင်ငံတွင်ရှိသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်များ အရည်အသွေးမြှင့်တင်နိုင်ရန်၊ ဈေးကွက်ချဲ့ထွင်ရေးနှင့် ရေရှည်ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားလာရန်အတွက် ယခုကဲ့သို့ ပြပွဲ၊ ပြိုင်ပွဲများကို ကျင်းပခြင်းဖြစ်ပါကြောင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အတွင်းရှိ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ၏ ထုတ်ကုန်ပစ္စည်းများ ပြပွဲ၊ ပြိုင်ပွဲသည် ပထမဆုံး ကျင်းပပြုလုပ်သည့်ပွဲ ဖြစ်ပါကြောင်း။

**အကျိုးကျေးဇူးရရှိလာမည်**

ထိုသို့ ကျင်းပပေးခြင်းဖြင့် ပြည်တွင်း စားသုံးသူများအနေဖြင့် SME များ၏ ထုတ်ကုန်အရည်အသွေးများကို အကဲဖြတ် လေ့လာနိုင်ခြင်း၊ SME များ၏ စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်မှုများကို SME အချင်းချင်း သိရှိစေနိုင်ခြင်း၊ ကောင်းမွန်သည့် အချက်အလက်နှင့် ဆန်းသစ်တီထွင် စိတ်ကူးကောင်းများ ဖော်ထုတ်လေ့လာနိုင်ခြင်း၊ မိမိထုတ်လုပ်မှု လုပ်ငန်းစဉ် (Supply Chain) တစ်လျှောက် ဆက်စပ်ပတ်သက်နေသည့် အခြား SME များနှင့် ပေါင်းစပ်လုပ်ကိုင်လာနိုင်ခြင်း၊ ဒေသအချင်းချင်း ပေါင်းစည်း လုပ်ကိုင်လာနိုင်ခြင်း၊ ပေါင်းစည်း ဆောင်ရွက်မှုများမှတစ်ဆင့် နိုင်ငံတကာ အဆင့်သို့ တက်လှမ်းနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိလာကြမည် ဖြစ်ပါကြောင်း။





ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများ မြို့ကြီးရေလှောင်တမံအား ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

**အမှတ်ပေးရွေးချယ်မည်**

ဒေသအလိုက် ပြိုင်ပွဲများတွင် Micro၊ Small နှင့် Medium စသည်ဖြင့် လုပ်ငန်းအရွယ်အစားအလိုက် ပထမ၊ ဒုတိယ၊ တတိယအဆင့် သတ်မှတ်ပြီး ဆုများ ချီးမြှင့်သွားမည်ဖြစ်ပါကြောင်း၊ ယနေ့ ကျင်းပသည့်ပွဲသည် ပြည်တွင်း လုပ်ငန်းရှင်များကို အားပေးသည့် ပြပွဲ၊ ပြိုင်ပွဲဖြစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် အကဲဖြတ်ဒိုင်အဖွဲ့က အမှတ်ပေးဆုံးဖြတ် ရွေးချယ်မည်ဖြစ်ပါကြောင်း၊ ဆုရရှိသူများကို ပြိုင်ပွဲ၏ နောက်ဆုံး ပိတ်ပွဲအခမ်းအနားတွင် နိုင်ငံတော်က အသိအမှတ်ပြုသည့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် Regional Award အဖြစ် သတ်မှတ်ကာ ချီးမြှင့်သွားမည်ဖြစ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနက တစ်နိုင်ငံလုံးကို ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါကြောင်း၊ ပြိုင်ပွဲတွင် ဆုအတွက် သတ်မှတ်မည့်အချက်များကိုလည်း နိုင်ငံတကာ အတွေ့အကြုံရှိသည့် ဂျပန်နိုင်ငံမှ ပညာရှင်များ၏ အတွေ့အကြုံများ၊ အကြံပြုချက်များနှင့် ပေါင်းစပ်သတ်မှတ်ထားခြင်း ဖြစ်ပါကြောင်း။

ယခု ပြပွဲ ပြိုင်ပွဲ ကျင်းပနေချိန်အတွင်းတွင်လည်း MSMEs များအတွက် နည်းပညာ လွှဲပြောင်းပေးမည့် အစီအစဉ်များ၊ စကားဝိုင်းဆွေးနွေးပွဲများ ထည့်သွင်းပြုလုပ်သွားရန် စီစဉ်ထားရှိပါကြောင်း၊ အသေးစားနှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးအရင်းအနှီး ရရှိရေးသည်လည်း လိုအပ်ချက်တစ်ခု ဖြစ်သည့်အတွက် ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများကို ဖိတ်ကြားပြီး အသေးစားနှင့်အလတ်စား လုပ်ငန်းများအတွက် MSMEs လုပ်ငန်းများ ချေးငွေရရှိနိုင်ရေးဆိုင်ရာ ဟောပြောဆွေးနွေးပွဲကိုလည်း ထည့်သွင်းကျင်းပပြုလုပ်သွားမည် ဖြစ်ပါကြောင်း။

**ဈေးကွက်သစ်ဖော်ထုတ်**

MSMEs လုပ်ငန်းများ အနေဖြင့် နည်းပညာရှိမှသာ အရည်အသွေးမီ ပြည်ပပို့ကုန်များ၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် MSMEs လုပ်ငန်းများ နည်းပညာရရှိရေးအတွက် ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ နည်းပညာကို အသုံးပြုပြီး အရည်အသွေးမီ လယ်ယာထုတ်ကုန်များနှင့် စားသောက်ကုန်များ တန်ဖိုးမြှင့်ထုတ်လုပ်မှု (Value Added) လုပ်ငန်းများ၊ နည်းပညာအခြေခံ ထုတ်လုပ်မှုနှင့် နိုင်ငံတကာအဆင့်မီ ထုပ်ပိုးမှုပုံစံ(Packing Design) များ ကောင်းမွန်စေရန် အားပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် စွန့်ဦးတီထွင်လုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်မှုများ၊ ဆန်းသစ်သည့် အတွေးအခေါ်နှင့် ဖန်တီးမှုများ၊ လှပသေသပ်သည့်ပုံစံများနှင့် ဈေးကွက်သစ် ဖော်ထုတ်နိုင်ရန်အတွက်လည်း ဆက်လက်တိုးမြှင့် အားပေး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

**ပြောင်းလဲထုတ်နိုင်ရန်ကြိုးစား**

လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ထုတ်လုပ်မှုအဆင့်အတန်းနှင့် ထုတ်ကုန်ပစ္စည်းများ၏ ရိုးရာအစဉ်အလာကို ထိန်းသိမ်းပြီး သာမန်ဒီဇိုင်း၊ သာမန်အတွေးအမြင်၊ သာမန်အရည်အသွေးများနှင့် ထုတ်လုပ်နေရုံဖြင့် ကျေနပ်နေ၍ မဖြစ်ပါကြောင်း၊ ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် သုံးစွဲသူများ ဝယ်ချင်လာအောင် ဆွဲဆောင်နိုင်ပြီး အကျိုးရှိ အသုံးတည့်သည့် ပစ္စည်းများဖြစ်အောင် ပြောင်းလဲထုတ်လုပ်နိုင်ရန် ကြိုးစားရမည်ဖြစ်ပါကြောင်း။

*စာမျက်နှာ ၅ သို့*



ဒုတိယသမ္မတ ဦးမြင့်ဆွေ မြို့ကြီးရေအားလျှပ်စစ်စက်ရုံအတွင်း လျှပ်စစ်ဓာတ်အားထုတ်လွှတ်မှုအခြေအနေ ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

# မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ အဖွဲ့ဝင်များသည် လွှတ်တော်အဖွဲ့၏ ညှိနှိုင်းဆုံးဖြတ်ချက်များကို ဆောင်ရွက်ရမည်ဖြစ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

မြန်မာနိုင်ငံလွှတ်တော်အဖွဲ့(Myanmar Parliamentary Union-MPU) အစည်းအဝေး (၂/၂၀၁၈) ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**ညှိနှိုင်းဆုံးဖြတ်ချက်များဆောင်ရွက်**

ရှေးဦးစွာ မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက အဖွင့်အမှာစကား ပြောကြားရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ရုံးများ ဖွဲ့စည်းမှုကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ ဥပဒေကိုလည်း ပြဋ္ဌာန်းနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယင်း ဥပဒေပြဋ္ဌာန်းခြင်းမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များကို လွှမ်းမိုးချုပ်ကိုင်ရန် မဟုတ်ကြောင်း၊ အဖွဲ့အစည်းတိုင်းမှာ ကိုယ်ပိုင်ဥပဒေများရှိကြောင်း၊ ဥပဒေပြဋ္ဌာန်းခြင်းသည် လုပ်ငန်းများကို တိတိကျကျ ဆောင်ရွက်နိုင်စေရန် ဖြစ်ကြောင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်များအကြား ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်နိုင်ရေးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များအချင်းချင်း ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်ရေးတို့ကို တိုးမြှင့်ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ အဖွဲ့ဝင်များသည် လွှတ်တော်အဖွဲ့၏ ညှိနှိုင်းဆုံးဖြတ်ချက်များကို ဆောင်ရွက်ရမည်ဖြစ်ပြီး ဆောင်ရွက်ပြီးစီးကြောင်းကို လွှတ်တော်အဖွဲ့သို့ ပြန်လည်အစီရင်ခံရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**နိုင်ငံ၏အခြေခံအုတ်မြစ်**

ဆက်လက်ပြီး မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဒီမိုကရေစီစနစ် ကျင့်သုံးရာတွင် လွှတ်တော်ခိုင်မာဖို့ လိုအပ်ပါကြောင်း၊ လွှတ်တော်သည် ပြည်သူများက ရွေးချယ်ခဲ့သည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ နိုင်ငံ၏ အခြေခံအုတ်မြစ်သည် လွှတ်တော်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေ၏ ရည်ရွယ်ချက်မှာ လွှတ်တော်အသီးသီး၏ ဆောင်ရွက်မှုများ နည်းလမ်းမှန်ကန်ခိုင်မာပြီး အရည်အသွေး ကောင်းမွန်တိုးတက်မြင့်မားရေးအတွက် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် ဖြစ်ကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ ပါဝင်ပါက အင်အားခိုင်မာ တောင့်တင်းလာမည်ဖြစ် ကြောင်း၊ မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ အဖွဲ့ဝင်များအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ပိုင်နိုင်စွာ လေ့လာထားရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးအေးသာအောင်က မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ အစည်းအဝေး(၁/၂၀၁၈) ဆုံးဖြတ်ချက်များ အပါအဝင် မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ ဥပဒေ ရေးဆွဲပြဋ္ဌာန်းရခြင်း အကြောင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ အဖွဲ့ဝင်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီမှ တင်သွင်းခဲ့ကြောင်း၊ ဖက်ဒရယ်ဒီမိုကရေစီ အောင်မြင်ရန်အတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

**ဝန်ထမ်းရေးရာကိစ္စများတင်ပြ**

မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ရုံးအဖွဲ့မှူး ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ရုံးများ၏ လက်ရှိဖွဲ့စည်းထားရှိမှု အခြေအနေနှင့် လွှတ်တော်ရုံး ဝန်ထမ်းရေးရာကိစ္စများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများက လွှတ်တော်ဆိုင်ရာ ကိစ္စရပ်များနှင့် လွှတ်တော်အလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခြင်းနှင့် အထွေထွေ ဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုလွှတ်တော်နာယကတို့က ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်း၍ လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက၊ ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ၁၂ ဦး၊ ဒုတိယဥက္ကဋ္ဌ နှစ်ဦးနှင့် လွှတ်တော်ရုံးအသီးသီးမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုအစိုးရက ချမှတ်ထားသည့် မူဝါဒများနှင့်အညီ ပြည်တွင်းဈေးကွက် ချဲ့ထွင်နိုင်ခြင်းမှတစ်ဆင့် ပို့ကုန်ဦးစားပေးထုတ်ကုန်များ ထုတ်လုပ်လာနိုင်ရေးအတွက် ရည်မှန်းချက်ထားရှိပြီး ဆောင်ရွက်ရမည်ဖြစ်

*စာမျက်နှာ ၄ မှ*

SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုအစိုးရက ချမှတ်ထားသည့် မူဝါဒများနှင့်အညီ ပြည်တွင်းဈေးကွက် ချဲ့ထွင်နိုင်ခြင်းမှတစ်ဆင့် ပို့ကုန်ဦးစားပေးထုတ်ကုန်များ ထုတ်လုပ်လာနိုင်ရေးအတွက် ရည်မှန်းချက်ထားရှိပြီး ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် မိမိတို့လုပ်ငန်းကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လက်ဆင့်ကမ်းဆောင်ရွက်နိုင်စေရေးကိုလည်း စီစဉ်ဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဝင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အတွင်းရှိ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ၏ ပထမအကြိမ် ဒေသတွင်းထုတ်ကုန်ပစ္စည်း ပြပွဲနှင့် ပြိုင်ပွဲနှင့်စပ်လျဉ်းပြီး ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ချို၊ ဒေါက်တာသန်းမြင့်နှင့် ဦးကျော်ဝင်းတို့က အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ၏ ပထမအကြိမ် ဒေသတွင်းထုတ်ကုန်ပစ္စည်း ပြပွဲနှင့် ပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် ကုမ္ပဏီများက လှူဒါန်းသည့် အလှူငွေများကို လက်ခံကြပြီး အလှူရှင်များထံ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ဒေါက်တာသန်းမြင့်၊ ဦးကျော်ဝင်းနှင့် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ကချင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွှန့်တို့က အငယ် စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ၏ ပထမအကြိမ် ဒေသတွင်းထုတ်ကုန်ပစ္စည်း ပြပွဲနှင့် ပြိုင်ပွဲမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**ပြခန်းများကြည့်ရှု**

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် မန္တလေးမြို့ မန္တလာသီရိ အားကစားကွင်းအတွင်း ခင်းကျင်းပြသထားသည့် အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဒေသတွင်းထုတ်ကုန်ပစ္စည်း ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ၏ ပထမအကြိမ် ဒေသတွင်းထုတ်ကုန်ပစ္စည်း ပြပွဲနှင့် ပြိုင်ပွဲကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်း၍ သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါ ထုတ်ကုန်ပစ္စည်းပြပွဲ၊ ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အတွင်းရှိ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၏ ဒေသထုတ်ကုန်ပစ္စည်းများ အပါအဝင် အဆိုပါ ဒေသများမှ လုပ်ငန်းရှင်များ၏ ဒေသထွက်ရိုးရာ အစားအစာနှင့် ဖျော်ရည်အမျိုးမျိုး၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ စက်မှုလက်မှုပစ္စည်းများ၊ လျှပ်စစ်နှင့် အိုင်တီနည်းပညာသုံး ပစ္စည်းများကို ခင်းကျင်းပြသ ရောင်းချပေးလျက်ရှိသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် တာဝန်ရှိသူများနှင့်အတူ ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့နယ်ရှိ မြို့ကြီးရေလှောင်တမံသို့ ရောက်ရှိကြပြီး ရေလှောင်တမံရှုရပ်မှနေ၍ တမံအတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်မှုနှင့် တမံကြံ့ခိုင်ရေး စီစဉ်ဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ဓာတ်အားပို့လွှတ်မှု ရှင်းလင်းတင်ပြ**

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့အား စီမံကိန်း ရှင်းလင်းဆောင်၌ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က မြို့ကြီး ဘက်စုံရေလှောင်တမံ စီမံကိန်းတည်ဆောက်ခဲ့မှု အခြေအနေ၊ လက်ရှိ တည်ဆောက်ပြီး ရေလှောင်တမံများကို အထောက်အကူဖြစ်နိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ စိုက်ပျိုးရေပေးဝေနေမှုနှင့် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် ဆောင်ရွက်သွားမည့် အစီအမံများကို လည်းကောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာချုပ် ဒေါက်တာမောင်မောင်ကျော်က လျှပ်စစ်ဓာတ်အားပေးစက်ရုံဆိုင်ရာ အချက်အလက်များ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှု၊ နိုင်ငံတော် ဓာတ်အားစနစ်သို့ ပို့လွှတ်နေမှုအခြေအနေကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်းပြီး ဒုတိယသမ္မတက ဆည်ကိုအခြေပြု၍ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် မှာကြားသည်။

**များစွာအထောက်အကူပြု**

မြို့ကြီးရေလှောင်တမံ တည်ဆောက်ပြီးစီးသည့်အတွက် နွေစပါး၊ ပဲမျိုးစုံနှင့် အခြားသီးနှံ ဧက ၅၅၀၀၀ ကျော် ယခင်ကထက် ပိုမိုစိုက်ပျိုးနိုင်ကြောင်းနှင့် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး ဧက ၃၃၀၀၀ အတွက် များစွာ အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း သိရသည်။

**ရေယူအဆောက်အအုံကြည့်ရှု**

ယင်းနောက် ဒုတိယသမ္မတသည် ရေယူအဆောက်အအုံအား သွားရောက်ကြည့်ရှုရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က လုပ်ငန်းဆောင်ရွက်ထားမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြို့ကြီး ရေအား လျှပ်စစ်စက်ရုံသို့ ရောက်ရှိပြီး ရေအား လျှပ်စစ်စက်ရုံအတွင်း စက်များတပ်ဆင်ထားရှိမှု အခြေအနေနှင့် လျှပ်စစ်ဓာတ်အား ထုတ်လွှတ်မှု အခြေအနေတို့ကို လိုက်လံကြည့်ရှုသည်။

**သတင်းစဉ်**

## နိုင်ငံတော်၏အထူးချေးငွေ အစီအစဉ်များနှင့်ပတ်သက်၍ အသိပေးကြေညာချက်

၁။ နိုင်ငံတော်၏ အစီအစဉ်ဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် အသေးစားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းများ (SME)၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာပြီး နိုင်ငံ့စီးပွားတိုးတက်လာစေရန် ရည်ရွယ်၍ အထူးချေးငွေ အစီအစဉ်ဖြင့် ချေးငွေများ ထုတ်ချေးရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ SME လုပ်ငန်းများအတွက် မြန်မာ့စီးပွားရေးဘဏ်မှ လည်းကောင်း၊ စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လည်းကောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှလည်းကောင်း ထုတ်ချေးမည်ဖြစ်ကြောင်း အများပြည်သူသို့ အသိပေးကြေညာထားပြီး ချေးငွေများကိုလည်း စတင်ထုတ်ချေးနေပြီ ဖြစ်ပါသည်။

၃။ ချေးငွေရယူလိုသူ လုပ်ငန်းရှင်များသည် မိမိချေးယူလိုသည့် ချေးငွေအမျိုးအစားအလိုက် မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)နှင့် ဘဏ်ခွဲများ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)နှင့် ဘဏ်ခွဲများ၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)နှင့် ဘဏ်ခွဲများသို့ ကိုယ်တိုင် တိုက်ရိုက်ဆက်သွယ်၍ စုံစမ်းမေးမြန်း ဆောင်ရွက်ကြပါရန်နှင့် တစ်ဆင့်ခံပုဂ္ဂိုလ်များဖြင့် ဆက်သွယ်ဆောင်ရွက်ခြင်း မပြုကြရန် အသိပေးကြေညာအပ်ပါသည်။

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

# နိုင်ငံ့စီးပွားတိုးတက်ရေးကို ဖော်ဆောင်နိုင်မည့် ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း

**ပထမအကြိမ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦး**

၂၀၁၈ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေသည် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းပေးရမည့် (၅)ကြိမ်မြောက်အခွန်အကောက်ဥပဒေဖြစ်ကြောင်း၊ ယခုဥပဒေမူကြမ်းကိုရေးဆွဲရာတွင် နိုင်ငံတော်အတွက်အခွန်ရရှိရေးအတွက်သာမက အခွန်ထမ်းပြည်သူများ အနေဖြင့် အခွန်တာဝန်ကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ ထမ်းဆောင်နိုင်မည့် အခွန်နှုန်းများရရှိစေရေးတို့အတွက် ပြဋ္ဌာန်းရန်ရည်ရွယ်ခြင်းဖြစ်ကြောင်း ဥပဒေကြမ်းတင်သွင်းရခြင်းရည်ရွယ်ချက်နှင့် အကျိုးအကြောင်းရှင်းလင်းဖော်ပြချက်အရသိရှိပါသည်။ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၉ တွင် ပြဋ္ဌာန်းထားသော်လည်း ပြည်သူများက အခွန်ပေးဆောင်လိုသည့် စိတ်ဆန္ဒရှိစေရေးနှင့် အခွန်ပေးဆောင်သင့်ကြောင်းခံယူလာစေရေး ဆောင်ရွက်ရန် လိုအပ်ပါသည်။ ထိုသို့ဆောင်ရွက်နိုင်ခြင်းမပြုပါက နိုင်ငံအတွက်ရသင့်ရထိုက်သည့် အခွန်အကောက်များ အပြည့်အဝရရှိဦးမည်မဟုတ်ပါ။ ယခု ဥပဒေမူကြမ်းသည် ယင်းအခြေအနေကို ကျော်လွှားနိုင်မည်ဟု ယုံကြည်မိပါသည်။

**အခွန်ကျသင့်**

ယင်းဥပဒေကြမ်း၏ပုဒ်မ ၂၅ တွင် "ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်ပနေနိုင်ငံသား၏ ပြည်ပမှဝင်ငွေရလမ်း တစ်ခုခု သို့မဟုတ် စီးပွားရေးလုပ်ငန်းတစ်ခုခုကို ဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် အခွန်ပေးဆောင်ရန် လစ်ဟင်းခဲ့သော သို့မဟုတ် လျော့နည်းပေးဆောင်ခဲ့သောဝင်ငွေများ၊ နှစ်တစ်နှစ်အတွင်း ပြည်ပ၌ မြေ၊ အဆောက်အအုံနှင့် ယင်းအဆောက်အအုံ၏ အဓိကအစိတ်အပိုင်းများ အပါအဝင်ဖြစ်သော မရွှေ့ပြောင်းနိုင်သည့်ပစ္စည်း သို့မဟုတ် ရွှေနှင့် အခြားအဖိုးတန်ပစ္စည်းများအပါအဝင် ယာဉ်ကဲ့သို့သော ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ ထိတွေ့ကိုင်တွယ်၍ ရသောပစ္စည်းများ၊ ထိတွေ့ကိုင်တွယ်၍ မရသောပစ္စည်းများကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်း၊ ရင်းနှီးမြှုပ်နှံခြင်း၊ အစုရှယ်ယာထည့်ဝင်ခြင်းစသည်တို့အတွက် အသုံးပြုသည့်ငွေကြေးများ၊ လက်ဝယ်ရှိငွေကြေးတို့နှင့် ပတ်သက်၍ အောက်ပါအခွန်နှုန်းထားများအတိုင်း အခွန်ကျသင့်စေရမည်။

ဝင်ငွေ ခွန်ဥပဒေအရ ဒဏ်ငွေတပ်ရိုက်ခြင်း မပြုရ။ သို့ရာတွင် တရားမဝင်ရရှိသည့် ပစ္စည်းများပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့်လည်းကောင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ အရေးယူခြင်းကိစ္စရပ်များနှင့်လည်းကောင်း သက်ဆိုင်ခြင်းမရှိစေရ-

(က) ဤဥပဒေ အကျိုးသက်ရောက်သည့်နေ့မှစ၍ ပထမခြောက်လကာလအတွင်း သတ်မှတ်ထားသောပုံစံများဖြင့် တင်ပြလာသောကိစ္စရပ်များအတွက်သုံးရာခိုင်နှုန်း၊

(ခ) ပထမခြောက်လကုန်ဆုံးပြီးနောက် ဒုတိယခြောက်လကာလအတွင်း သတ်မှတ်ထားသောပုံစံများဖြင့် တင်ပြလာသော ကိစ္စရပ်များအတွက် ငါးရာခိုင်နှုန်း" ဟု ဖော်ပြထားပါသည်။

**အခွန်ခေါင်းစဉ်ကြီးလေးမျိုး**

မြန်မာနိုင်ငံ၏အခွန်စနစ်မှ အခွန်ခေါင်းစဉ်ကြီး ၄ မျိုး၏အောက်တွင် အခွန်အမျိုးအစား ပေါင်း ၂၁ မျိုးရှိပါသည်။ ပထမအခွန်ခေါင်းစဉ်ကြီးဖြစ်သည့် ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများသုံးစွဲမှုအပေါ်တွင် ကောက်ခံသည့်အခွန်အကောက် ၉ မျိုးရှိပြီး ဒုတိယအခွန်ခေါင်းစဉ်ကြီးဖြစ်သည့် ဝင်ငွေနှင့်ပိုင်ဆိုင်မှုပေါ်တွင် ကောက်ခံသည့် အခွန်အကောက်သည် ဝင်ငွေခွန်ဖြစ်ပါသည်။ တတိယအခွန် ခေါင်းစဉ်ကြီးမှာ အကောက်ခွန်ဖြစ်ပါသည်။ စတုတ္ထခေါင်းစဉ်ကြီးဖြစ်သည့် နိုင်ငံတော်ပိုင်ပစ္စည်းများ အပေါ်ကောက်ခံသည့် အခွန်အကောက်တွင် ၁၀ မျိုးရှိပါသည်။

အထက်ပါအခွန် ၂၁ မျိုးကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာန ၈ ခုနှင့်နေပြည်တော်ကောင်စီတို့က ကောက်ခံကြပါသည်။ စုစုပေါင်းအခွန်ရငွေတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အခွန်ဝင်ငွေမှာ ၈၃ ဒသမ ၄ ရာခိုင်နှုန်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အခွန်ရငွေသည် ၂၀၁၂ - ၂၀၁၃ ခုနှစ်တွင် ကျပ် ၃,၃၇၂ ဘီလီယံမှ ၂၀၁၆ - ၂၀၁၇ ခုနှစ်တွင် ကျပ် ၆,၅၁၇ ဘီလီယံသို့ တိုးမြင့်ရရှိလာသော်လည်း အခွန်ဝင်ငွေနှင့် ဂျီဒီပီအချိုးမှာ ၈ ဒသမ ၃ ရာခိုင်နှုန်းခန့်သာ ရှိပါသည်။ အာဆီယံအဖွဲ့ဝင် နိုင်ငံများ၏ အခွန်ဝင်ငွေနှင့် ဂျီဒီပီအချိုးမှာ ပျမ်းမျှခြင်းအားဖြင့် ၁၅ ရာခိုင်နှုန်းခန့်ဖြစ်ပါသည်။

**အစိုးရ၏အသုံးစရိတ်ကို အခွန်ဝင်ငွေကသာ အဓိကရရှိ**

နိုင်ငံတိုင်းတွင် အစိုးရ၏အသုံးစရိတ်ကို အခွန်ဝင်ငွေကသာ အဓိကရရှိကြပါသည်။ သင့်တင့်လျောက်ပတ်သည့် အခွန်ရရှိမှသာ နိုင်ငံ၏ ကာကွယ်ရေး၊ လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အခြေခံအဆောက်အအုံဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ပြီး နိုင်ငံ၏စီးပွားရေးတိုးတက်ကာ ပြည်သူများ၏လူနေမှု အဆင့်အတန်းကို တိုးတက် မြင့်မားစေမည်ဖြစ်ပါသည်။

၂၀၁၈ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကြမ်းတွင် ပြည်ထောင်စု၏ အခွန်အကောက်များကောက်ခံရန် မူလလျာထားချက်ကို ဇယား(၁) ဖြင့် ဖော်ပြရာတွင် ပြည်ထောင်စု၏ ဘတ်ဂျက်နှင့်အညီ ဖြစ်စေရန်အတွက် ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိခြောက်လတာကာလအတွက် အခွန်မှဝင်ငွေကို ကျပ် ၂,၇၉၁ ဘီလီယံ ခန့်မှန်းထားပါသည်။ အခွန်နှစ်ကိုမူ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှအပ ကျန်အခွန်ထမ်းအားလုံးအတွက် ဧပြီလ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိကာလအတိုင်း ဆက်လက်ထားရှိရမည်ဟု ဖော်ပြထားပါသည်။

**ဝင်ငွေခွန်ဥပဒေ**

ဝင်ငွေခွန်ဥပဒေကို "၁၉၇၄ ခုနှစ်ဝင်ငွေခွန်ဥပဒေ" အမည်ဖြင့် ၁၉၇၄ ခုနှစ်တွင် စတင်ပြဋ္ဌာန်းပါသည်။ ထိုဥပဒေပုဒ်မ ၁၄ တွင် **ဝင်ငွေရလမ်းမဖော်ပြနိုင်သည့်ဝင်ငွေ**နှင့် ပတ်သက်၍ မည်သို့အခွန်ထမ်းဆောင်ရမည်ကို ဖော်ပြထားပါသည်။ ၁၉၈၉ ခုနှစ်တွင် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်းပြီးနောက် ပုဒ်မ ၁၄-က **အခြားရလမ်းများမှဝင်ငွေ** နှင့် ပုဒ်မ ၁၄-ခ **အခွန်ထမ်း၏ စုစုပေါင်းဝင်ငွေတွင် ထည့်သွင်းရမည့်ဝင်ငွေများ** တို့ကို ဖြည့်စွက်လိုက်ပါသည်။

၂၀၀၆ ခုနှစ်တွင်လည်းကောင်း၊ ၂၀၁၁ ခုနှစ်၊ ၂၀၁၄ ခုနှစ် နှင့် ၂၀၁၆ ခုနှစ်တို့တွင်လည်းကောင်း ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေတို့ဖြင့် ထပ်မံပြင်ဆင်ဖြည့်စွက်မှုများပြုလုပ်ရာ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၄ သည် အောက်ပါအတိုင်းပြောင်းလဲဖြစ်ပေါ်လာပါသည်-

"၁၄။ **စည်းကြပ်မှုမှလွတ်ကင်းနေသောဝင်ငွေ** မည်သူမဆို မိမိမည်ကဲ့သို့ရရှိခဲ့သည်ကို အတိအကျမဖြေရှင်းနိုင်သည့် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း၊ သို့မဟုတ် ငွေအပါအဝင်ဖြစ်သော ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းတစ်ရပ်ရပ်အတွက် စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေခေါင်းစဉ်ဖြင့် ယင်းပစ္စည်းတန်ဖိုး သို့မဟုတ် ငွေအပေါ် တွင်အခွန်ထမ်းဆောင်ရမည်။ ဤပုဒ်မအရ ဝင်ငွေကို နည်းဥပဒေများဖြင့် ပြဋ္ဌာန်းသည့်အတိုင်း တွက်ချက်ရမည်ဟု ဖော်ပြထားပါသည်။

**အခွန်လွတ်ငြိမ်းချမ်းသာခွင့်**

အခွန်လွတ်ငြိမ်းချမ်းသာခွင့် (Tax Amnesty) ကို နိုင်ငံအများအပြားတွင် ကျင့်သုံးလေ့ရှိပါသည်။ မကြာမီကကျင့်သုံးလိုက်သော ဒေသတွင်းနိုင်ငံများမှာ အိန္ဒိယနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံသည် ၂၀၁၆ - ၂၀၁၇ ခု ဘဏ္ဍာရေးနှစ်အခွန်ဥပဒေတွင် အခန်း (၉) အဖြစ် ဝင်ငွေကြေညာချက်အစီအစဉ် ၂၀၁၆ (The Income Declaration Scheme 2016) ကို ပြဋ္ဌာန်းပါသည်။ အိန္ဒိယနိုင်ငံ၏ ဥပဒေအရယခင်ကရရှိသည့်ဝင်ငွေများအပေါ်တွင် အကြောင်းအမျိုးမျိုးကြောင့် ကျသင့်အခွန်များ ထမ်းဆောင်ရန် ပျက်ကွက်ထားသူများသည် သတ်မှတ်ကာလ လေးလအတွင်းတွင် ကြေညာပါက ကြေညာသော ဝင်ငွေအပေါ်တွင် ၄၅ ရာခိုင်နှုန်းအခွန်ထမ်းဆောင်ရမည်ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ၏ အခွန်လွတ်ငြိမ်း ချမ်းသာခွင့်ကြောင့် အမေရိကန် ဒေါ်လာ ၉ ဒသမ ၆ ဘီလီယံ နှင့်ညီမျှသောငွေများသည် အိန္ဒိယနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု နယ်ပယ်အတွင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရပါသည်။

**ရေရှည်အကျိုးအတွက် ရင်းနှီးမြှုပ်နှံမှု**

အင်ဒိုနီးရှားနိုင်ငံ၏ အခွန်လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေ (Law Regarding Tax Amnesty) ကို ဥပဒေ အမှတ် ၁၁ အဖြစ် ၂၀၁၆ ခုနှစ်တွင် သီးခြားဥပဒေဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေတွင် အခွန်ကင်းလွတ်ခွင့်ကာလကို ခြောက်လသတ်မှတ်ထားပြီး ကြေညာသည့်ဝင်ငွေအပေါ်တွင် ၂ ရာခိုင်နှုန်းမှ ၆ ရာခိုင်နှုန်းအကြား အခွန်ပေးဆောင်ရန် သတ်မှတ်ခဲ့ပါသည်။ အင်ဒိုနီးရှားနိုင်ငံ၏ အခွန်လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေကြောင့် အင်ဒိုနီးရှားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနယ်ပယ်အတွင်းသို့ အမေရိကန်ဒေါ်လာ ၃၃၀ ဘီလီယံနှင့် ညီမျှသောဝင်ငွေများ ပြန်လည်ဝင်ရောက်လာပါသည်။

နိုင်ငံအများစုတွင်အခွန်လွတ်ငြိမ်းချမ်းသာခွင့် ဥပဒေပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်မှာ အခွန်ရခြင်းထက်နိုင်ငံ၏ ရေရှည်အကျိုးအတွက် ရင်းနှီးမြှုပ်နှံမှု အရင်းအနှီးများပေါ်ပေါက်လာစေရန်ဖြစ်ပါသည်။ သို့မှသာ ပြည်သူများ အလုပ်အကိုင်ရရှိပြီး တိုင်းပြည်၏ ထုတ်လုပ်မှုတိုးတက်လာမည်ဖြစ်ပါသည်။

၁၉၇၄ ခုနှစ်မှ စတင်ပြဋ္ဌာန်းသော ဝင်ငွေခွန်ဥပဒေတွင် စည်းကြပ်မှုမှလွတ်ကင်းနေသောဝင်ငွေနှင့်ပတ်သက်၍ ပုဒ်မ တစ်ခုသီးခြားပါရှိသဖြင့် ၂၀၁၇ -၂၀၁၈ ခုဘဏ္ဍာရေးနှစ်အထိ နှစ်စဉ်ပြဋ္ဌာန်းသည့် အခွန်အကောက်ဥပဒေတွင် ထည့်သွင်းရေးဆွဲပြဋ္ဌာန်းခဲ့သော်လည်း အခွန်နှုန်းထားများမြင့်မားသဖြင့် မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက်နယ်ပယ်အတွင်းသို့ အရင်းအနှီးများပြန်လည်စီးဝင်မှုသိသိသာသာမရှိကြောင်း တွေ့ရှိရပါသည်။ ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတွင် အကြောင်းအမျိုးမျိုးကြောင့် အခွန်ပေးဆောင်ရန် လစ်ဟင်းခဲ့သော သို့မဟုတ် လျော့နည်းပေးဆောင်ခဲ့သော ဝင်ငွေများအပေါ်တွင် သက်သာသောနှုန်းထားဖြင့် အခွန်ထမ်းဆောင်နိုင်စေရန်ရေးဆွဲထားခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ရင်းနှီးမြှုပ်နှံမှုများ သိသိသာသာဝင်ရောက်လာ**

မြန်မာနိုင်ငံ၏ ဝင်ငွေခွန်ဥပဒေကိုလည်း အပြည်ပြည်ဆိုင်ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ အကူအညီဖြင့် အသစ်ရေးဆွဲပြီးဖြစ်ကြောင်းနှင့်လွှတ်တော်သို့ တင်သွင်းပြဋ္ဌာန်းရန်သာရှိတော့ကြောင်း သိရပါသည်။ ထိုဥပဒေသစ်ပြဋ္ဌာန်းပါက ၁၉၇၄ ခုနှစ် ဝင်ငွေခွန်ဥပဒေကို ဖျက်သိမ်းမည်ဖြစ်ပြီး စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေနှင့် ပတ်သက်၍လည်း ပြဋ္ဌာန်းချက်ပါရှိတော့မည်မဟုတ်တော့ကြောင်း သိရပါသည်။

သို့ဖြစ်၍ အကြောင်းမျိုးမျိုးကြောင့် ဝင်ငွေခွန်ပေးဆောင်ရန်ပျက်ကွက်ခဲ့ရသော အခွန်ထမ်းပြည်သူများအတွက် **ဤဥပဒေသည် နောက်ဆုံးအခွင့်အရေးပေးသည့် အခွန်လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေ (Tax Amnesty) ဖြစ်ပါသည်။** ပေးဆောင်ရမည့် အခွန်နှုန်းထားများကို အင်ဒိုနီးရှားနိုင်ငံ၏ အခွန်လွတ်ငြိမ်းချမ်းသာခွင့် ဥပဒေကဲ့သို့ သိသိသာသာလျှော့ချထားသဖြင့် ဝင်ငွေခွန်ရငွေများတိုးတက်လာမည့်အပြင် နိုင်ငံ၏ငွေကြေးဈေးကွက်အတွင်းသို့ ရင်းနှီးမြှုပ်နှံမှုများသိသိသာသာဝင်ရောက်လာပြီး တိုင်းပြည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် များစွာအထောက်အကူပြုမည် ဖြစ်ပါသည်။

ယခုဥပဒေမူကြမ်းသည် အကြောင်းအမျိုးမျိုးကြောင့် အခွန်ပေးဆောင်ရန် လစ်ဟင်းပျက်ကွက်နေသူများ နိုင်ငံတော်သို့အခွန်ပေးဆောင်နိုင်စေရန် အခွင့်အလမ်းဖိတ်ခေါ်ဖန်တီးပေးခြင်းဖြစ်ပြီး လက်တွေ့ပူးပေါင်းပါဝင်လုပ်ဆောင်ကြခြင်းဖြင့် ပြည်သူများအတွက် နိုင်ငံအတွက်များစွာ အကျိုးဖြစ်ထွန်းလာနိုင်မည်ဖြစ်ပါသည်။

လက်ရှိအစိုးရသည် နိုင်ငံ့စီးပွားတိုးတက်ရေးကို ဖော်ဆောင်နိုင်စေရန်အတွက် ရဲဝံ့ပြတ်သားသော ဆုံးဖြတ်ချက်ဖြင့် ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း ပုဒ်မ ၂၅ ကို ရေးဆွဲ၍ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလိုက်ခြင်းဖြစ်ကြောင်း သုံးသပ်ရသဖြင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ကြိုဆိုထောက်ခံပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

**"ပေးဆောင်ရမည့် အခွန်နှုန်းထားများကို အင်ဒိုနီးရှားနိုင်ငံ၏ အခွန်လွတ်ငြိမ်းချမ်းသာခွင့် ဥပဒေကဲ့သို့ သိသိသာသာလျှော့ချထားသဖြင့် ဝင်ငွေခွန်ရငွေများ တိုးတက်လာမည့်အပြင် နိုင်ငံ၏ငွေကြေးဈေးကွက် အတွင်းသို့ ရင်းနှီးမြှုပ်နှံမှုများ သိသိသာသာဝင်ရောက်လာပြီး တိုင်းပြည် တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် များစွာအထောက်အကူပြုမည်"**



သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး ပထမနေ့ ကျင်းပစဉ်။ သတင်းစဉ်

*ရှေ့ဖုံးမှ*

ထို့နောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများက "သာသနသဿစ လောကဿ ဝုဍ္ဎိဘဝတု သဗ္ဗဒါ"အစချီသော နှစ်ဂါထာကို တညီတညွတ်တည်း သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်တော်မူကြသည်။

**သံဃာထုအများစုက မျှော်လင့်နေ**

ယင်းနောက် အစည်းအဝေးသဘာပတိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသက အစည်းအဝေးဖွင့်သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူရာတွင် ယခုသတ္တမသက်တမ်းနှင့် လာမည့် အဋ္ဌမသက်တမ်းတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဆောင်ရွက်ချက်များသည် ရှေ့ရှေ့သက်တမ်းများမှာထက် အထူးတိုးတက် ကောင်းမွန်စေရေး ဆောင်ရွက်သင့်သည်ဟု သံဃာထုအများစုက မျှော်လင့်နေကြပါကြောင်း။

ယင်းသံဃာထုအများစု၏ မျှော်လင့်ချက်ပြည့်ဝအောင် ဆောင်ရွက်ရန် အရေးမှာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကိုချည်း လုံးဝပုံ၍ အားကိုးနေခြင်းဖြင့် ဖြစ်လာနိုင်မည်မဟုတ်ဘဲ "တစ်ယောက်အားဖြင့် ယူသော်မရ၊ တစ်သောင်းအားဖြင့် ယူသော်ရ၏" ဟူသော ဆိုရိုးစကားနှင့်အညီ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်သံဃနာယက အဖွဲ့များအားလုံး တက်တက်ကြွကြွ အဓိပတိတပ်သော လုံ့လဝီရိယဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ကြမှသာ ဖြစ်လာနိုင်မည်ဖြစ်ပါကြောင်း၊ သို့မှသာလျှင် "စုပေါင်းဆောင်ရွက်ခြင်း၊ စုပေါင်းဦးဆောင်ခြင်း၊ စုပေါင်းဆုံးဖြတ်ခြင်း" ဆိုသည့် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းပါ အခြေခံမူများနှင့် ကိုက်ညီမည် ဖြစ်ပါကြောင်း။

အရှင်မြတ်တို့ကို တိုက်တွန်းလိုသည်မှာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ဗုဒ္ဓဘာသာဝင် ဒကာ၊ ဒကာမတို့၏ သားငယ် သမီးငယ်များ မြတ်စွာဘုရား၏ အဆုံးအမတော်နှင့် မကင်းကွာရေးအတွက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ ပိုမိုတိုးတက်လာအောင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှတစ်ဆင့် ပညာရေးဝန်ကြီးထံ မေတ္တာရပ်ခံခဲ့ရာ ယခုအခါ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ အဆင့်တိုးမြှင့်ရေး ဥပဒေနှင့်အညီ ဆောင်ရွက်နေပါကြောင်း၊ ယင်းကျောင်းများ တည်တံ့ခိုင်မြဲ၍ တိုးတက်လာစေရန် မပေါ်ပေါက်သေးသော ဒေသများတွင် ပေါ်ပေါက်လာစေရန် ကျောင်းဖွင့်သင်ကြားပေးနေသော ရဟန်းတော်များ စိတ်ဓာတ်မကျအောင် တွန်းအားပေးလျက် အဘက်ဘက်မှ ကူညီစောင့်ရှောက်တော်မူကြရန်ကိုလည်း တိုက်တွန်းပါကြောင်း။

**စည်းလုံးညီညွတ်မှုကို ရှေးရှု**

သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများအရ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရဟန်းသာမဏေအားလုံးကို တာဝန်ခံဆောင်ရွက်ရမည့် လုပ်ငန်းကိစ္စ၊ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးနှင့် သံဃာစည်းလုံးညီညွတ်မှုကို တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းကိစ္စဟူသမျှသည် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဖြစ်ကြသည့် တပည့်တော်တို့ အရှင်ဘုရားတို့အားလုံး၏ တာဝန်ကြီးဖြစ်ကြသည်ဟု သဘောပေါက် သိမြင်တော်မူကြပြီး သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရန်၊ သံဃာတော်များ ဝိနည်းတရားတော်နှင့်အညီ ကျင့်ကြံသီတင်းသုံးနေထိုင်ရေးအတွက် သံဃာအချင်းချင်း ကြီးကြပ်ထိန်းသိမ်းသွားနိုင်ရန်၊ ပရိယတ္တိသာသနာတော် တိုးတက်စည်ပင်ပြန့်ပွားစေရန်နှင့် ပိဋကတ်တော်နှင့် မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို တားဆီးကာကွယ်ရန်၊ ပရိယတ္တိနှင့် လျော်ညီသော ပဋိပတ္တိသာသနာတော်ကို တိုးတက်စည်ပင်ပြန့်ပွားစေရန်၊ သံဃာတော်များသည် ဂန္ထဓုရနှင့် ဝိပဿနာဓုရနှစ်ပါးလုံးကို သော်လည်းကောင်း၊ တစ်ပါးပါးကို သော်လည်းကောင်း ဆောင်ရွက်နိုင်ကြစေရန်၊ သံဃာတော်များ ဓုရနှစ်ပါးကို အေးချမ်းသာယာစွာ ထမ်းဆောင်တော်မူခွင့်ရသဖြင့် ပဋိဝေဓသာသနာတော်ကို ရရှိနိုင်ကြစေရန်၊ သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်ရာ၌ သံဃာ့ဂိုဏ်းများသည် ကြီးသည်၊ ငယ်သည်မဟူ စည်းလုံးညီညွတ်မှုကို ရှေးရှု၍ ဆောင်ရွက်ကြရန်ဟူသော သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းမှု၏ ရည်ရွယ်ချက်များ ပြည့်ဝအောင်မြင်အောင် **ယောနိသောမန သိကာရ** လက်ကိုင်ထားကြလျက် အားထုတ် ဆောင်ရွက်တော်မူကြပါရန် တိုက်တွန်းပါကြောင်း မြွက်ကြားသည်။

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် သံဃာ့အဖွဲ့အစည်းကြီး အခိုင်အမာတည်တံ့ရေးအတွက် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများသည် အဓိကဖြစ်ပါကြောင်း၊ **"ဝိနယော နာမ သာသနဿ အာယု"၊ "ဝိနည်းဟူသည် မြတ်ဗုဒ္ဓသာသနာတော်၏ အသက်ဖြစ်၏။"** ဟူသော ဆရာတော်ကြီးများ ဟောကြားတော်မူသည့် စကားရပ်ဖြင့် ဥပမာယှဉ်၍ လျှောက်ထားရပါလျှင် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများသည်လည်း သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ကျစ်လျစ်စွာ တည်တံ့ရပ်တည်နိုင်ရေးနှင့် သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးတို့၏ အသက်သွေးကြောပင်ဖြစ်သည်ဟု ဆိုနိုင်ပါကြောင်း။

**တစ်ခုတည်းသော သံဃာ့အဖွဲ့အစည်း**

ဤသံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများသည် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးက ပယ်ဖျက်ရုပ်သိမ်းမှု မပြုသေးသမျှ ကာလပတ်လုံး တည်မြဲနေမည်သာဖြစ်ပါကြောင်း၊ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ တည်မြဲနေသမျှ ကာလပတ်လုံး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးမှစ၍ ရပ်၊ ကျေး သံဃနာယကအဖွဲ့ အထိ ဂိုဏ်းပေါင်းစုံပါဝင်သော တစ်ခုတည်းသော သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်သည်လည်း တည်မြဲနေမည်သာ ဖြစ်ပါကြောင်း၊ ထိုသံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့က လုပ်ထုံးလုပ်နည်းများတွင် ပြဋ္ဌာန်းထားသော မိမိတို့ဆိုင်ရာ လုပ်ငန်းတာဝန်များကို ကျေကျေပွန်ပွန် ထမ်းဆောင်ကြပါက ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးသည် ဆက်လက်သန့်ရှင်း တည်တံ့ခိုင်မြဲနေမည်သာ ဖြစ်ပါကြောင်း။

လက်ရှိအခြေအနေတွင် သာသနာတော်ကြီး အရှည်တည်တံ့ရေးအတွက် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်အနေဖြင့် အထက်အဖွဲ့အစည်း၏ ဆုံးဖြတ်ချက်ကို လက်အောက်သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်က လိုက်နာ ဆောင်ရွက်ခြင်း၊ အောက်ခြေ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်က ဓမ္မဝိနယနှင့်အညီ တင်ပြခြင်းများကို အထက်အဖွဲ့အစည်းက အလေးဂရုပြုခြင်း၊ သာသနာတော်ကြီး အစွန့်ရှည် တည်တံ့ပြန့်ပွားစေရန် အလေးပေး ဆောင်ရွက်နိုင်ကြစေရေးတို့ အတွက် ချမှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများနှင့်အညီ ရပ်၊ ကျေး သံဃနာယက၊ မြို့နယ်သံဃနာယက၊ တိုင်းဒေသကြီး၊ ပြည်နယ် သံဃနာယကများအနေဖြင့် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များနှင့် အညီ ရပ်၊ ကျေး၊ မြို့နယ်၊ တိုင်းဒေသကြီး၊ ပြည်နယ် သံဃာ့ဝန်ဆောင်အစည်းအဝေးများကို တစ်နှစ်တစ်ကြိမ်၊ သံဃနာယကအဖွဲ့ စုံညီအစည်းအဝေးများကို သုံးလတစ်ကြိမ် ကျင်းပဆွေးနွေးစေသင့်ပါကြောင်း၊ မိမိတို့ ရပ်၊ ကျေး၊ မြို့နယ်၊ တိုင်းဒေသကြီး၊ ပြည်နယ်၏ လက်ရှိ မျက်မှောက်သာသနာရေးဆိုင်ရာ အခက်အခဲများ၊ လိုအပ်ချက်များကို ဆွေးနွေးညှိနှိုင်း အဖြေရှာကြပြီး လိုအပ်ပါက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ တင်ပြလျှောက်ထားသင့်ပါကြောင်း၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ကလည်း သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်များထဲမှ ရွေးချယ်ခံထားတော်မူသော နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ အစည်းအဝေးသို့ တင်ပြဆွေးနွေး အဆုံးအဖြတ် ခံယူသင့်ပါကြောင်း၊ ဆုံးဖြတ်ချက်များအရ ဆောင်ရွက်ရမည့်ကိစ္စများကိုလည်း အောက်အဆင့်သံဃနာယက၊ သံဃာ့ဝန်ဆောင်အဖွဲ့များသို့ ညွှန်ကြားစေသင့်ပါကြောင်း။

သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သံဃာ့ဦးသျှောင် သာသနာ့ဝန်ဆောင် မထေရ်များ ဦးဆောင်၍ အထက်သံဃာ့အဖွဲ့အစည်းများနှင့် အောက်အဖွဲ့အစည်းတို့ ညီညီညွတ်ညွတ် တိုင်ပင်ညှိနှိုင်းကာ နိုင်ငံတော်အစိုးရ၏ အားပေးကူညီမှုဖြင့် မျက်ခြည်မပြတ် သတိချပ်လျက် တက်တက်ကြွကြွဖြင့် ဆောင်ရွက်ကြမည်ဆိုလျှင် ထေရဝါဒဗုဒ္ဓသာသနာတော်၏ ဂုဏ်ရှိန်ဝါသည် ဆန်းသစ်စလ၊ တက်သစ်စနေတို့၏ အရောင်အဆင်းကဲ့သို့ မြန်မာနိုင်ငံ၌ သာမက ကမ္ဘာအနှံ့ ပျံ့နှံ့ထိန်လင်းနိုင်မည် ဖြစ်ပါကြောင်း လျှောက်ထားသည်။

**အစားထိုးရွေးချယ်**

ထို့နောက် အစားထိုးရွေးချယ် တင်မြှောက်ခြင်းခံရသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်များ၊ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ဆရာတော်များ၏ ဘွဲ့အမည်စာရင်းကို တင်သွင်း၍ အတည်ပြုချက်ရယူပြီး တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျဉ်းကို အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသက တင်သွင်းလျှောက်ထားပြီး နံနက်ပိုင်း အစည်းအဝေးကို ရပ်နားသည်။

မွန်းလွဲပိုင်းတွင် အစည်းအဝေးကို ဆက်လက်ကျင်းပရာ အခမ်းအနားမှူးဆရာတော်က တစ်နှစ်တာကာလအတွင်း ပျံလွန်တော်မူသွားကြသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများအတွက် သံဝေဂဉာဏ်ပွားတော်မူကြောင်း မှတ်တမ်းတင်ပြီး တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျယ်ကို ကဏ္ဍအလိုက် သက်ဆိုင်ရာ ဆရာတော်များက ဖတ်ကြားတင်သွင်းကာ ပထမနေ့ အစည်းအဝေးကို ရပ်နားသည်။



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။ သတင်းစဉ်

**ဆွမ်းဆက်ကပ်လှူဒါန်း**

အစည်းအဝေးသို့ ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော်ဩဝါဒါစရိယ၊ နိုင်ငံတော်သံဃမဟာနာယကနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီး စုစုပေါင်း ၃၉၇ ပါးတို့အား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တာဝန်ရှိသူများက နဝကမ္မ အလှူတော်ငွေကျပ် ၂၇၃ သိန်းကို လည်းကောင်း၊ အလှူရှင် ဦးသိန်းမောင်-ဒေါ်ပါးပါး(စန္ဒီပရဆေး) မိသားစုက တစ်နေ့တာ ဆွမ်းကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့တော်ဝန်ဖလား ပန်းမန်ပြပွဲပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

၂၀၁၈ ခုနှစ် (၁၇)ကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား ပန်းမန်ပြပွဲပြိုင်ပွဲ အခမ်းအနားကို ဗဟန်းမြို့နယ်၊ ကန်တော်ကြီး၊ ပုလဲမဟာမြိုင်ကျွန်း၊ ဆင်ဖြူတော်ရုပ်ပြာသာဒ်အနီးတွင် မတ် ၂၃ ရက်မှ ၂၇ ရက်အထိ ငါးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ အဆိုပါ ပြပွဲပြိုင်ပွဲများတွင် ပြခန်းပေါင်း ၁၄ ခန်း ပါဝင်ပြသမည်ဖြစ်ပြီး ပြိုင်ပွဲတွင် ပြည်တွင်းသစ်ခွပြိုင်ပွဲ၊ ပြည်ပသစ်ခွပြိုင်ပွဲ၊ ပြည်ပသစ်ခွ ဒန်ဒိုဗီယမ်ပြိုင်ပွဲ၊ ပြည်ပသစ်ခွဗန်ဒါပြိုင်ပွဲ၊ သစ်ခွ Other ပြိုင်ပွဲ၊ ရာသီပန်းပင်ပြိုင်ပွဲ၊ ဘွန်ဇိုင်းပြိုင်ပွဲ၊ အရွက်လှ Indoor/ Outdoor ပြိုင်ပွဲ၊ နှင်းဆီပင်အမျိုးမျိုးနှင့် ပန်းအလှပြင်ဆင်ရေးပြိုင်ပွဲ၊ Land Scape ပြိုင်ပွဲ စုစုပေါင်း ၁၂ မျိုးဖြင့် ပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲလျှောက်လွှာများကို ပြိုင်ပွဲအမျိုးအစားတစ်မျိုးလျှင် တစ်စောင် ၁၀၀၀ ကျပ်နှုန်းဖြင့် လာမည့် မတ် ၅ ရက်မှစ၍ မြေပဒေသာကျွန်း ဒေါ်ဝိုင်းဝိုင်းမွန် ဖုန်း ၀၉-၅၀၀၄၈၅၅ ထံသို့ လည်းကောင်း၊ ဒဂုံမြို့နယ် ဦးဥတ္တမပန်းခြံ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ရုံးဖုန်း ၀၉-၁၃၇၁၀၀၃ သို့ လည်းကောင်း ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရေး ဘဏ္ဍာရေးခွင့်ပြုချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ဘဏ်လုပ်ငန်းဆိုင်ရာ မေးခွန်း ၁ ခု၊ ရွေးကောက်ပွဲဆိုင်ရာ မေးခွန်း ၁ ခုနှင့် ပညာရေးဆိုင်ရာ မေးခွန်း ၄ ခု မေးမြန်းဖြေကြားခြင်း၊ ကျန်းမာရေးဆိုင်ရာ အဆို ၁ ခု တင်သွင်းခြင်းနှင့် ဥပဒေကြမ်း ၁ ခု လွှတ်တော်သို့ အသိပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

**တောင်းဆိုနိုင်သည့် အခွင့်အရေးမရှိ**

သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ **ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ စည်ပင်သာယာရေးအဖွဲ့များမှ နှစ်အဆက်ဆက်စုဆောင်းထားရှိသည့် အစုရှယ်ယာနှင့် အရင်းအနှီးများအား ပြန်လည်တွက်ချက်၍ ထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် စည်ပင်သာယာရေးအဖွဲ့ပိုင် ငွေကြေးသည် ဥပဒေအရ နိုင်ငံတော်ပိုင် ငွေကြေးဖြစ်သည့်အတွက် ပုဂ္ဂလိကဘဏ် သို့မဟုတ် အများနှင့်မသက်ဆိုင်သော ဘဏ်အဖြစ် ပြောင်းလဲဆောင်ရွက်ခြင်းသည် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ညီ၊ မညီ ပြန်လည်စိစစ်ပေးနိုင်ခြင်း ရှိ၊မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းက ဘဏ်များကိုအစုရှယ်ယာဖြင့် ဖွဲ့စည်းထားရာ အကျိုးအမြတ်ရရှိပါက နှစ်စဉ်အမြတ်ဝေစုကို ထုတ်ပေးပါကြောင်း၊ သို့ရာတွင် အစုရှယ်ယာထည့်ဝင်ခြင်းသည် ဘဏ်အရင်းအနှီးငွေထည့်ဝင်ထားခြင်းဖြစ်သည့်အတွက် အစုရှယ်ယာများကို ပြန်အမ်းရန် တောင်းဆိုနိုင်သည့်အခွင့်အရေးမရှိပါကြောင်း၊ ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်းပြုလုပ်သည့်အခါမှသာ ပေးရန်၊ ရရန်များကို စာရင်းရှင်းလင်းပြီး ပိုငွေကို အစုရှယ်ယာအချိုးအစားအလိုက် ပြန်လည်ခွဲဝေပေးမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စည်ပင်သာယာရေးအဖွဲ့များမှ နှစ်အဆက်ဆက်စုဆောင်းထားရှိသည့် အစုရှယ်ယာနှင့် အရင်းအနှီးများအား ပြန်လည်တွက်ချက်၍ ထုတ်ပေးရန် ဥပဒေလုပ်ထုံးလုပ်နည်းဆိုင်ရာအရ ဖြစ်နိုင်ဖွယ်မရှိပါကြောင်း။

စည်ပင်သာယာရေးအဖွဲ့ပိုင် ငွေကြေးသည် ဥပဒေအရ နိုင်ငံပိုင်ငွေကြေးဖြစ်သည့်အတွက် အစုရှယ်ယာဝင် နိုင်ငံတော်အဖွဲ့အစည်းသည် နိုင်ငံတော်ကချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**မဲဆန္ဒရှင်စာရင်းများကို ကောက်ယူသွားမည်**

ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး၏ **လွှတ်တော်သို့ ပြည်သူ့ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရာတွင် ဥပဒေပြဋ္ဌာန်းချက်ပါ မဲဆန္ဒပေးခွင့်ရှိသူတိုင်း မဲစာရင်း၌ပါရှိပြီး မဲစာရင်းကောက်ယူခြင်းများကို မည်သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ်က မဲဆန္ဒရှင်စာရင်း ကောက်ယူရာ၌ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်း ရရှိရေးအတွက် နိုင်ငံတော်၏ ဘဏ္ဍာရေးခွင့်ပြုချက်နှင့်အညီ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လျာထားစီမံဆောင်ရွက်လျက် ရှိပါကြောင်း၊ ထိုသို့လျာထား စီမံဆောင်ရွက်ချက်အရ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ကြီးကြပ်မှုဖြင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများတွင်ရှိသည့် လူဦးရေစာရင်းကို အခြေခံ၍ ပြုစုသွားမည်ဖြစ်ပါကြောင်း၊ မဲဆန္ဒရှင်များ ပြည့်စုံမှန်ကန်မှုရှိစေရန် သေဆုံးသွားသူများနှင့် ပြောင်းရွှေ့ရောက်ရှိလာသူများအတွက် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် ပူးပေါင်းဆောင်ရွက်၍ မဲဆန္ဒရှင်စာရင်းများကို ကောက်ယူသွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၏ **လွိုင်လင်မြို့နယ် မိုင်းပွန်အခြေခံပညာအထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် မိုင်းပွန်စာစစ်ဌာနတစ်ခု ဖွင့်လှစ်ခွင့်ပြုပါရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့နယ် မိုင်းပွန် အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲသို့ ကျောင်းသား၊ ကျောင်းသူ ၁၃၃ ဦး ဝင်ရောက်ဖြေဆိုမည်ဖြစ်ပြီး မိုင်းပွန်အခြေခံပညာအထက်တန်းကျောင်းအား ၂၀၁၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနအသစ်အဖြစ် ဖွင့်လှစ်ခွင့်ပြုထားပြီးဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

လိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၏ **စာသင်ကျောင်းဟောင်းများအား ကျောင်းသူ၊ ကျောင်းသားအင်အား၊ စာသင်ခုံများ၊ ပရိဘောဂများ ဟောင်းနွမ်းပျက်စီးမှု အနေအထားအပေါ်မူတည်၍ ကျောင်းသုံးပရိဘောဂများနှင့် သင်ထောက်ကူပစ္စည်းများ စိစစ်ခွင့်ပြုချက်ချထားပေးရန် အစီအစဉ်ရှိ၊မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနအနေဖြင့် အခြေခံပညာကျောင်းများသို့ စာသင်ခုံ၊ ပရိဘောဂများ ခွဲဝေပေးရာတွင် ဘဏ္ဍာရေးနှစ်၏ တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်မည့် ကျောင်းများကို ဦးစားပေးခွဲဝေဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် အခြေခံပညာကျောင်းများတွင် လက်ရှိစာသင်ခုံ၊ ပရိဘောဂများ ပျက်စီးနေပါက ပရိဘောဂပြင်ဆင်စရိတ်များအဖြစ် ရန်ပုံငွေခွဲဝေပေးပြီး ပျက်စီးမှုများကိုလည်း ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

> “စည်ပင်သာယာရေးအဖွဲ့ပိုင် ငွေကြေးသည် ဥပဒေအရ နိုင်ငံပိုင်ငွေကြေးဖြစ်သည့်အတွက် အစုရှယ်ယာဝင် နိုင်ငံတော်အဖွဲ့အစည်းသည် နိုင်ငံတော်က ချမှတ်ထားသည့် စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ကြရမည်”

အလားတူ ငါန်းဇွန်းမဲဆန္ဒနယ်မှ ဦးမင်းသိန်း၏ **ငါန်းဇွန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမြို့သာတွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၌ ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်ပေးခဲ့သော်လည်း ကျောင်းသားအင်အားအရ ထပ်မံလိုအပ်လျက်ရှိသော ကျောင်းဆောင်နှင့် သိပ္ပံခန်း၊ စာကြည့်တိုက်တို့ပါ ချမှတ်ပေးနိုင်ခြင်း ရှိ၊မရှိ** မေးခွန်းနှင့် တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း၏ **အစိုးရသစ်လက်ထက်အတွင်း မြေလတ်ပိုင်းဒေသတွင် ပညာရေးတက္ကသိုလ်တစ်ခုဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့ပြင် ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ်က **ကျန်းမာသန်စွမ်းသော အနာဂတ်လူငယ်များ ဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက် ကျောင်းကျန်းမာရေး လုပ်ငန်းများကို နိုင်ငံတော်အဆင့်မူဝါဒချမှတ်ကာ သင့်လျော်သော ဘဏ္ဍာငွေကို နှစ်စဉ်ထည့်သွင်းသတ်မှတ်ပြီး နိုင်ငံတော်နှင့်ဆီလျော်ကိုက်ညီသော နည်းလမ်းကောင်းများကို အသုံးပြုလျက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်အတူ ဆက်စပ်နီးနွှယ်သည့် ဝန်ကြီးဌာနများပေါင်းစပ်ညှိနှိုင်း၍ ရေရှည်စီမံချက်တစ်ရပ် ရေးဆွဲဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကိုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

**အမျိုးသား ကျန်းမာရေးစီမံကိန်း**

ယခုအဆိုသည် တစ်နိုင်ငံလုံးရှိ ကျောင်းသား၊ ကျောင်းသူများအား ကိုယ်စားပြုခြင်း၊ မိမိတို့ပေးလိုသည့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုများ၊ အခြားသော အသိပညာပေးလိုသည့် အကြောင်းအရာများကို ၎င်းတို့၏ မိသားစုများထံ သယ်ဆောင်ပေးသွားနိုင်ပြီး တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့် အဆိုဖြစ်ခြင်း၊ နိုင်ငံတော်မှ ရှေ့ဆက်အကောင်အထည်ဖော်မည့် အမျိုးသားကျန်းမာရေးစီမံကိန်းကို တစ်စိတ်တစ်ဒေသ အထောက်အကူပြုနိုင်ခြင်းတို့ကြောင့် အဆိုကို တင်သွင်းရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသူရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာသည့် **“ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”**ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးပြီး ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**မျိုးမြင့် (သတင်းစဉ်)**

# JICM အစည်းအဝေးများ လာမည့်ဖေဖော်ဝါရီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ကျင်းပမည်

**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ဆိုင်ရာ အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) အစည်းအဝေးများ လာမည့်ဖေဖော်ဝါရီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ကျင်းပမည်ဖြစ်ကြောင်း ငြိမ်းချမ်းရေးကော်မရှင်(Peace Commission- PC) နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement- NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အလွတ်သဘောတွေ့ဆုံဆွေးနွေးပွဲမှ သိရသည်။** (အောက်ပုံ)



အဆိုပါတွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ပြုလုပ်ခဲ့သည်။

**ကြိုတင်ပြင်ဆင်**

ယနေ့ပြုလုပ်သည့် အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုသည် လာမည့် ဖေဖော်ဝါရီ ၂၆ ရက်တွင် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအစည်းအဝေး၊ ၂၇ ရက်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးနှင့် ၂၈ ရက်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်ဆိုင်ရာ အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) များ ကျင်းပရာတွင် ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် ဖြစ်ကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) ဒုတိယဥက္ကဋ္ဌ ရဲဘော်မျိုးဝင်းထံမှ သိရသည်။

ရဲဘော်မျိုးဝင်းက “ကျွန်တော်တို့ တွေ့တာက NCA လက်မှတ်ရေးထိုးထားတဲ့ အပစ်ရပ်အဖွဲ့ ၁၀ ဖွဲ့အနေနဲ့ တွေ့တာ၊ အဓိကက အခုလာမယ့် အစည်းအဝေးတွေအတွက် ကြိုတင်ပြင်ဆင်ညှိနှိုင်းတာပါ၊ UPDJC မှာ NCA လက်မှတ်ရေးထိုးတဲ့ အဖွဲ့အစည်းတိုးလာတဲ့အလျောက် ပြန်လည်ဖွဲ့စည်းရမှာဆိုတော့ အလွတ်သဘောနှစ်ဖက်အမြင် တွေ့ဆုံဆွေးနွေးတာပါ”ဟု ပြောသည်။

**လက်မှတ်ရေးထိုး**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ယခင်ကတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၈ ဖွဲ့သာလက်မှတ်ရေးထိုးထားသော်လည်း ဖေဖော်ဝါရီ ၁၃ ရက်က မွန်ပြည်သစ်ပါတီ (NMSP) နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) တို့သည်လည်း NCA လက်မှတ်ရေးထိုးခဲ့သောကြောင့် ယခုအခါတွင် NCA လက်မှတ်ရေးထိုးသည့် အဖွဲ့အစည်း ၁၀ ဖွဲ့အထိ ရှိလာခဲ့ပြီဖြစ်သည်။

“လာမယ့်ဖေဖော်ဝါရီ ၂၆ ရက်၊ ၂၇ ရက်နဲ့ ၂၈ ရက် ဆွေးနွေးပွဲတွေမှာဆွေးနွေးမယ့် အစီအစဉ်တွေ၊ အကြောင်းအရာတွေကို အရင်ညှိတယ်၊ အကြမ်းဖျင်းတိုင်ပင်ကြတယ်၊ RCSS နဲ့ NMSP တို့ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲလုပ်မယ့်အကြောင်းအရာတွေလည်း ပါပါတယ်”ဟု ရဲဘော်မျိုးဝင်းက ပြောသည်။

ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) နှင့် မွန်ပြည်သစ်ပါတီ (NMSP) တို့၏ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခွင့်ရရှိပါက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးကျင်းပမည့်ရက် သတ်မှတ်နိုင်မည်ဖြစ်သည်ဟု ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဦးစီးဌာန

*စာမျက်နှာ ၉ သို့*

# ရေးနှင့်သံဖြူဇရပ်မြို့များတွင် FO လောင်စာသုံးဓာတ်အားပေးစက်ရုံတည်ဆောက်ပြီး ဓာတ်အားဖြန့်ဖြူးပေးရန် ဆောင်ရွက်ခွင့်ပေးထား




**"သံဖြူဇရပ်-ရေး ဓာတ်အားလိုင်းမှ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၀ ဒသမ ၅ မိုင် တည်ဆောက်၍ သံဖြူဇရပ်မြို့နယ် အနင်းကျေးရွာတွင် ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် လည်းကောင်း၊ လမိုင်းမြို့နယ်နှင့် ခေါဇာမြို့တို့တွင် ဓာတ်အားခွဲရုံတစ်ရုံစီ တည်ဆောက်ခြင်းကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် လည်းကောင်း ငါးနှစ်စီမံကိန်းတွင် ဆောင်ရွက်ရန်လျာထားပြီးဖြစ်"**

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး ၂၂ ရက် မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသား လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အစီရင်ခံစာတစ်ခု ဖတ်ကြားတင်ပြခြင်းတို့ ဆောင်ရွက်ကြသည်။ **(ယာပုံ)**

**အရေးကြီးသည့် နည်းဗျူဟာ**

အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်ကျော်ဇံ၏ **ကမ်းရိုးတန်းဒေသ ရခိုင်ပြည်နယ်အတွက် ဆေးကုရေယာဉ် "Swimming Doctor" အနည်းဆုံးတစ်စင်း ခန့် (သို့မဟုတ်) လုံလောက်စွာချထားပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းများနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမြင့်ထွေးက Swimming Doctor ဖြစ်စေ၊ Mobile Team ဖြစ်စေ သွားလာရေးခက်ခဲသည့်ဒေသ၊ လုံခြုံရေးကောင်းသည့် ဒေသများတွင် အသုံးဝင်ပါကြောင်း၊ ကျန်းမာရေးအဆင့်နိမ့်နေသည့် နေရာများတွင် လုပ်သင့်ပါကြောင်း၊ ကျန်းမာရေးဆေးခန်းဖွင့်ရန် ခက်ခဲသည့် နေရာတွင်လည်း လုပ်သင့်ပါကြောင်း၊ ထူးခြားသော ကျန်းမာရေးပြဿနာများရှိသည့် နေရာတွင်လည်း အသုံးဝင်ပါကြောင်း၊ ကပ်ရောဂါဖြစ်သည့်အချိန်တွင်လည်း လုပ်ဆောင်ရပါကြောင်း၊ ကြီးကျယ်သောရောဂါတစ်ခုဖြစ်တော့မည်ဆိုလျှင်လည်း ယခုကဲ့သို့ လုပ်ဆောင်ရပါကြောင်း၊ Mobile Team သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအတွက် အလွန်အရေးကြီးသည့် နည်းဗျူဟာတစ်ခုဖြစ်ပါကြောင်း၊ Mobile Team အတွက် သဘော်ရှိလျှင် ပြင်ဆင်ရန် အဆင်သင့်ဖြစ်ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် Mobile Team ကို ထည့်ရန် စဉ်းစားထားပါကြောင်း၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့အတွက် နှစ်စင်းထားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၏ **လျှပ်စစ်မီးကို ဈေးနှုန်းကြီးမြင့်စွာ ဝယ်ယူသုံးစွဲနေရသော ရေးမြို့နယ်အတွင်းရှိ ပြည်သူများကို မဟာဓာတ်အားလိုင်း မရောက်ရှိသေးမီစပ်ကြား ကုန်ကျစရိတ်အထိုက်အလျောက် သက်သာမှုရှိစေရန် နိုင်ငံတော်မှ မည်ကဲ့သို့ ယာယီထောက်ပံ့ကူညီမှုပေးနိုင်မည်ကို သိရှိလိုခြင်းနှင့် စီစဉ်ဆောင်ရွက်လျက်ရှိသော မဟာဓာတ်အားလိုင်းစီမံကိန်းသည် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ရေးမြို့နယ်သို့ ရောက်ရှိမည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က မွန်ပြည်နယ် မော်လမြိုင်ခရိုင် ရေးမြို့နယ်တွင် National Grid မှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးခြင်းမရှိပါကြောင်း၊ ယခုအချိန်တွင် မြတ်သူရကုမ္ပဏီမှ ဒီဇယ်ဓာတ်အားပေးစက်များဖြင့် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ National Grid မရောက်ရှိမီတွင် လျှပ်စစ်ဓာတ်အားကို ယခုထက်ပို၍တိုးတက်ရရှိရန်နှင့် လျှပ်စစ်ဓာတ်အားခဈေးနှုန်း ယခုထက်ပို၍ ကျဆင်းလျော့နည်းရေးအတွက် မွန်ပြည်နယ်အစိုးရမှ ဆောင်ရွက်လျက်ရှိရာ ရေးမြို့နယ်နှင့် သံဖြူဇရပ်မြို့များတွင် ၃၀ မဂ္ဂါဝပ်ဓာတ်အားသုံးနိုင်မည့် FO လောင်စာသုံး ဓာတ်အားပေးစက်ရုံတည်ဆောက်ပြီး အနီးအနားတွင်ရှိသည့် ကျေးရွာများကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန် မွန်ပြည်နယ်အစိုးရက Bedok Construction & Engineering Co.,Ltd ကို လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်ထုတ်ပြီး ဆောင်ရွက်ခွင့်ပေးထားပြီး ဖြစ်ပါကြောင်း။

မွန်ပြည်နယ် လျှပ်စစ်ဓာတ်အားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနက မော်လမြိုင်မှ သံဖြူဇရပ်သို့ ၆၆ ကေဗွီ ဓာတ်အားလိုင်း မိုင် ၄၀ ကျော်နှင့် ထရန်စဖော်မာသုံးလုံး ပါဝင်သည့် ဓာတ်အားခွဲရုံကို သံဖြူဇရပ်တွင် တည်ဆောက်ရန် Turnkey စနစ်ဖြင့် ငွေကျပ်သန်းပေါင်း ၉၈၀၀ ခန့် အကုန်အကျခံကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြီးစီးမှုတွင် ဓာတ်အားလိုင်းသည် ၃၃ ရာခိုင်နှုန်းနှင့် ဓာတ်အားခွဲရုံမှာ ၈၀ ရာခိုင်နှုန်းနီးပါးပြီးစီး၍ ၂၀၁၈ ခုနှစ်တွင် ပြီးစီးအောင် ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ အဆိုပါ သံဖြူဇရပ်ဓာတ်အားခွဲရုံ ပြီးစီးလျှင် သံဖြူဇရပ်မှ ရေးဓာတ်အားလိုင်း မိုင် ၆၀ နှင့် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ရေးဓာတ်အားခွဲရုံစီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အောက်တိုဘာလမှ စက်တင်ဘာလအတွင်းတွင် ရန်ပုံငွေကျပ်သန်းပေါင်း ၁၂၇၄ သန်းခန့်ကို လျာထားတင်ပြပြီး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ တည်ဆောက်ကာလသည် နှစ်နှစ်ခန့် အချိန်ယူရမည်ဖြစ်ပါကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် National Grid မှ ရေးမြို့နယ်သို့ စတင်ဓာတ်အားရောက်ရန် ဆောင်ရွက်နေပါကြောင်း။

**ဓာတ်အားခွဲရုံများ တည်ဆောက်**

သံဖြူဇရပ်-ရေး ဓာတ်အားလိုင်းမှ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၀ ဒသမ ၅ မိုင် တည်ဆောက်၍ သံဖြူဇရပ်မြို့နယ် အနင်းကျေးရွာတွင် ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း၊ လမိုင်းမြို့နယ်နှင့် ခေါဇာမြို့တို့တွင် ဓာတ်အားခွဲရုံတစ်ရုံစီတည်ဆောက်ခြင်းကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း ငါးနှစ်စီမံကိန်းတွင် ဆောင်ရွက်ရန်လျာထားပြီး ဖြစ်ပါကြောင်း၊ ဓာတ်အားခွဲရုံများတည်ဆောက်ပြီးစီးလျှင် ပတ်ဝန်းကျင်ကျေးရွာများသို့ ဓာတ်အားဖြန့်ဖြူးပေးရန်အတွက် မွန်ပြည်နယ်အစိုးရနှင့် ဝန်ကြီးဌာနတို့ ညှိနှိုင်းပူးပေါင်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော်၏ **ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်ရှိ စက်သား-အလယ်ချောင်း-ဇီးပင်ကြီး-နတ်ချောင်းကျေးရွာချင်းဆက်လမ်းကို ကျောက်ခင်းလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက မြောက်ဦးမြို့နယ်အတွင်းရှိ စက်သား-အလယ်ချောင်း-ဇီးပင်ကြီး-နတ်ချောင်းကျေးရွာချင်းဆက်လမ်း အရှည် ၁၂ မိုင်သည် ဒေသခံများက ကိုယ်ထူကိုယ်ထဖောက်လုပ်ထားသောလမ်း ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် လမ်းပိုင်းအချို့အား ဆောင်ရွက်လျက်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းစာရင်းတွင် ပါဝင်ခြင်းမရှိသေးပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းအဖြစ်လမ်းစာရင်း အမည်ပေါက်ရန် သိမ်းသွင်းမည်ဆိုပါက ပထမဦးစွာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြသွားရမည်ဖြစ်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အဆိုပါလမ်းနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းအဖြစ် သိမ်းသွင်းပြီးပါက ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေများတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

**ရှင်းလင်းဖြေကြား**

ဆက်လက်၍ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးယောနာနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးချစ်ထွေးတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်ပါသည့် အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ဒေါ်ကျင်ဇိုက်မန်က ဖတ်ကြားတင်ပြသည်။

ယင်းနောက် ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၇ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ **အေးအေးသန့်(သတင်းစဉ်)**

---

# မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း**

**( ၂၀၁၇ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။)**

**၁၃၇၈ ခုနှစ်၊ လ ရက်**

**(၂၀၁၇ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကိုမြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဏ)တွင် "သတ္တုတွင်းဝန်ကြီးဌာန" ဆိုသည့် စကားရပ်အစား "သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(က) တွင်ပါရှိသော "အစိုးရ၏" ဆိုသည့် စကားရပ်၏ရှေ့တွင် "ပြည်ထောင်စု" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၄။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ(က) တွင်ပါရှိသော "အစိုးရအဖွဲ့၏" ဆိုသည့် စကားရပ်၏ရှေ့တွင် "ပြည်ထောင်စု" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၅။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဂ)တွင် ပါရှိသော "အခကြေးငွေ" ဆိုသည့် စကားရပ်အစား "အခွန်အခ" ဆိုသည့် စကားရပ်ကို အစားထိုးရမည်။

၆။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) ပုဒ်မ၅၊ ပုဒ်မခွဲ(ခ)အရ ခွင့်ပြုမိန့်ရရှိသူသည်ဝန်ကြီးဌာနက သတ်မှတ်ထားသည့်အခွန်အခများကို မြန်မာငွေဖြင့် သတ်မှတ်ချက်များနှင့်အညီ ပေးဆောင်ရမည်။"

၇။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဈ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဈ) သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးရမည်။"

၈။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မှတ်ကောင်ငုပ်ကွက်များကို အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်။"

၉။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၁၄ တွင်ပါရှိသော"အစိုးရအဖွဲ့၏"ဆိုသည့် စကားရပ်၏ရှေ့တွင် "ပြည်ထောင်စု"ဆိုသည့် စကားရပ်ကိုဖြည့်စွက်ရမည်။

၁၀။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၃၇ တွင် ပုဒ်မ ၃၇-ကအဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၃၇-က ဝန်ကြီးဌာနသည် ပုလဲထုတ်လုပ်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းအား ခွင့်ပြုမိန့်ရရှိသူနှင့် ဖက်စပ် သို့မဟုတ် အကျိုးတူလုပ်ငန်းလုပ်ကိုင်ခြင်းအတွက် စာချုပ်များကို ချုပ်ဆိုဆောင်ရွက်ခွင့်ပြုနိုင်သည်။"

---

*စာမျက်နှာ ၈ မှ*

ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက မွန်ပြည်သစ်ပါတီ (NMSP)နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) တို့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်းနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတွင် ဖြေကြားထားသည်။

ထို့ကြောင့် ဖေဖော်ဝါရီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်ဆိုင်ရာ အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) များ အပြီးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးကျင်းပမည့်ရက်ကို သိရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှာ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA)၊ ကေအင်န်ယူ-ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ကရင်အမျိုးသားအစည်းအရုံး- ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) (KNU/ KNLA-PC)၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် ( PNLO)၊ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ / ရှမ်းပြည်တပ်မတော် (RCSS/ SSA)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)၊ ချင်းအမျိုးသားတပ်ဦး (CNF)၊ မွန်ပြည်သစ်ပါတီ (NMSP) နှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံး (LDU) တို့ ဖြစ်သည်။

**သတင်း-ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-NCA-S-EAO**

# UEHRD စီမံကိန်းလုပ်ငန်းများအတွက် အလှူငွေကျပ် သိန်း ၅၀၀၀ ပေးအပ်လှူဒါန်း



**နေပြည်တော် ဖေဖော်ဝါရီ ၂၃**
ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး ပြည်ထောင်စုစီမံကိန်း (UEHRD)၏ လုပ်ငန်းများဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးရုံးမူနှင့်အဖွဲ့မှ လှူဒါန်းငွေကျပ်သိန်း ၅၀၀၀ ကို ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက် ပေးအပ်လှူဒါန်းရာ UEHRD ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု တိုင်းရင်းသားကျေးရွာများတည်ဆောက်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

**မောင်တော ဖေဖော်ဝါရီ ၂၃**
ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ဖေဖော်ဝါရီ ၂၂ ရက်က ရခိုင်ပြည်နယ် စစ်တွေမြို့မှတစ်ဆင့် ဘူးသီးတောင်မြို့နယ်သို့ ရေကြောင်းခရီးဖြင့် ရောက်ရှိကြပြီး မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မောင်တောခရိုင်အတွင်းရှိ တိုင်းရင်းသားကျေးရွာများ ပြန်လည်တည်ဆောက်နေမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ အိုးထိန်း၊ သစ်တုံးနားခွဆုံ၊ ခုံတိုင်၊ မြဝတီနှင့် မင်းကြီးရွာ (ရွာသစ်) ကျေးရွာများ၌ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း ပြီးစီးရေး၊



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု အိုးထိန်းကျေးရွာ၌ ဆောက်လုပ်လျက်ရှိသည့် နေအိမ်များအား ကြည့်ရှုစစ်ဆေးစဉ်။

စံချိန်စံညွှန်းပြည့်မီစေရေး ကြိုးပမ်းလုပ်ဆောင်ရန် ဝန်ကြီးချုပ်က မှာကြားပြီး ဒေသခံပြည်သူများ၏ လိုအပ်ချက်များ တင်ပြမှုအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ အဆိုပါကျေးရွာများတွင် ရခိုင်၊ မြို၊ ခမီ၊ ဒိုင်းနက်၊ သက် အစရှိသည့် တိုင်းရင်းသားများနှင့် နေရပ်စွန့်ခွာရာမှ ပြန်လည်ရောက်ရှိလာကြမည့်သူများအား နေရာချထားပေးမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မောင်တောမြို့ ရပ်ကွက်(၄)၌ ဟိန္ဒူဘာသာဝင်များ နေထိုင်ရန်အတွက် နေအိမ်များ ပြန်လည်တည်ဆောက်ရန် မြေနေရာ ပြုပြင်ထားမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး ဇောတိကာရုံဘုန်းကြီးကျောင်းအနီး၌ နေအိမ်များ တည်ဆောက်နေမှုကို လည်းကောင်း၊ ကိုင်းကြီးရွာ၌ စာသင်ကျောင်းနှင့် နေအိမ်များ တည်ဆောက်နေမှုကိုလည်းကောင်း၊ ကျောက်ပန္နာနှင့် အင်းဒင်ကျေးရွာများတွင် နေအိမ်များ တည်ဆောက်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ အိမ်ရာများ သတ်မှတ်ချိန်အတွင်း ပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီစေရေး လုပ်ဆောင်ရန် မှာကြားပြီး ဒေသခံပြည်သူများ၏ လိုအပ်ချက်များ တင်ပြမှုအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အငူမော်ရှိ အေးရှားဝေါလ်ကုမ္ပဏီသို့ ရောက်ရှိပြီး မောင်တော-အငူမော်လမ်း တည်ဆောက်နေမှု အခြေအနေများကို မေးမြန်းရာ လမ်းဦးစီးဌာနနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ အငူမော်မှတစ်ဆင့် စစ်တွေမြို့သို့ ရေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။ **ဟိန်းဇော်ထက်၊ ဓာတ်ပုံ-ရာမည**



ခုံတိုင်ကျေးရွာ၌ ဆောက်လုပ်လျက်ရှိသည့် နေအိမ်များကို တွေ့ရစဉ်။



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ကိုင်းကြီးရွာ၌ ဒေသခံပြည်သူများအား တွေ့ဆုံစဉ်။

❒ *ကျောဖုံးမှ*

မြန်မာပြည် ကချင်ပြည်နယ်ဖွား အောင်လအန်ဆန်သည် ၂၀၁၆ခုနှစ် မတ် ၁၈ ရက်တွင် မြန်မာနိုင်ငံ၌ ဒုတိယအကြိမ်မြောက် ကျင်းပသော MMA ပြိုင်ပွဲ၌ အီဂျစ်နိုင်ငံသား မိုဟာမက်အလီနှင့် အမိမြေ၌ စတင်ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။ ယင်းပွဲတွင် အီဂျစ်နိုင်ငံသား မိုဟာမက်အလီကို ဂျူဂျစ်စုနည်းဖြင့် အနိုင်ရခဲ့ပြီး ငါးလအကြာ စက်တင်ဘာ ၆ ရက်တွင် ပိုလန်နိုင်ငံသား မိုက်ကယ်ပတ်စတားနက်နှင့် ဒုတိယမြောက် ယှဉ်ပြိုင်ထိုးသတ်ရာတွင်လည်း အမှတ်ဖြင့် အနိုင်ရခဲ့ပြန်သည်။ ယင်းနောက် အမိမြေ မြန်မာနိုင်ငံ၌ တတိယအကြိမ်မြောက် ယှဉ်ပြိုင်ထိုးသတ်ခဲ့သော MMA မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲတွင် ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်ကို အမှတ်ဖြင့်အနိုင်ရခဲ့ပြီး လက်ရှိမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို ပိုင်ဆိုင်ခွင့်ရခဲ့ကာ ပြီးခဲ့သော ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ယှဉ်ပြိုင်ထိုးသတ်ခဲ့သော အလိန်းနဂါလာနီနှင့် ပွဲတွင်လည်း အောင်လအန်ဆန်အနေဖြင့် ဒုတိယအချီတွင် ဂျူဂျစ်စုနည်းသုံးကာ အနိုင်ရခဲ့သည်။

ယနေ့ ယှဉ်ပြိုင်ထိုးသတ်သော လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ရှစ် ခါးပတ်လုပွဲသည် အောင်လအန်ဆန်အနေဖြင့် အမိမြေ၌ ငါးကြိမ်မြောက် ယှဉ်ပြိုင်ထိုးသတ်ခြင်းဖြစ်ပြီး မချာဒိုကို ပထမအချီ ၃၆ စက္ကန့်အတွင်းမှာပင် ညာခြေကန်ချက်ဖြင့် ပွဲသိမ်းအနိုင်ယူကာ MMA ၏ လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ခါးပတ်တို့ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်၍ လက်ရှိတွင် အောင်လအန်ဆန်သည် MMA ၏ လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်နှင့် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်တို့ကို ပိုင်ဆိုင်သွားပြီဖြစ်သည်။

"ဒီနေ့ပွဲအတွက် ကျွန်တော် အလွန်ပဲပျော်ပါတယ်၊ လာရောက်အားပေးတဲ့ မြန်မာနိုင်ငံရဲ့ပရိသတ်ကြီးကိုလည်း အထူးကျေးဇူးတင်ပါတယ်၊ ခါးပတ်နှစ်ခု ပိုင်ဆိုင်ခွင့်ရလို့ ဝမ်းသာသလို တာဝန်လည်း အလွန်ကြီးသွားပါပြီ၊ ဘာကြောင့်ပဲဖြစ်ဖြစ်၊ ဘယ်သူပဲစိန်ခေါ်ခေါ် ဒီဝိတ်တန်းနှစ်ခုရဲ့ ချန်ပီယံခါးပတ်ကိုတော့ အတတ်နိုင်ဆုံးကာကွယ်ယှဉ်ပြိုင်ထိုးသတ်သွားမှာပါ"ဟု ခါးပတ်ပိုင်ရှင်နှစ်ခု ချန်ပီယံဖြစ်သော အောင်လအန်ဆန်က ပွဲအပြီးတွင် မီဒီယာများအား ပြောကြားသည်။

ခြောက်ကြိမ်မြောက် ကျင်းပသည့် MMA ပြိုင်ပွဲ၏ ယနေ့ အခြားပွဲစဉ်ရလဒ်များမှာ ဖိုးသော်(မြန်မာ)နှင့် ဆိုဆေး(ကမ္ဘောဒီးယား)ပွဲ၌ ဖိုးသော်က ပထမအချီမှာပင် အလဲထိုးဖြင့် အနိုင်ရခဲ့ပြီး အီတန်(မလေးရှား)နှင့် အာရီရယ်ဆက်တန် (ကော်စတာရီကာ)ပွဲတွင် အီတန်က အမှတ်ဖြင့် အနိုင်ရခဲ့သည်။ တစ်ဖန် ဒေဟွမ်ကင်(ကိုရီးယား)နှင့် တာကီနာကာ(ဂျပန်)တို့ပွဲတွင် တာကီနာကာ သတ်မှတ်စည်းကမ်းမလိုက်နာသဖြင့် ကြိုးဝိုင်းဒိုင်က အနီကတ်ပြအရှုံးပေးခဲ့ပြီး အာမီခန်(စင်ကာပူ)နှင့် တင်မိုဖီ(ရုရှား)ပွဲတွင် တင်မိုဖီက အမှတ်ဖြင့် အနိုင်ရခဲ့သည်။ ယင်းနောက် ရိုဒင်(ဖိလစ်ပိုင်)နှင့် လီကင်ဝါ(တရုတ်)တို့ ပွဲတွင် လီကင်ဝါက ပထမ အချီမှာပင် အလဲထိုးဖြင့် အနိုင်ရခဲ့ပြီး စောမင်းမင်း(မြန်မာ)နှင့် ရဲသွေးနီ(မြန်မာ)တို့ပွဲတွင် ရဲသွေးနီက အမှတ်ဖြင့် အနိုင်ရရှိခဲ့ကာ အန်တိုနီရာ(မြန်မာ)နှင့် ရွှေစင်( မြန်မာ)တို့ပွဲတွင် အန်တိုနီရာက ပထမအချီမှာပင် အလဲထိုးဖြင့် အနိုင်ရခဲ့သည်။ အခြားအမျိုးသမီး ပြည်ပပွဲစဉ်ဖြစ်သော လန်ဘာကာ(ဖိလစ်ပိုင်)နှင့် လူဘန်ဂါအို (အင်ဒိုနီးရှား)တို့ပွဲတွင် လူဘန်ဂါအိုက ပထမအချီမှာပင် အနိုင်ရခဲ့သည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**



ဖိုးသော်(မြန်မာ)၏ ညာဖြောင့်ကန်ချက်က ဆိုဆေး(ကမ္ဘောဒီးယား)မျက်နှာကို ထိမိစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

# ရခိုင်ပြည်နယ်ရဲ့ပညာရေးကို တဖြည်းဖြည်းနဲ့ ဘက်စုံမြင့်တက်လာအောင် ကြိုးပမ်းဆောင်ရွက်နေပါတယ်

**၂၀၁၇ - ၂၀၁၈ တက္ကသိုလ်ဝင် စာမေးပွဲကျင်းပတော့မည်ဖြစ်ရာ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ တစ်နိုင်ငံလုံးတွင် အောင်ချက်ရာခိုင်နှုန်း အနိမ့်ဆုံးဖြစ်သည့် ရခိုင်ပြည်နယ်၏ ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက်မြင့်မားရေးအတွက် ကြိုတင်ပြင်ဆင်ထားမှုများနှင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုများကို ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာအား သွားရောက်တွေ့ဆုံမေးမြန်းထားသည်-**



ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ

**မေး။ ။ ရခိုင်ပြည်နယ်ရဲ့တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက် အခြေအနေနဲ့ပတ်သက်ပြီး ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ ရခိုင်ပြည်နယ်ရဲ့ ပညာရေးဟာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးမှာ အောက်ဆုံးကို ရောက်နေတယ်လို့ ပြောကြပါတယ်။ ဒါ ဘာကိုမူတည်ပြီး ပြောကြလဲဆိုရင် တက္ကသိုလ်ဝင် အောင်ချက်အပေါ်မူတည်ပြီး ပြောကြပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၆ - ၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲမှာ ရခိုင်ပြည်နယ်ရဲ့အောင်ချက် ရာခိုင်နှုန်း ၁၇ ဒသမ ၁၄ နဲ့ တိုင်းနဲ့ပြည်နယ်အားလုံးရဲ့ အောက်ဆုံးကို ရောက်နေပါတယ်။ အဲဒီလိုကျသွားတဲ့အတွက် ရခိုင်ပြည်နယ်ရဲ့ ပညာရေး အခြေအနေဟာ အောက်ဆုံးကို ရောက်နေတာပါ။ ဒါပေမယ့် တစ်ခုပြောနိုင်တာက ကျွန်တော်တို့ အစိုးရတက်လာပြီး ပညာရေးနဲ့ပတ်သက်လို့ အဓိကဆောင်ရွက်ချက်က တက္ကသိုလ်ဝင်စာမေးပွဲတွေနဲ့ ကျောင်းတွင်းစာမေးပွဲတွေမှာ မသမာမှုတွေ ပပျောက်အောင် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

**မေး။ ။ မသမာမှုဆိုတာ ဘာတွေကို ပြောတာလဲ ခင်ဗျာ။**

ဖြေ။ ။ မသမာမှုဆိုတာ ကလေးတွေက စာမေးပွဲမှာ ခိုးချစရာ စာရွက်အသေးလေးတွေနဲ့ ကူးယူခြင်း၊ တစ်ယောက်ဆီက တစ်ယောက် ကူးယူခြင်းတွေကို တွေ့ရပါတယ်။ ဒါ့အပြင် တချို့မြို့နယ်တွေမှာ စည်းကမ်းဖောက်ဖျက်တဲ့ ဆရာ ဆရာမတွေကလည်း ကျောင်းသားတွေကို ခိုးချခွင့်ပေးတာတွေ ရှိခဲ့ပါတယ်။ ဒါတွေက လွန်ခဲ့တဲ့ ဆယ်စုနှစ် နှစ်ခု၊ သုံးခုကတည်းက ဖြစ်ခဲ့တာပါ။

ပြီးခဲ့တဲ့နှစ်တွေမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ အခုလို မသမာမှုတွေက မရှိသလောက် နည်းပါးသွားပေမယ့် ကျွန်တော်တို့ဒေသမှာ မသမာမှုတွေ အမြစ်တွယ်နေခြင်းက တစ်မျိုးသားလုံး လူညွှန့်တုံးသွားမယ့်အပြင် စိတ်ဓာတ်ရေးရာကလည်း ပျက်စီးသွားနိုင်တဲ့အတွက် ဒါတွေကို ပပျောက်အောင်လုပ်မယ်၊ အောင်မြင်အောင် ဆောင်ရွက်မယ်ဆိုတဲ့ သန္နိဋ္ဌာန်ချပြီး မသမာမှုတိုက်ဖျက်ရေးကို စတင်ဆောင်ရွက်ခဲ့ပါတယ်။

**မေး။ ။ ဘယ်လိုတွေ ဆောင်ရွက်ခဲ့ပါသလဲ ခင်ဗျာ။**

ဖြေ။ ။ ပထမဦးဆုံး မိဘတွေ၊ ဆရာတွေနဲ့ ကျောင်းသားတွေကို အသိပေးပါတယ်။ ဒီနှစ်( ၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်ကို ဆိုလိုပါသည်။)ကစပြီး မသမာမှုတွေ ကင်းအောင်လုပ်မယ်။ စာမေးပွဲတွေမှာ တင်းတင်းကျပ်ကျပ် စည်းနဲ့ကမ်းနဲ့ စစ်ဆေးပါမယ်ဆိုပြီး ကြိုတင်အသိပေးခဲ့ပါတယ်။

နောက်ပြီး စာရွက်အသေးလေးတွေ ခိုးကူးရောင်းချတဲ့ မိတ္တူဆိုင်တွေကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ ပူးပေါင်းပြီး အရေးယူမှုတွေ စတင်ဆောင်ရွက်ပါတယ်။ စာမေးပွဲမှာ မသမာမှုဖြစ်တာက စာမေးပွဲခန်းကြီးကြပ်တဲ့ ဆရာတွေအပေါ်မှာ မူတည်ပြီးဖြစ်ပါတယ်။ ကြီးကြပ်ရေးမှူးတွေက မြို့ခံ၊ ဒေသခံတွေဖြစ်ရင် တစ်ယောက်မျက်နှာ၊ တစ်ယောက်ထောက်ထားပြီး ဖမ်းဆီးတာတွေ မလုပ်ကြပါဘူး။

အဲဒါကြောင့် ကျွန်တော်တို့က မြို့နယ်မတူတဲ့ ဆရာ ဆရာမတွေကိုခေါ်ကာ ကြီးကြပ်ရေးမှူးအဖြစ် စေလွှတ်ပြီး တာဝန်ပေးပါတယ်။ အဲဒီကြီးကြပ်ရေးမှူးနဲ့အတူ အခန်းစောင့် ဆရာဆရာမတွေကိုလည်း တစ်ပါတည်း ခေါ်ယူသွားခွင့်ပေးပါတယ်။ ဥပမာ - ပုဏ္ဏားကျွန်းအတွက် ကြီးကြပ်ရေးမှူးကို စစ်တွေက ကြီးကြပ်ရေးမှူးနဲ့ ဆရာ ဆရာမတွေကို လွှတ်ပါတယ်။

ဟိုမှာရှိတဲ့ ဆရာ ဆရာမတွေနဲ့ တစ်ခန်းမှာ တစ်ယောက်စီကို သက်ဆိုင်ရာ မြို့နယ်က ဆရာ ဆရာမတွေနဲ့ တွဲဖက်ပြီး စာမေးပွဲခန်းတွေမှာ တာဝန်ချပေးပါတယ်။ ဒီလိုသေချာစွာ ကြပ်မတ်စစ်ဆေးတဲ့အတွက် ယခင်နှစ်က တက္ကသိုလ်ဝင် စာမေးပွဲမှာ ကိုးဆယ်ရာခိုင်နှုန်းကျော် မသမာမှုတွေ ကင်းသွားပါတယ်။ အဲဒါကို ဘယ်မှာသိသာသလဲဆိုရင် စာမေးပွဲ ပထမနေ့ဖြေပြီး ဒုတိယနေ့မှာ လာရောက်ဖြေဆိုတဲ့ ကျောင်းသားဦးရေက လျော့သွားတယ်။ လျော့သွားတယ်ဆိုတာက ခိုးချလို့ မရတဲ့အတွက်ကြောင့် မဖြေဆိုသူတွေများခြင်း ဖြစ်ပါတယ်။

အရင်တုန်းက တစ်နှစ်လုံးစာမဖတ်ဘဲ စာမေးပွဲမှာ ခိုးချမယ်၊ အဆင်ပြေရင်လည်း အောင်သွားနိုင်တယ်ဆိုတဲ့ စိတ်တွေနဲ့လာဖြေတာတွေ များပါတယ်။ ပြီးခဲ့တဲ့နှစ်မှာ စာမေးပွဲကို စနစ်တကျ တင်းတင်းကျပ်ကျပ် စစ်ဆေးတဲ့အတွက် အခုလို လျော့နည်းသွားပြီး အောင်ချက်ကလည်း အောက်ကိုထိုးဆင်းသွားခြင်းဖြစ်ပါတယ်။

ဒါကိုကျွန်တော်တို့ နဂိုကတည်းက ခန့်မှန်းပြီးသားဖြစ်ပါတယ်။ အကျိုးဆက်အနေနဲ့ နောက်နှစ်တွေမှာလည်း ဒီလိုပဲ တားဆီးမယ်။ မသမာမှုတွေလည်း နည်းသွားမယ်။ အောင်တဲ့သူတွေကလည်း သန့်သန့်ရှင်းရှင်း အရည်အချင်းရှိရှိနဲ့ အောင်တယ်ဆိုပြီး လက်မထောင်ပြနိုင်မယ်။

**ပညာရေးကို ခြုံပြီးပြောရရင် တစ်နေ့တစ်ရက်တည်းနဲ့ တိုးတက်အောင် လုပ်လို့ရတဲ့ကိစ္စ မဟုတ်ပါဘူး။ ရေရှည်တိုးတက်လာအောင် လုပ်ရမယ့်ကိစ္စတစ်ခုပါ။ တချို့အနေနဲ့လည်း ပညာရေး မတိုးတက်ရကောင်းလားဆိုပြီး အားမလိုအားမရ ဖြစ်နေတာတွေ ရှိပါတယ်။ သို့သော်လည်း ဒီလောက်ခက်ခဲတဲ့ဒေသမှာ တတ်နိုင်သလောက် အကောင်းဆုံးဖြစ်အောင်၊ တည်ငြိမ်အောင် ထိန်းသိမ်းရင်းနဲ့ တိုးတက်အောင် ကြိုးစားနေပါတယ်**

သာဓကအနေနဲ့ အောင်ချက်ကျသွားပေမယ့် ပြီးခဲ့တဲ့နှစ်က ရခိုင်ပြည်နယ်တစ်ခုလုံးမှာ ခြောက်ဘာသာ ဂုဏ်ထူးရှင် ၂၆ ယောက်နဲ့ ငါးဘာသာ ဂုဏ်ထူးရှင် ၂၅ ယောက် စုစုပေါင်း ၅၀ ကျော်ထွက်ရှိပြီး ပြည်နယ်တွေအားလုံးထဲမှာ ခြောက်ဘာသာနဲ့ ငါးဘာသာ ဂုဏ်ထူးထွက်တာ အများဆုံးဖြစ်ပါတယ်။

**မေး။ ။ ဒီနှစ်အတွက် အောင်ချက်ကို တက်အောင် ဘာတွေ ဆောင်ရွက်ခဲ့ပါသလဲ။**

ဖြေ။ ။ ဒီနှစ်တော့ မနှစ်က သင်ခန်းစာကိုယူပြီး နှစ်စကတည်းကပဲ ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲတွေလုပ်ပြီး ဘာသာရပ်အလိုက် အားသာချက်၊ အားနည်းချက်ကို ရှာဖွေပြီး ဘယ်လိုဖြည့်ဆည်း ပြင်ဆင်ရမယ်ဆိုတာတွေကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားပါတယ်။

အထူးသဖြင့် မသမာမှုနဲ့ပတ်သက်ပြီး ကျောင်းတွေမှာ မသမာမှု လုံးဝကင်းရမယ်ဆိုတဲ့ ဗီနိုင်းတွေကို ပြည်နယ်အတွင်းမှာရှိတဲ့ ကျောင်းအားလုံးကို ဝေပါတယ်။ နောက်ပိုင်း တက္ကသိုလ်ဝင်တန်းအောင်ချက်တက်ဖို့အတွက် တက္ကသိုလ်က ဘာသာရပ်သင် ဆရာ ဆရာမတွေက ပြည်နယ်ထဲက အောင်ချက်နည်းတဲ့ မင်းပြား၊ မြောက်ဦး၊ ဘူးသီးတောင်နဲ့ မောင်တောမြို့တွေကို သွားရောက်ပို့ချခဲ့ပါတယ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း ဘူးသီးတောင်၊ မောင်တောခရီးစဉ်မှာ “ဒီက ကလေးတွေ ဆယ်တန်းအောင်ချက်ကျတဲ့အတွက်ကြောင့် ဒီကလေးတွေ အောင်ချက်မြင့်မားအောင် တက္ကသိုလ်က ဆရာ ဆရာမတွေနဲ့ ပညာပေးတာတွေ လုပ်ပါ”လို့ မှာကြားခဲ့ပါတယ်။

ဒါကြောင့် ကျွန်တော်တို့က ပြည်နယ်အတွင်းက တက္ကသိုလ်ဝင်တန်းမှာ သင်ကြားပေးနေတဲ့ အခြေခံပညာ ဆရာ ဆရာမတွေကို စစ်တွေတက္ကသိုလ်ကို ခေါ်ယူပြီး ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းတွေဖွင့်တယ်။ ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲတွေလုပ်ပြီး အားသာချက်၊ အားနည်းချက်တွေကို ရှာဖွေဖော်ထုတ်ပါတယ်။

ဒါ့အပြင် ပြည်နယ်ဝန်ကြီးချုပ်နဲ့ ကျွန်တော်တို့က ပြည်နယ်အတွင်းက အောင်ချက်လုံးဝမရှိတဲ့ ကျောင်းတွေနဲ့ အောင်ချက်နည်းတဲ့ ကျောင်းတွေကို သွားရောက်ပြီး ကျောင်းသား မိဘ ဆရာတွေနဲ့ တွေ့ဆုံပြီး အားပေးစကားပြောကြားခြင်းနဲ့ လိုအပ်တာတွေကို ပံ့ပိုးပေးခြင်းတို့ ဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့် ဒီနှစ်မှာ ပြည်နယ်အနေနဲ့ မသမာမှုကင်းရှင်းပြီး အောင်ချက်ရာခိုင်နှုန်းက တက်လာမယ်လို့ မျှော်လင့်ရပါတယ်။

**မေး။ ။ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအပြင် တခြားဘာတွေကို ဆောင်ရွက်နေပါသလဲ။**

ဖြေ။ ။ အောင်ချက်မြင့်မားရေးအပြင် မျိုးဆက်သစ်လူငယ်များရဲ့ ကာယ၊ ဉာဏ ဖွံ့ဖြိုးရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး ကျောင်းတွေမှာ ကာယအချိန်တွေကို အကျိုးရှိရှိ အသုံးချဖို့ကိုလည်း ကျွန်တော်တို့ စီမံဆောင်ရွက်နေပါတယ်။ ဒါ့အပြင် ကျောင်းကျန်းမာရေးကိုလည်း အလေးထားဆောင်ရွက်နေပါတယ်။ ဘာပဲဖြစ်ဖြစ် ရခိုင်ပြည်နယ်ရဲ့ပညာရေးကို တဖြည်းဖြည်းနဲ့ ဘက်စုံမြင့်တက်လာအောင် ကြိုးပမ်းဆောင်ရွက်နေပါတယ်။

**မေး။ ။ ယခုလတ်တလော ပြည်နယ်ပညာရေးစနစ်က ခွဲခြားဆက်ဆံမှုတွေရှိတယ်လို့ ကြားရပါတယ်။ အဲဒါကို ဘာပြောချင်ပါသလဲ ခင်ဗျာ။**

ဖြေ။ ။ ကျွန်တော်တို့ ကလေးတွေအနေနဲ့ ဘူးသီးတောင်၊ မောင်တောအရေးအခင်းဖြစ်ပွားပြီး စာသင်ပျက်သွားခဲ့ပါတယ်။ သို့သော်လည်း ဖြစ်ပြီးတစ်လအတွင်းမှာ ကျောင်းတွေကို အဆင့်အလိုက် ပြန်ဖွင့်နိုင်အောင် ဆောင်ရွက်ခဲ့တဲ့အတွက် ယနေ့ဆိုရင် အစိုးရစစ် စာမေးပွဲဖြစ်တဲ့ လေးတန်းနဲ့ ရှစ်တန်းကိုလည်း ဝင်ရောက်ဖြေဆိုနေကြပါပြီ။ နောက်ပြီး ခွဲခြားဆက်ဆံမှုဆိုတာမရှိပါဘူး။ ဒီလိုမဖြစ်အောင်လည်း ဆရာတွေကို ပြောထားပါတယ်။

အထူးသဖြင့် ကျောင်းသားတွေကို ခွဲခြားဆက်ဆံမှုဖြစ်ရခြင်း အကြောင်းရင်းသည် ကျူရှင်ပြဿနာဖြစ်ပါတယ်။ အတန်းပိုင်ဆရာမက သူ့ကျူရှင်ယူတဲ့ ကျောင်းသားတွေကို မျက်နှာသာပေးတယ်။ မတက်တဲ့သူတွေကို နှိမ်တယ်ဆိုတာ ရှိပါတယ်။ ရှိတဲ့အတွက် ဆရာမတွေကို ကျွန်တော်တို့က ကျူရှင်ပြခြင်းကို ဥပဒေနဲ့ ကန့်သတ်ထားပြီး ကျူရှင်မပြရဘူးဆိုတာကို ပြောကြားထားပါတယ်။

သို့သော်လည်း သူ့အနေနဲ့ အချိန်အားလို့ သင်ကြားပြနေတာကို လိုက်လံဖမ်းဆီးခြင်းတွေ ကျွန်တော်တို့ မလုပ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ပညာရေးနိမ့်ကျနေတဲ့ အချိန်မှာ တစ်ဖက်တစ်လမ်းက စာပြပေးနေတာကို သွားတားရင် ပိုဆိုးသွားမှာဖြစ်ပါတယ်။ သို့သော်လည်း ကျောင်းမှာ ကောင်းကောင်းသင်ပါ။ အပင်ပန်းခံနိုင်ရင် ကျူရှင်ကိုလည်း သင်ပါ။ ကလေးတွေကို ဘယ်မှာပဲသင်သင် တတ်အောင်သင်ပါ။ စာမေးပွဲအောင်ဖို့လည်း ကြိုးစားပေးပါ။ ဘာလို့လဲဆို ပညာရေးနိမ့်ကျနေတဲ့အချိန်တွေမှာ တချို့တွေက အတိအကျ သွားလုပ်လို့လည်းမရဘူး။ အဓိကကတော့ ခွဲခြားဆက်ဆံမှု မရှိစေရဘူးဆိုတာကို အဓိကထားပါတယ်။ ကျူရှင်နဲ့သော်လည်းကောင်း၊ ဘာနဲ့သော်လည်းကောင်း ပတ်သက်ပြီးရင် ခွဲခြားနေတယ်လို့ စုံစမ်းစစ်ဆေးတာပေါ်လို့ရှိရင်၊ ဆရာမတွေ အတိုင်ခံရလို့ရှိရင် အရေးယူဆောင်ရွက်နေပါတယ်။

**မေး။ ။ ပြည်နယ်အတွင်းမှာ လူ့စွမ်းအားအရင်းအမြစ်တွေ တိုးတက်အောင် ဘယ်လိုဆောင်ရွက်နေပါသလဲ။**

ဖြေ။ ။ ကျွန်တော်တို့ဆီမှာ အဆင့်မြင့်ပညာနဲ့ပတ်သက်လို့ စစ်တွေတက္ကသိုလ်၊ စစ်တွေနည်းပညာတက္ကသိုလ်နဲ့ စစ်တွေကွန်ပျူတာတက္ကသိုလ်စတဲ့ တက္ကသိုလ်တွေကို ရေမြေဒေသအလိုက် ဖွင့်လှစ်ထားပါတယ်။ အဲဒီတက္ကသိုလ်တွေက ဆယ်တန်းအောင်ပြီးတဲ့ ကလေးတွေတက်တဲ့ တက္ကသိုလ်တွေပါ။

တချို့ကလေးတွေက အခြေအနေအရပ်ရပ်ကြောင့် ရှစ်တန်း၊ ကိုးတန်းအထိ သင်ကြားခဲ့ပြီး ကျောင်းဆက်လက်တက်ရောက်နိုင်ခြင်း မရှိကြတာတွေလည်း ရှိပါတယ်။ အဲဒီကလေးတွေကို လုပ်ငန်းခွင်အကြို သင်တန်းတွေဖြစ်တဲ့ သက်မွေးပညာသင်တန်းကျောင်းတွေကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနတွေက ဖွင့်လှစ်ထားပါတယ်။ အဲဒီလို သက်မွေးပညာသင်တန်းတွေမှာ အခြေခံစက်ချုပ်သင်တန်း၊ စက်ပြင်သင်တန်း၊ လက်သမားပညာသင်တန်း စတာတွေကို သင်ကြားပေးလျက်ရှိပါတယ်။

သို့သော်လည်း ကျွန်တော်တို့ဘက်က တစ်ခုလိုအပ်နေတာက သက်မွေးပညာသင်တန်း တက်ရောက်ပြီးတဲ့ ကလေးတွေအတွက် လုပ်ငန်းခွင်ဖန်တီးပေးရပါမယ်။ တကယ်လို့ အလုပ်မရရင် ကလေးတွေအနေနဲ့လည်း ဒီသင်တန်းတွေကို တက်ချင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ကျွန်တော်တို့အစိုးရအဖွဲ့က သက်မွေးပညာသင်တန်းတွေကို ဖွင့်လှစ်ပေးနိုင်ဖို့အပြင် ခိုင်မာတဲ့လုပ်ငန်းခွင်သို့ ရောက်ရှိအောင် စီမံချက်များရေးဆွဲ ဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ အိုင်အင်ဂျီအိုတွေနဲ့ ချိတ်ဆက်ပြီး ဆောင်ရွက်နေပါတယ်။ အထူးသဖြင့် ဆယ်တန်းအထိသင်ကြားခဲ့တဲ့ ကလေးတွေကို ကျွမ်းကျင်လုပ်သားတွေဖြစ်အောင် ကျွန်တော်တို့ဘက်က မွေးထုတ်ပေးဖို့ အစီအစဉ်တွေရှိပါတယ်။

**မေး။ ။ တခြားဖြည့်စွက် ပြောကြားလိုတာရှိရင်လည်း ပြောပြပေးပါ။**

ဖြေ။ ။ ကျွန်တော်တာဝန်ယူဆောင်ရွက်နေရတဲ့ ပညာရေး၊ ကျန်းမာရေးဆိုတာက ပြည်သူနဲ့ အများဆုံးထိစပ်နေတဲ့ လုပ်ငန်းတွေဖြစ်ပါတယ်။ ပြည်သူတွေအတွက် အရေးလည်းကြီးပါတယ်။ ပညာရေးဆို ပိုပြီးအရေးကြီးပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ ပညာရေးက အခြေခံကျပါတယ်။ ပညာတတ်မှ လူမျိုးဟာ တိုးတက်နိုင်မယ်။ ကျွန်တော်တို့အားလုံးလည်း စိတ်ဓာတ်ကအစ ကလေးတွေကို သင်ကြားပေးနေပါတယ်။ တို့နိုင်ငံက သူများနိုင်ငံတွေဆီမှာ မျက်နှာမငယ်ရအောင်၊ သူများအောက်မကျအောင် ပညာတတ်ဖို့လိုပါတယ်။

သယံဇာတပေါတယ်ဆိုတာ တစ်နေ့ကျရင် ဒီသယံဇာတတွေက ထုတ်သုံးရင်ကုန်သွားမှာပဲ၊ မကုန်နိုင်တာက ကျွန်တော်တို့ရဲ့ လူ့အရင်းအမြစ်တွေဖြစ်ပါတယ်။ ဒါကြောင့် လူ့အရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ဖို့လိုပါတယ်။ ပညာတတ်မှ စဉ်းစားချင့်ချိန်နိုင်ပြီး တိုင်းပြည်အတွက်လည်း လူတော်လူကောင်းတွေ ဖြစ်လာမယ်။ ဒါကြောင့် ပညာက အဓိက အရေးအကြီးဆုံးပါ။

ပညာရေးကို ခြုံပြီးပြောရရင် တစ်နေ့တစ်ရက်တည်းနဲ့ တိုးတက်အောင် လုပ်လို့ရတဲ့ကိစ္စ မဟုတ်ပါဘူး။ ရေရှည်တိုးတက်လာအောင် လုပ်ရမယ့်ကိစ္စတစ်ခုပါ။ တချို့အနေနဲ့လည်း ပညာရေးမတိုးတက်ရကောင်းလားဆိုပြီး အားမလိုအားမရဖြစ်နေတာတွေ ရှိပါတယ်။ သို့သော်လည်း ဒီလောက်ခက်ခဲတဲ့ဒေသမှာ တတ်နိုင်သလောက် အကောင်းဆုံးဖြစ်အောင်၊ တည်ငြိမ်အောင်ထိန်းသိမ်းရင်းနဲ့ တိုးတက်အောင် ကြိုးစားနေပါတယ်။

နိုင်ငံတော်ကလည်း ပညာရေးနဲ့ ကျန်းမာရေးကို အများကြီး အထောက်အကူပေးပါတယ်။ ကျောင်းတွေ ဆောက်ပေးတယ်။ ဆေးရုံတွေ ဆောက်ပေးတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်အစိုးရကလည်း ပြည်ထောင်စုအစိုးရနဲ့ လက်တွဲပြီး အကောင်းဆုံး ဆောင်ရွက်သွားမယ်လို့ ပြောလိုပါတယ်။

ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်။ ။

**တွေ့ဆုံမေးမြန်း - သူရဇော်၊ တင်ထွန်း(ပြန်/ဆက်)**
**ဓာတ်ပုံ - ဟန်လင်းနိုင်(စစ်တွေ)**

# ရန်ကုန်-ပြည်ကားလမ်းအား တိုးချဲ့အဆင့်မြှင့်တင်လျက်ရှိ



**ပဲခူး ဖေဖော်ဝါရီ ၂၃**

ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်းရှိ ရန်ကုန်-ပြည် ကားလမ်းမကြီးအား အဆင့်မြှင့်ပြုပြင် ဆောင်ရွက်လျက်ရှိရာ ဇီးကုန်းမြို့နယ် ကျွဲခြံရွာ မက်စ်ဟိုင်းဝေးကုမ္ပဏီတိုးဂိတ်မှ သာယာဝတီမြို့အထိ ၅၁ မိုင် ၆ ဖာလုံလမ်းပိုင်းအား ဖေဖော်ဝါရီလမှ စတင်၍ BOT စနစ်ဖြင့် လုပ်ကိုင်ခွင့်ရထားသော မက်စ်ဟိုင်းဝေးကုမ္ပဏီက နိုင်လွန်ကတ္တရာခင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ **(ယာပုံ)**

မူလကတ္တရာလမ်းအကျယ် ၁၈ ပေမှ ၂၄ ပေအထိ တိုးချဲ့ပြီး နိုင်လွန်ကတ္တရာထပ်ပိုးလွှာတင်ခြင်းလုပ်ငန်းများကို စက်ယန္တရားအသစ်ကြီးများဖြင့် ဆောင်ရွက်လျက်ရှိရာ လမ်းဘေးတစ်ဖက်စီတွင် အကျယ်လေးပေရှိ ဂဝံကျောက်သားလမ်းပခုံးများလည်း ပါဝင်မည်ဖြစ်သည်။

ရန်ကုန်-ပြည် ယခင်ကားလမ်းပိုင်းမှာ ယိုယွင်းပျက်စီးမှုများ ရှိလာခြင်း၊ ယာဉ်စီးရေတိုးတက်များပြားလာခြင်းတို့ကြောင့် မတော်တဆ ယာဉ်တိုက်မှုများ ကင်းဝေးစေရန်နှင့် သွားလာမှုအဆင်ပြေချောမွေ့စေပြီး နိုင်ငံတကာအဆင့်မီ လမ်းမကြီးများ ဖြစ်စေရန် ယခု ဆောင်ရွက်နေသော လမ်းပိုင်းအား ငွေကျပ် ၁၀ ဘီလီယံ အကုန်ကျခံဆောင်ရွက်ခဲ့ကြောင်း မက်စ်ဟိုင်းဝေးကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးခင်မောင်ကြွယ်က ပြောသည်။

ဇီးကုန်း ကျွဲခြံရွာ တိုးဂိတ်မှ သာယာဝတီအထိ ၅၁ မိုင် ၆ ဖာလုံလမ်းပိုင်းမှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် လုပ်ငန်းများ ပြီးစီးမည်ဖြစ်ပြီး ကျွဲခြံရွာတိုးဂိတ်မှ ပြည်မြို့အထိ နိုင်လွန်ကတ္တရာခင်းလုပ်ငန်းအား ၂၀၁၉ ခုနှစ် ဇန်နဝါရီလဆန်းတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

# တရားလွှတ်တော်ရှေ့နေ ဦးကိုနီ လုပ်ကြံခံရမှုနှင့်ပတ်သက်၍ ပြန်ခေါ်သက်သေ ငါးဦး စစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

တရားလွှတ်တော်ရှေ့နေ ဦးကိုနီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သေနတ်ဖြင့် လုပ်ကြံခံရမှုနှင့်ပတ်သက်၍ သေနတ်သမားကြည်လင်းနှင့် ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုးတို့သုံးဦးကို ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး အထူးခုံရုံးသို့ ယနေ့ နံနက် ၁၀ နာရီက ရုံးထုတ်ခဲ့ပြီး ဖေဖော်ဝါရီ ၂၂ ရက်က အာမခံရရှိထားသော အောင်ဝင်းထွန်းလည်း တရားခွင်သို့ လာရောက်ခဲ့ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့်ပြန်ကြားရေးတာဝန်ခံအရာရှိ ဒုတိယခရိုင် တရားသူကြီး-၆ ဦးရဲလွင်က "ဒီကနေ့ ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး ရာဇဝတ်ကြီးအမှု တရားလို ရဲအုပ် မိုးနိုင်၊ အမှတ် ၄၅/၂၀၁၇ တရားခံ ကြည်လင်း (ခေါ်)ဖိုးထူး ပါ-၄ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၄/၁၂၂ အရ စွဲဆိုမှုကနေ ပြန်ခေါ်သက်သေ ငါးဦးစစ်ဆေးပါတယ်၊ မြောက်ပိုင်းခရိုင် ဒုစရိုက်နှိမ်နင်းရေးအဖွဲ့က ရဲအုပ်ထွန်းလင်း၊ မှုခင်းတပ်ဖွဲ့ နည်းပညာမှုခင်းဌာနက ဗိုလ်ဗိုလ်လှမြင့်နဲ့ မင်္ဂလာဒုံလေဆိပ်က အငှားယာဉ်မောင်း ဦးအေးမြင့်(ခေါ်)နှုတ်ခမ်းမွေး၊ ဦးကျော်ဦး၊ ဦးကျော်ဝင်းသန်းတို့ကို စစ်ဆေးပါတယ်၊ နောက်တစ်ပတ် ရုံးချိန်းကိုတော့ မတ် ၈ ရက်နဲ့ ၉ ရက်ကို ချိန်းဆိုထားပါတယ်"ဟု ပြောကြားသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ မီးလောင်မှုဖြစ်၍ ကျူးတဲ ၃၂ လုံး ဆုံးရှုံး

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်-၅၁ ရပ်ကွက် အောင်သစ္စာလမ်းရှိ သပြေခြံ ကျူးကျော်တဲမှ ကိုကောင်းမြတ်၏ နေအိမ်တွင် ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၅ နာရီ ၄၅ မိနစ်ခန့်က သောက်လက်စဆေးလိပ်တိုအား ဆေးလိပ်ခွက်ထဲ ထည့်ထားရာမှ ဆေးလိပ်ခွက် စာအုပ်ပုံပေါ်သို့ ပြုတ်ကျ၍ မီးလောင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထိန်လင်းနှင့် မီးသတ်တပ်ဖွဲ့ဝင် ၂၆၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ် ၃၁ စီး၊ မီးသတ်စက်ယာဉ်တစ်စီး၊ အုပ်ချုပ်မှုယာဉ် ခြောက်စီး၊ ထောက်ပံ့ယာဉ် ၁၀ စီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၆ နာရီ ၂၀ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ကျူးအိမ်ခြေ ၃၂ လုံး မီးလောင်ခံရကာ အိမ်ထောင်စု ၃၂ စု မီးဘေးသင့်ခဲ့ပြီး မီးဘေးသင့် အိမ်ထောင်စုများအား ၅၁ ရပ်ကွက် ဓမ္မာရုံတွင် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိကြောင်း သိရသည်။

မီးလောင်မှုနှင့် ပတ်သက်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တွံတေးမြို့နယ်၌ စက်သုံးဆီသိုလှောင်သည့်ဂိုဒေါင် မီးလောင်မှုဖြစ်

**တွံတေး ဖေဖော်ဝါရီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ပန်းလှိုင်တံတားအဆင်း တွံတေး-လှိုင်သာယာကားလမ်းဘေးရှိ စက်သုံးဆီသိုလှောင်သည့် ဂိုဒေါင်တစ်ခု၌ ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၁ နာရီက လောင်စာဆီတင်ယာဉ်နှစ်စီး ဆီလှယ်စဉ် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



ဖြစ်စဉ်မှာ မန်နေဂျာ ဦးကျော်ညွန့် လုပ်ကိုင်နေသည့် ဆီဆိုင်တွင် ဓာတ်ဆီတင်ယာဉ်နှစ်စီး ဆီလှယ်နေစဉ် ယာဉ်တွင်ရှိသော ဆီဘားနှစ်ခုအား စုံပိတ်စဉ် တွန်းကန်အားဖြင့် မီးစတင်လောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ တွံတေး၊ လှိုင်သာယာ၊ ဆိပ်ကြီးခနောင်တို၊ မြောက်ဥက္ကလာ၊ စမ်းချောင်း၊ လှိုင်၊ ရွှေပြည်သာနှင့် အင်းစိန်မြို့နယ်များမှ မီးသတ်ယာဉ် ၂၉ စီး၊ အုပ်ချုပ်မှုယာဉ် ခုနစ်စီး၊ အထောက်အကူပြုယာဉ် ၁၈ စီးတို့ဖြင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ ၅၅ မိနစ်တွင် မီးလုံးဝငြိမ်းသွားခဲ့သည်။ ယင်းဖြစ်စဉ်ကြောင့် ဆီခြံလုပ်သား မင်းထွန်းနိုင် (၁၉ နှစ်) စွန်းရဲကျေးရွာ မင်းပြားမြို့နေသူနှင့် အရန်မီးသတ် ဒုတပ်ကြပ် အောင်ကျော်ဝင်း (၂၀ နှစ်) အေးရိပ်ငြိမ်လမ်း ရှမ်းချောင်းကျေးရွာ လှိုင်သာယာမြို့နယ်နေသူတို့တွင် (မစိုးရိမ်ရ) ဒဏ်ရာများ ရရှိခဲ့သဖြင့် လှိုင်သာယာဆေးရုံ၌ တက်ရောက်ကုသခဲ့ရပြီး လောင်စာဆီတင်ယာဉ်နှစ်စီးနှင့် ဆီသယ်ယာဉ်တစ်စီး မီးလောင်ဆုံးရှုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးကျော်ညွန့်အား အမှုဖွင့်အရေးယူမည်ဖြစ်ကြောင်း သိရသည်။ **မျိုးလှိုင် (တွံတေး)**

Photo-Yangon Police

# အမွေခွဲရာမှ မကျေနပ်၍ နေအိမ်မီးရှို့ရာ အိမ်နှစ်လုံး မီးလောင်

**ပေါင်းတည် ဖေဖော်ဝါရီ ၂၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့တွင် ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်ခန့်က မင်းကွက်-၂ ရပ်ကွက် တာပွန်လမ်း ဘိုးဘွားရိပ်သာရှေ့ရှိ ဦးသိန်းမြင့်နေအိမ်အား ညီအရင်းဖြစ်သူ ဦးတင်ဦး( ၅၉နှစ်)က အမွေခွဲဝေမှုအား မကျေနပ်၍ မီးရှို့ရာမှ အိမ်ချင်းကပ်လျက်ရှိ ဦးသောင်းစိန်၏ နေအိမ်အား မီးကူးစက်လောင်ကျွမ်းခဲ့သည်။

မီးလောင်ရာသို့ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် ရှစ်စီးနှင့် ဒေသခံပြည်သူများ စုပေါင်းငြိမ်းသတ်ရာ မွန်းလွဲ ၁ နာရီတွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး မီးလောင်မှုကြောင့် နေအိမ်နှစ်လုံး၊ စက်ဘီးခြောက်စီးနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ ဆုံးရှုံးပြီး လူနှင့်တိရစ္ဆာန်ထိခိုက်မှုမရှိကြောင်းသိရသည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ မီးရှို့ခဲ့သူ ဦးတင်ဦးအား ပေါင်းတည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ **တင်ဝင်းဇော်(မင်းသားကြီး)**

# ချဲထီလောင်းကစားပြုလုပ်သူတစ်ဦး ဖမ်းဆီးရမိ

**သထုံ ဖေဖော်ဝါရီ ၂၃**

ကျိုက်မရောမြို့နယ် ရန်မျိုးအောင်ရပ်ကွက်-၅ ဆန်စက်လမ်းရှိ နေအိမ်တစ်အိမ်၌ ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၃ နာရီက နှစ်လုံးထီလောင်းကစားဒိုင်တစ်ဦးအား လောင်းကစားပြုလုပ်သည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၃ နာရီက မော်လမြိုင်ခရိုင် မှုခင်းအကူဌာနမှ ရဲအုပ်ဇော်ဝင်းအောင်ဦးစီးအဖွဲ့နှင့် ကျိုက်မရောမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် ရန်မျိုးအောင် ရပ်ကွက်-၅ ဆန်စက်လမ်းရှိ မမြဝတ်မှုန်၏ နေအိမ်အတွင်း ဝင်ရောက်ရှာဖွေရာ နှစ်လုံးထီဂဏန်းနှင့်ငွေတန်ဖိုးများ ရေးသားထားသော စာရွက်စာတမ်းများနှင့် ဆက်စပ်ပစ္စည်းများ၊ ငွေစက္ကူရောရာ ၂၁၉၅၀၀ ကျပ်နှင့်အတူ လောင်းကစားပြုလုပ်နေသည်ကိုတွေ့ရှိရသဖြင့် သက်သေခံပစ္စည်းများအား သိမ်းဆည်းပြီး မမြဝတ်မှုန်အား ကျိုက်မရောမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**နန္ဒကျော်စွာ**

# နဘားလမ်းဆုံတွင် စိတ်ကြွရူးသွပ်ဆေးပြား ၅၉၀၀ ကျော် ဖမ်းဆီးရမိ

**အင်းတော် ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နဘားလမ်းဆုံတွင် ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၆ နာရီက ဆိုင်ကယ်စီးနင်းလာသူထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၉၉၅ ပြား သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု -၆ ကသာမှ ရဲအုပ်ကျော်စိုးလင်း ဦးစီးတပ်ဖွဲ့ဝင်များ၊ နဘားကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများသည် ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုကားလမ်းမပေါ်ရှိ နဘားလမ်းဆုံ၌ စောင့်ဆိုင်းနေစဉ် မိုးကောင်းမြို့နန့်ရင်းရပ်ကွက်နေ အောင်ကိုလွင်(၃၂ နှစ်) စီးနင်းလာသည့်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ သိုဝှက်သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၅၉၉၅ ပြား ခန့်မှန်းတန်ဖိုးငွေ ကျပ် ၂၉၉၇၅၀၀၀ နှင့်အတူ OPPO ဖုန်းတစ်လုံးကို သိမ်းဆည်းရမိခဲ့သဖြင့် အင်းတော်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

# ပင်လည်ဘူး၌ ဘိန်းစိမ်း သိန်းတစ်ထောင်ကျော်ဖိုး ဖမ်းမိ

**ပင်လည်ဘူး ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် ကောလင်း-ပင်လည်ဘူးမြို့နယ်သွားလမ်း အထွက်၌ ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၅ နာရီက ဘိန်းစိမ်းတန်ဖိုးငွေကျပ် သိန်းတစ်ထောင်ကျော်ဖိုး သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ကောလင်းမြို့မရဲစခန်းမှူး ဒုရဲမှူးသောင်းဌေးနှင့် တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၅ နာရီက ကောလင်း-ပင်လည်ဘူးသွားကားလမ်း၌ စောင့်ဆိုင်းနေစဉ် CANDA အမျိုးအစားဆိုင်ကယ်မောင်းနှင်လာသူ မြင့်အောင်(၂၅နှစ်) နမ်းနောက်ကျေးရွာ လွိုင်ကော်မြို့နယ်နေသူထံမှ ဘိန်းစိမ်း ၄၆ ဒသမ ၄ ကီလိုခန့် ကာလတန်ဖိုး ငွေကျပ် ၁၃၉၆၁၆၀၁၀ ခန့်အား သိမ်းဆည်းရမိခဲ့သဖြင့် ပင်လည်ဘူးမြို့ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ငွေအိုး(ကသာ)**

# ကင်မရာ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် တင်သွင်း၊ တင်ပို့သောကုန်ပစ္စည်းများအား စစ်ဆေးလျက်ရှိရာ ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၂၂ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်ကွင်းလမ်းဖြစ်သည့် ပျဉ်းကတိုးကုန်းကျေးရွာသို့ ရှောင်တခင် သွားရောက်စစ်ဆေးစဉ် Mitsubishi Fuso ခြောက်ဘီးမော်တော်ယာဉ် တစ်စီးအား တားဆီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Camera နှင့် Camera ဆက်စပ်အပိုပစ္စည်း ရှစ်မျိုး ၊ Computer ဆက်စပ်အပိုပစ္စည်း ခုနစ်မျိုးနှင့် ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈ ဒသမ ၅၆၁ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လက်ရှိချန်ပီယံ ရှမ်းကို အနိုင်ယူပြီး ရန်ကုန်အသင်း ငါးမှတ်ပြတ်ဦးဆောင်



**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၇)ပထမနေ့ကို ယနေ့ ညနေပိုင်းက YUSC ကွင်း၌ ကျင်းပရာ ရန်ကုန်အသင်းက လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ရန်ကုန်အသင်းသည် ယခုရာသီ ဆင်ဒမမြောက်နိုင်ပွဲနှင့်အတူ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းကို အနိုင်ယူပြီး ထိပ်ဆုံးတွင် ငါးမှတ်အသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။ လက်ရှိ ချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ပထမဆုံး ရှုံးပွဲနှင့်အတူ ချန်ပီယံဆု ကာကွယ်ရန် ဖိအားဝင်သွားရပြီဖြစ်သည်။

ရန်ကုန် အသင်းသည် ပွဲစကတည်းက ရှမ်းယူနိုက်တက်အသင်းဘက်သို့ ဖိအားပေးကစားနိုင်ခဲ့ပြီး မိနစ် ၂၀ တွင် အီစိုးက ဂိုးစတင် သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် နှစ်သင်းစလုံး ကစားပုံကြမ်းလာပြီး ၂၇ မိနစ်တွင် ရန်ကုန်နောက်ခံလူ မင်းကျော်ခန့် တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံရသည်။

ရှမ်းယူနိုက်တက် အသင်းသည် တစ်ယောက်အသာ ရခဲ့သော်လည်း ရန်ကုန်ဂိုးပေါက်ကို မခြိမ်းခြောက်နိုင်၍ ပထမပိုင်းအပြီးတွင် ရန်ကုန်အသင်းက ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင်လည်း ရှမ်းယူနိုက်တက်အသင်းသည် တိုက်စစ်ကစားပုံ အမှားများသည့်အပြင် နိုင်ငံခြားသား တိုက်စစ်မှူးနှစ်ဦးမှာလည်း အတွဲမမိ၍ ရန်ကုန်နောက်တန်း လွယ်လွယ်ကူကူ ထိန်းချုပ်နိုင်ခဲ့သည်။ ရန်ကုန်အသင်းသည် ဒုတိယပိုင်းတွင် တန်ပြန်တိုက်စစ်ဖြင့်သာ ကစားခဲ့သော်လည်း ဂိုးသွင်းခွင့်များရခဲ့ပြီး အီမန်နျူရယ်နှင့် အီစိုးတို့ အသုံးမချနိုင်ခဲ့၍ ဂိုးထပ်မရခဲ့ခြင်းဖြစ်သည်။

ဒုတိယနေ့ကို ဖေဖော်ဝါရီ ၂၄ ရက်ယနေ့ ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ မကွေးနှင့် ရေဝတီ၊ ဝေဘာလီကွင်း၌ ရခိုင်နှင့် GFA အသင်း တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# မြန်မာ ယူ-၂၃ အသင်း မတ် ၁၂ ရက်တွင် စခန်းဝင်လေ့ကျင့်မှု စတင်ပြုလုပ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ဖွဲ့စည်းထားသည့် မြန်မာ ယူ-၂၃ အသင်းသည် ဧပြီလတွင် ယှဉ်ပြိုင်ရမည့် ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲအတွက် မတ် ၁၂ ရက်တွင် စခန်းဝင်လေ့ကျင့်မှုစတင်ပြုလုပ်မည်ဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းသည် ဖေဖော်ဝါရီ ၆ ရက်မှစ၍ ပဏာမကစားသမား ၃၀ ဖြင့် အပတ်စဉ် အင်္ဂါနှင့် ဗုဒ္ဓဟူးနေ့တွင် လေ့ကျင့်မှုပြုလုပ်လျက်ရှိပြီး ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲအတွက် တစ်လကျော် အချိန်ယူပြင်ဆင်မည်ဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းသည် လက်ရှိတွင် ပဏာမကစားသမား ၃၀ ရွေးချယ်ထားသော်လည်း စခန်းဝင်လေ့ကျင့်ရာတွင် ကစားသမား ၂၅ ဦးသာ ထားရှိမည်ဖြစ်ရာ အပတ်စဉ်လေ့ကျင့်မှုပြုလုပ်မှုများမှ ကစားသမားများ၏ ခြေစွမ်းကို စောင့်ကြည့်ကာ လျှော့ချမည်ဖြစ်သည်။ လက်ရှိရွေးချယ်ထားသည့် ကစားသမားများအနက် ရွှေကိုနှင့် ချမ်းငြိမ်းတို့နှစ်ဦးမှာ ဒဏ်ရာပြဿနာကြောင့် လေ့ကျင့်မှု ပြုလုပ်နိုင်ခြင်း မရှိသေးဘဲ ကျန်ကစားသမားများသာ လေ့ကျင့်လျက်ရှိသည်။ မြန်မာ ယူ-၂၃ အသင်းကို နည်းပြချုပ်အဖြစ် ဦးကြည်လွင်၊ လက်ထောက်နည်းပြများအဖြစ် ဦးကျော်လွင်နှင့် ဦးချစ်နိုင်၊ ဂိုးနည်းပြအဖြစ် ဦးမျိုးကျော်အောင်တို့က တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ မြန်မာ ယူ-၂၃ အသင်းသည် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် မြန်မာ ယူ-၁၉ အသင်းမှ ကစားသမားများကို အခြေခံဖွဲ့စည်းထားခြင်းဖြစ်ပြီး ပြီးခဲ့သည့်နှစ်က ခြေစွမ်းပြကစားခဲ့သည့် ဝင်းနိုင်ထွန်း၊ လွင်မိုးအောင်၊ မြတ်ကောင်းခန့်၊ ပြည့်စုံနိုင်၊ စိုးမိုးကျော် စသည့် ကစားသမားများ ပြန်လည်ရွေးချယ်ခံခဲ့ရသည်။ မြန်မာ ယူ-၂၃ အသင်းနည်းပြချုပ် ဦးကြည်လွင်သည် မြန်မာကစားသမားများ၏ အဓိက လိုအပ်ချက်ဖြစ်သော ကြံ့ခိုင်မှုအပိုင်းပိုကောင်းလာစေရန် ၂၀၁၅ ဆီးဂိမ်းပြိုင်ပွဲတွင် အတူလက်တွဲခဲ့ဖူးသည့် ဂျာမနီနိုင်ငံသား မားကပ်စ်ကို ပြန်လည်ခေါ်ယူထားပြီး ယခုလဆန်းပိုင်းကတည်းက လေ့ကျင့်ပေးလျက်ရှိသည်။ ကစားသမားအများစုမှာ ကလပ်ပြိုင်ပွဲများ ယှဉ်ပြိုင်နေရသောကြောင့် အချို့အပတ်များတွင် ကစားသမားစုံလင်ခြင်းမရှိဘဲ စခန်းဝင်လေ့ကျင့်ရာတွင်လည်း ကလပ်ပွဲရှိသည့်နေ့များတွင် ကစားခွင့်ပေးမည်ဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းတွင် **အုပ်ချုပ်သူ** - ဦးသန်းတိုးအောင်၊ **နည်းပြချုပ်** - ဦးကြည်လွင်၊ **လက်ထောက်နည်းပြ** - ဦးကျော်လွင်၊ ဦးချစ်နိုင်၊ **ဂိုးနည်းပြ**- ဦးမျိုးကျော်အောင်၊ **ကြံ့ခိုင်ရေးနည်းပြ** - မားကပ်စ်၊ **ဂိုးသမား** - ဘုန်းသစ္စာမင်း၊ ထွန်းနန္ဒာဦး၊ အောင်မြင့်မြတ်၊ **နောက်တန်း** - အောင်ဝဏ္ဏစိုး၊ စိုးမိုးကျော်၊ ကျော်သူထွန်း၊ ရဲရင့်အောင်၊ ဝင်းမိုးကျော်၊ သန်းထိုက်ဇင်၊ သက်ပိုင်ထွေး၊ ဟိန်းထက်စည်သူ၊ သူရိန်စိုး၊ ကျော်မျိုးနိုင်၊ **အလယ်တန်း** - ဇေယျာနိုင်၊ မြတ်ကောင်းခန့်၊ မြတ်ထွန်းသစ်၊ စိုးလွင်လွင်၊ ဇွဲသက်ပိုင်၊ ဟိန်းထက်အောင်၊ သိုင်းဘွဲ့အောင်၊ မင်းကို၊ ဇော်ဝင်းမောင်၊ ပြည့်စုံနိုင်၊ လွင်မိုးအောင်၊ **ရှေ့တန်း**- ရွှေကို၊ ဇင်မင်းထွန်း၊ ချမ်းငြိမ်း၊ ဝင်းနိုင်ထွန်း၊ ရဲနိုင်ဦး၊ အောင်ကောင်းမာန်တို့ ပါဝင်ကြသည်။ မြန်မာ ယူ-၂၃ အသင်းသည် ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲအပြီးတွင်လည်း ယခုကဲ့သို့ အပတ်စဉ်လေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ရဲရင့်ရှိန်း**

## မြန်မာ့ရုပ်မြင်သံကြား

၂၄ . ၂ . ၂၀၁၈ (စနေနေ့)

**နံနက်ပိုင်း**

(၆ း၀၀) - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
(၇ း ၀၀) - Breakfast News
(၈ း၃၅) - "စွမ်းရည်မြင့်မား လူငယ်များအတွက် ရည်ရွယ်ဦးတည်ထုတ်လွှင့်မည်" (SEAPJ)
(၉ း ၁၅) - "၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများ" (သမိုင်းဘာသာရပ်)
(၁၁ း ၀၀) - NHK Programme
"အသုံးတည့် စည်းမျဉ်းများ"
(၁၁ း ၁၀) - "အင္ဂမော်- မောင်တောလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း"
(၁၁ း ၂၅) - ဆေးဖက်ဝင် ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး "ပြောင်းဖူး"
(၁၄ း ၃၀) - နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးရာဇဝင်" (အပိုင်း- ၁၂)

**ညပိုင်း**

(၁၅ း ၄၅) - Myanmar National League 2018 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မကွေး FC နှင့် ရေဝတီ ယူနိုက်တက် FC)
(၁၉း ၁၅) - နိုင်ငံခြားဇာတ်လမ်းတွဲ "မြွေပျိုမယ်ရဲ့မာယာလှည့်ကွက်" (အပိုင်း- ၆၈)
(၂၀ း၀၀) - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
(၂၀ း ၃၅) - The Big Step (11) (လီလီမြင့်)
"ကလေးစာပေပွဲတော် စာပေဟောပြောပွဲနှင့် ဆွေးနွေးပွဲ" (အပိုင်း- ၂) (ဆရာအောင်ဇေယျ၊ ဆရာမခင်ဘုန်းတင်၊ ဆရာမဒေါ်အဝင်း၊ ဆရာမဒေါ်မော်မော်သီ၊ ဆရာမောင်မောင်ဦး)
- မြန်မာဗီဒီယို ဇာတ်လမ်း "အရိပ်မဲ့ပန်း" (ပထမပိုင်း) (ကျော်ဗိုလ်ဗိုလ်သာ၊ ကြည်ဖြူရှင်းသန့်) (ဒါရိုက်တာ- ကျော်ဗိုလ်ဗိုလ်သာ)

# ရန်ကုန်မြို့၌ ဂျပန်ဖလား တံခွန်စိုက် ကရာတေးဒိုပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ ကရာတေးဒို အဖွဲ့ချုပ်တို့ ပူးပေါင်းကာ (၈)ကြိမ်မြောက် Japan Cup Karate Championship 2018 ပြိုင်ပွဲကို မတ် ၇ ရက်နှင့် ၈ ရက်တို့တွင် ရန်ကုန်မြို့ အောင်ဆန်းအားကစား ပြိုင်ဝင်းအတွင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်ပြီး အခမဲ့လာရောက် ကြည့်ရှုနိုင်ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲတွင် အသက် ၁၂ နှစ်အောက်နှင့် အသက် ၁၄ နှစ်အောက် ပြိုင်ပွဲအတန်းအလိုက် ကျင်းပသွားမည်ဖြစ်ပြီး အကြီးတန်း (Senior) ပြိုင်ပွဲ အဆင့်တွင် မြန်မာ့လက်ရွေးစင် ကရာတေးဒိုအားကစားသမားများ အပါအဝင် ကရာတေးကလပ်အသင်းများမှ ကိုယ်စားပြုတစ်ဦးချင်း 'ခတ' နှင့် ကိုယ်အလေးချိန်တန်းအလိုက် 'ကုမိတဲ့' ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

(Senior) အကြီးတန်းမှအပ ကျန်ပြိုင်ပွဲ အဆင့်အားလုံးတွင် ပြိုင်ပွဲဝင်ဦးရေ ကန့်သတ်ချက်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်းနှင့် ပြိုင်ပွဲဝင်အသင်းများသည် အောင်ဆန်းအားကစားပြိုင်ဝင်း မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖက်စ် ၀၁- ၃၇၉၉၃၉၊ Viber ၀၉-၉၆၁၈၅၉၇၆နှင့် အီးမေးလ် myanmarkarateoffice@gmail.com သို့ဖြစ်စေ မတ် ၃ ရက် နောက်ဆုံးထား၍ အမည်စာရင်း ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲမတိုင်မီ မတ် ၄ ရက်နှင့် ၅ ရက်တို့တွင် နည်းပြ၊ ဒိုင်လူကြီးများအတွက် မွမ်းမံသင်တန်းကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**


## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

သုခမ္မမဏိဇောတရေ ဦးသန်းဌေး(စိုးစံသစ်စက်)၊ ရွှေညောင်မြို့အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၊ နိုင်ငံတော်သမ္မတရုံး၏ ဇန်နဝါရီလ ၄ ရက် အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၁၈အရ **"သီဟသုခမ္မမဏိဇောတရေ ဘွဲ့တံဆိပ်တော်"** ကို ထပ်မံချီးမြှင့်ခြင်းခံရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နောင်တွင်လည်း အမျိုးဘာသာ၊ သာသနာ အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မဟာသဒ္ဓမ္မဇောတိကဓဇ၊ သဒ္ဓမ္မဇောတိကဓဇ၊**
**အဂ္ဂမဟာသီရိသုခမ္မမဏိဇောတရေ၊**
**သီရိသုခမ္မမဏိဇောတရေ ဒေါက်တာဦးစိုးသိန်းနှင့်ဇနီး**
**အဂ္ဂမဟာသီရိသုခမ္မသိင်္ဂီ၊ သီရိသုခမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်း**
**(ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**

## ကားရောင်းမည်

1. Mitsubishi CANTER 14' Light Truck YGN 6D/xxxx
2. NISSAN DUMP TRUCK (10 Wheel) YGN 4C/xxxx
3. SKAT DUMP TRUCK(6 Wheel)
4. BOX TRUCK 10'

**ဆက်သွယ်ရမည့် ဖုန်းနံပါတ်**
**၀၉-၅၁၀၆၁၀၈၊ ၀၉-၅၁၆၇၉၅၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၈)ရပ်ကွက်၊ စကားဝါလမ်း၊ မြေကွက်အမှတ် (၅၈၂/က)ဟုခေါ်တွင်သော(၂၀×၆၀)ပေရှိ ဒေါ်စောရီ(ဘ)ဦးကြာညွန့် အမည်ပေါက် မြေချပါမစ်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အသီးသီးတို့ကို ဦးသက်နိုင်ဦး(ဘ)ဦးချစ်အေးမှ ပိုင်ဆိုင်ခဲ့ပြီး ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်ဇော်ဦး ၁၂/တမန(နိုင်)၀၈၅၈၃၂မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသက်အောင်**(LL.B) | **ဒေါ်ခင်ထွေးငယ်** (LL.B) |
| **စဉ်-၁၄၂၃၅** | **စဉ်-၄၃၅၆၂** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ် (၄၃၃/က)၊ ဒေါန(၄)လမ်း၊ (၈၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၀၁၅၄၃၁၀၁**

**အောင်ပြည့်စုံ**
**အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း**
**မြို့တွင်း/နယ်ဝေးများအတွက်**
**ဈေးနှုန်းချိုသာစွာဖြင့်**
**Box ကားမျိုးစုံဖြင့်**
**အလုပ်သမား စီစဉ်ပေးသည်။**
**09 250095114**
**09 421041338**
**09 73224763**

## ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်စိုးဦး CDC 62199 ကိုင်ဆောင်သူသည် P.SB & R.Bသင်တန်းအောင်လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၁၁၇၅၁၉၈၊ ၀၉-၄၂၁၁၄၁၄၆၄**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၂-၂၀၁၈ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၆)တွင် ပါရှိသော မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း(ဗဟို)အထူးဂုဏ်ယူဝမ်းမြောက်ခြင်းကြော်ငြာတွင် ဒေါ်ရင်ရွှေ-သီဟသုခမ္မသိင်္ဂီအစား **ဒေါ်ရင်ရွှင် သီဟသုခမ္မသိင်္ဂီ၊ ဥက္ကဋ္ဌ၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်အသင်း (မန္တလေး)**ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါသည်

ရေဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်၊ ဟသ်ာတမြို့၊လယ်တီကွင်းရပ်ကွက်၊ အမှတ် ၂၅ဟု ခေါ်တွင်သည့် နေအိမ်နှင့် ယင်းနေအိမ်တည်ရှိရာ အရှေ့အရပ်လားသော်(ဦးဟန်မြင့်၊ ဒေါ်နီတို့၏ နေအိမ်နှင့်ခြံမြေ)၊ အနောက်အရပ်လားသော်(ဦးဝင်းနိုင်၏ ဆိုင်ကယ်ပြင်ဆိုင်)၊ တောင်အရပ်လားသော်(ဒေါ်မွေး၏ခြံမြေ)၊မြောက်အရပ်လားသော်(အင်္ဂပိုလမ်းမကြီး)စသည့် နယ်(၄)ရပ်အကြားတွင် တည်ရှိသည့် အလျားပေ(၄၀)၊ အနံပေ(၁၅၀)(ခြံစည်းရိုး အုတ်တံတိုင်းများ ကာရံပြီး)၊ ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား (၉-၉-၂၀၁၅)ရက်တွင် လက်ရှိနေထိုင်ပိုင်ဆိုင်သူ ဒေါ်သန်းကြည် ၁၄/ဟသတ(နိုင်)၀၁၁၅၂၅မှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့် ၁၄/ဟသတ(နိုင်)၀၆၂၅၄၆အား ပိုင်ဆိုင်မှုအထောက်အထားအဖြစ် အဆင့်ဆင့်ချုပ်ဆိုဝယ်ယူထားသည့် စာချုပ်စာတမ်းမူရင်းများကို ပေးအပ်ကာရောင်းချခဲ့သဖြင့် ဒေါ်မြင့်မြင့်က တန်ဖိုးငွေများပေးချေဝယ်ယူ၍ (၉-၉-၂၀၁၅)ရက်စွဲပါ အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆိုပြီး လက်ရောက်ရယူပိုင်ဆိုင်ခဲ့ပြီး ဖြစ်ပါသည်။

ဒေါ်မြင့်မြင့်သည် အထက်တွင် ဖော်ပြထားသည့်ခြံမြေအား ဂရန်မြေလျှောက်ထားရန် ဆောင် ရွက်မည်ဖြစ်ပါသဖြင့် ဒေါ်မြင့်မြင့်၏ အထက်ဖော်ပြပါခြံမြေအား ဂရန်မြေလျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများယူဆောင်၍ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်သူများမရှိပါက အထက်ဖော်ပြပါ ခြံမြေကွက်အာ ဒေါ်မြင့်မြင့်မှ ဥပဒေနှင့်အညီ ဂရန်မြေလျှောက်ထားခြင်းအား သက်ဆိုင်ရာ ရုံးဌာနများတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဒေါ်မြင့်မြင့်** | **လွှဲအပ်ချက်အရ-** |
| **၁၄/ဟသတ(နိုင်)၀၆၂၅၄၆** | **ဦးမြင့်နိုင်ဦး** (LL.B,C.B.L) |
| | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၉၂၂၅/၂၀၁၃)** |
| | Thiri Law Firm (Hinthata) |
| | **အမှတ်၁၀၅၁၊ ရေတံခွန်(၂)လမ်း၊** |
| | **သုံးပင်ကွင်းရပ်ကွက်၊ ဟသ်ာတမြို့** |
| | **ဖုန်း-၀၉-၄၅၁၂၄၃၃၈၇၊ ၀၉-၄၂၉၇၅၄၀၈၁** |

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ် ၆၆၁ မြေကွက်အတွက် မြေပေးမိန့်ထုတ်ပေးပါရန် ဦးဝင်းမောင်(ဘ)ဦးမောင်ကို (ကိုယ်စား)ဒေါ်ခင်ကျော့ကျော့စံ(ဘ)ဦးစိန် ၁၂/မဂတ(နိုင်)၀၀၅၃၁၁မှ မြေချစလစ်မူရင်း၊ အရောင်းအဝယ်စာချုပ်၊ ဒက္ခိဏခရိုင်တရားရုံး၏ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ အမှတ်စဉ်(၆၁/၂၀၁၈)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုစာရင်း၊ ဝန်ခံကတိပြုချက်၊ ၎င်းမြေကွက်ကို ချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေသုံးဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များတင်ပြ၍ မြေပေးမိန့် လျှောက်ထားခြင်းကို ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများ၊ တရားရုံး အမိန့်ဒီကရီများတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံ ခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါကဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မြေကွက်ရောင်းမည်

သဃ်န်းကျွန်းမြို့နယ်၊ (ခ) ရပ်ကွက်၊ 50'×100' ဘိုးဘွား မြေသီးသန့်၊ အရှုပ်အရှင်းကင်း၊
**ဖုန်း-၀၉-၅၀၅၇၈၇၃**

## ပျောက်ဆုံးကြောင်း

ဦးကျော်သူအေး (၁၂/မဂဒ(နိုင်)၀၀၁၉၃၇)ပိုင် ယာဉ်အမှတ်-ကက/၆၄၇၈၏ ကညနမှ ထုတ်ပေးသော ဖျက်သိမ်းယာဉ် ထောက်ခံချက် စလစ်ပုံစံ(ဃ) ၊ ပုံစံ(စ) ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၀၁၄၂၇

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/4573 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1N/8359 ယာဉ်လက်ဝယ်ရှိသူ ALLY AUTO CO.,LTD.မှ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံ)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ရွှေပြားရပ်ကွက်၊ အောင်ဇံဝေလမ်းနှင့် ရွှေပြားအလယ်လမ်းထောင့်၊ မြေတိုင်းအကွက်အမှတ်(၃၂)၊ တရားသီးစုအကွက်၊ ဦးပိုင်အမှတ်(C/၇၅)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၅၃ဧကရှိ မစောခေင် အမည်ပေါက် ဘိုးဘပိုင်အိမ်ရာမြေအား တရားဝင်ပိုင်ဆိုင်သည့်အတွက် ရောင်းချမည်ဖြစ်ပါ၍ အဆိုပါဘိုးဘပိုင်အိမ်ရာမြေရောင်းချခြင်းအား ကန့်ကွက်လိုသူများရှိပါက အခိုင်အမာ စာရွက်စာတမ်းမူရင်းများအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကျွန်ုပ်ထံသို့ လက်ရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက ရောင်းချသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စောအေးခင်(ခ)မစောခေင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ညွန့်မောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(၇၆၂၆)**
**ကျောင်းကြီးလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ စစ်တွေမြို့၊**
**ဖုန်း-၀၉-၂၅၄၄၆၆၂၀၀၊ ၀၄၃-၂၁၇၄၇**

# ကာကွယ်ရေး၌ အမေရိကန်၏ မျှတမှုမရှိသည့် ယှဉ်ပြိုင်မှုကို ရုရှားထိပ်တိုက်ရင်ဆိုင်သွားမည်

**မော်စကို ဖေဖော်ဝါရီ ၂၃**

ရုရှားသည် အမေရိကန်ပြည်ထောင်စု၏ မျှတမှုမရှိသည့် ယှဉ်ပြိုင်မှုကြောင့် ကာကွယ်ရေးပစ္စည်း ထုတ်လုပ်မှု ဈေးကွက်အတွင်း၌ ဖြစ်ပွားလာသည့် အန္တရာယ်အခက်အခဲများကို ရင်ဆိုင်တားဆီးသွားမည်ဖြစ်သည်ဟု ကရင်မလင်နန်းတော်က ပြောကြားခဲ့သည်။

သေချာသည့်အချက်မှာ ကျွန်ုပ်တို့သည် စစ်ရေးဆိုင်ရာနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဈေးကွက်တွင် အမေရိကန်၏ သာတူညီမျှမှုမရှိသည့် ယှဉ်ပြိုင်မှုများ ပေါ်ပေါက်လာနေသည့် အချိန်အတွင်းမှာပင် ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲအတားအဆီးများကို ရင်ဆိုင်တားဆီးသွားမည်ဖြစ်ကြောင်း ရုရှားသမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဒီမစ်ထရီပက်စကော့ဗ်က ပြောကြားခဲ့သည်။

ရုရှား ကာကွယ်ရေးကဏ္ဍသည် အမေရိကန်၏ အရေးယူပိတ်ဆို့မှုများကို အပြင်းအထန်ရင်ဆိုင်ခံစားနေရကြောင်း အမေရိကန်၏ အခိုင်အမာပြောဆိုချက်ကိုလည်း ဒီမစ်ထရီပက်စကော့ဗ်က ဝေဖန်ခဲ့သည်။

အမေရိကန် ပြည်ထဲရေးဌာန ပြောရေးဆိုခွင့်ရှိသူ ဟီသာနူရတ်က ရုရှားကိုဆန့်ကျင်သည့် ပိတ်ဆို့မှုများကို ပိုမိုတိုးချဲ့လိုက်သည့် အကျိုးဆက်အနေဖြင့် ရုရှားထုတ်ကုန်ပစ္စည်းများဝယ်ယူမှုကို နိုင်ငံများစွာတို့က ရပ်တန့်လိုက်သည်ဖြစ်ရာ ရုရှားသည် အမေရိကန်ဒေါ်လာ သုံးဘီလီယံကျော်ခန့် တန်ဖိုးရှိသည့် ကန်ထရိုက်စာချုပ်များကို ဆုံးရှုံးသွားလိမ့်မည်ဖြစ်ကြောင်း ပြီးခဲ့သည့်ဗုဒ္ဓဟူးနေ့က ပြောကြားခဲ့သည်။

နူရတ်၏ ပြောကြားချက်အရ အမေရိကန်သည် စစ်ရေးဆိုင်ရာကုန်ထုတ်လုပ်ငန်းဆောင်ရွက်မှုအတွင်း ရုရှားရင်းနှီးမြှုပ်နှံသူများနှင့် ကန်ထရိုက်စာချုပ်ချုပ်ဆိုမှုကို သတိပေးတားမြစ်ခဲ့ပြီး ပိတ်ဆို့မှုဥပဒေကို ချိုးဖောက်သည့် နိုင်ငံများ၊ လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအား အရေးယူမည်ဖြစ်ကြောင်း ခြိမ်းခြောက်ခဲ့သည်။

**ဆင်ဟွာ**




# မြောက်ကိုရီးယားအပေါ် ပိုမိုဖိအားပေးသွားရန် ဂျပန်နှင့် မွန်ဂိုလီးယားသဘောတူ

**တိုကျို ဖေဖော်ဝါရီ ၂၃**

နျူကလီးယားနှင့် ဒုံးကျည်အစီအစဉ်များကို ဆက်လက်ကြိုးပမ်းနေသည့် မြောက်ကိုရီးယားနိုင်ငံအပေါ် ပိုမိုဖိအားပေးသွားရန် ဂျပန်နှင့် မွန်ဂိုလီးယားနှစ်နိုင်ငံတို့ သဘောတူညီခဲ့ကြကြောင်း သိရသည်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုသည် မွန်ဂိုလီးယားနိုင်ငံခြားရေးဝန်ကြီး Damdin Tsogtbaatar နှင့် ကြာသပတေးနေ့က တိုကျို၌ တွေ့ဆုံခဲ့သည်။




တွေ့ဆုံမှုအတွင်း ကိုနိုက နိုင်ငံတကာအဖွဲ့အစည်းသည် မြောက်ကိုရီးယားအရေးကို ကိုင်တွယ်ဆောင်ရွက်ရာတွင် စုစည်းညီညွတ်သင့်ကြောင်း ပြောကြားခဲ့သည်။ ၎င်းသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အရေးယူပိတ်ဆို့မှုများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အပါအဝင် မြောက်ကိုရီးယားနိုင်ငံကို များစွာသော နယ်ပယ်ကဏ္ဍတို့တွင် ပိုမိုဖိအားပေးမှု တိုးမြှင့်သွားရန် လိုအပ်ကြောင်း အလေးအနက်ပြောခဲ့သည်။

ဂျပန်နှင့် မွန်ဂိုလီးယားနိုင်ငံခြားရေးဝန်ကြီးတို့သည် တောင်ကိုရီးယားနိုင်ငံ၌ ပြုလုပ်သည့် ဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲနှင့် မသန်စွမ်းအားကစားပြိုင်ပွဲများ အပြီးတွင် မြောက်ကိုရီးယားနိုင်ငံအပေါ် ဖိအားပေးမှုများကို ပိုမိုဆောင်ရွက်သွားကြရန် သဘောတူညီလိုက်ကြကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အစ္စရေးနှင့် အမေရိကန်အတူတကွ ပူးပေါင်းကာ စစ်ရေးလေ့ကျင့်မှုပြုလုပ်မည်

**ဂျေရုစလင် ဖေဖော်ဝါရီ ၂၃**

အစ္စရေးနိုင်ငံအနေဖြင့် အမေရိကန်နှင့် အတူတကွပူးပေါင်းကာ ကြီးမားသည့် ဒုံးကျည်ကာကွယ်ရေး စစ်ရေးလေ့ကျင့်မှုပြုလုပ်မည်ဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီးဌာနမှ မကြာသေးမီက ထုတ်ပြန်ကြေညာခဲ့သည်။

ဂျူနီပါကော်ဘရာ ၂၀၁၈ ဟုအမည်ပေးထားသော အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို မတ် ၄ ရက်မှ ၁၅ ရက်အထိ ပြုလုပ်သွားမည် ဖြစ်သည်။ အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် အမေရိကန်၏ ဥရောပစစ်ဦးစီးဌာနချုပ်မှ တပ်ဖွဲ့ဝင် ၂၅၀၀ နှင့် အစ္စရေးနိုင်ငံ ကာကွယ်ရေးတပ်ဖွဲ့မှ လေကြောင်းကာကွယ်ရေးတပ်၊ ထောက်ပံ့ရေးတပ်နှင့် ဆေးတပ်ဖွဲ့စသည်တို့မှ တပ်ဖွဲ့ဝင်ပေါင်း ၂၀၀၀ ပါဝင်လေ့ကျင့်ကြမည်ဖြစ်ကြောင်း သိရသည်။



ယခုကျင်းပမည့်စစ်ဆင်ရေးတွင် အမေရိကန်တပ်ဖွဲ့အနေဖြင့် အစ္စရေးနိုင်ငံ လေကြောင်းကာကွယ်ရေးတပ်ဖွဲ့အား စစ်ရေးနေရာချထားမှုပြုလုပ်ရာတွင် ကူညီပေးသွားမည်ဖြစ်သည်။ နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်ရာတွင် ဒေသအသီးသီးမှ တိုက်ခိုက်လာနိုင်သည့် ဒုံးကျည်အမျိုးမျိုးကို ကာကွယ်နိုင်ရန်အတွက် လေ့ကျင့်သွားမည်ဖြစ်ကြောင်း သိရသည်။ စစ်ရေးလေ့ကျင့်မှုပြုလုပ်ရာတွင် အဲရိုး၊ အိုင်းယွန်းဒုန်၊ ပါထရစ်ရော့နှင့် ဒေးဗစ်စလင်း စသည့် ဒုံးကျည်ကာကွယ်ရေးစနစ်များကို အသုံးပြုကာ လေ့ကျင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အစ္စရေးနိုင်ငံအနေဖြင့် လတ်တလောတွင် ဒုံးကျည်ကာကွယ်ရေးစနစ်များ အဆင့်ဆင့်တည်ထောင်လာပြီးနောက် တာဝေး၊ တာလတ်နှင့် တာတိုပစ်ဒုံးကျည်အမျိုးမျိုးကို ကာကွယ်နိုင်ရန်အတွက် ကာကွယ်ရေးစနစ်များ ဆောင်ရွက်ထားကြောင်း သိရသည်။

**ဆင်ဟွာ**

# အာဖဂန်နစ္စတန်အရှေ့ပိုင်း၌ တာလီဘန်တို့၏ တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင် ရှစ်ဦးသေဆုံး

**အာဖဂန်နစ္စတန် ဖေဖော်ဝါရီ ၂၃**

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ဂါဇနီပြည်နယ်၌ တာလီဘန်တို့၏ တိုက်ခိုက်မှုကြောင့် ဒေသခံရဲတပ်ဖွဲ့ဝင်ရှစ်ဦး သေဆုံးခဲ့ပြီး အခြားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်အစိုးရအဖွဲ့ပြောရေးဆိုခွင့်ရှိသူက ယမန်နေ့တွင် ပြောခဲ့သည်။

ဒဲ့ဟ်ယက်ခ်ခရိုင် ရှုဘာရေိယာရှိ အာဖဂန်ဒေသခံရဲတပ်ဖွဲ့၏ စစ်ဆေးရေးဂိတ်တစ်ခုကို တာလီဘန်စစ်သွေးကြွများက လွန်ခဲ့သည့်နှစ်ရက်က ဝင်ရောက်တိုက်ခိုက်ခဲ့ရာ တပ်မှူးတစ်ဦးအပါအဝင် ရဲတပ်ဖွဲ့ဝင်ရှစ်ဦး သေဆုံးခဲ့ပြီး အခြားလူတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူ အာရက်ဖ်နိုရီက ပြောခဲ့သည်။



အာဖဂန်ဒေသခံရဲတပ်ဖွဲ့ကို လုံခြုံရေးတပ်ဖွဲ့အလုံအလောက်မရှိသော နိုင်ငံတစ်ဝန်းရှိ ကျေးရွာများနှင့် ခရိုင်များကို ကာကွယ်ရန် လွန်ခဲ့သည့် ၂၀၁၀ ပြည့်နှစ်က ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်သည်။

တာလီဘန် စစ်သွေးကြွအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဇာဘီဟူလာ မူဂျာဟစ်က အဆိုပါတိုက်ခိုက်မှုအား အတည်ပြုခဲ့သလို ရဲတပ်ဖွဲ့ဝင်ရှစ်ဦးကိုလည်း သတ်ဖြတ်ခဲ့ကြောင်း ပြည်တွင်းမီဒီယာတစ်ခုကို ပြောခဲ့သည်။

လွန်ခဲ့သော နှစ်အနည်းငယ်မှစကာ နိုင်ငံခြားတပ်ဖွဲ့ဝင်အရေအတွက်များ လျော့နည်းသွားပြီးနောက် အစိုးရဆန့်ကျင်တိုက်ခိုက်ရေးသမားများ၏ တစ်ဟုန်ထိုးတိုက်ခိုက်လာမှုကို အာဖဂန်တပ်ဖွဲ့က ပြန်လည်ထိုးစစ်ဆင်မှုများပြုလုပ်ခဲ့သည့် အချိန်မှစကာ အကြမ်းဖက်တိုက်ခိုက်မှုများ ပိုမိုမြင့်တက်လာခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### တောင်အာဖရိကနိုင်ငံရှိ ရဲစခန်းတစ်ခုကို လက်နက်ကိုင်တစ်ဦးက တိုက်ခိုက်

**ဂျိုဟန်နက်စ်ဘတ် ဖေဖော်ဝါရီ ၂၃**
အမည်မသိလက်နက်ကိုင် တစ်ဦးသည် တောင်အာဖရိကနိုင်ငံ ကိဗ်ပြည်နယ် အရှေ့ပိုင်း အန်ကိုဘိုမြို့ရှိ ရဲစခန်းတစ်ခုကို တိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင်ငါးဦးနှင့် အငြိမ်းစား အစိုးရတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း ဒေသတွင်းမီဒီယာများတွင် မကြာသေးမီက ဖော်ပြခဲ့သည်။

လက်နက်ကိုင် တစ်ဦးသည် ရဲစခန်းအတွင်းဝင်ရောက်လာပြီး တာဝန်ထမ်းဆောင်နေသည့် ရဲတပ်ဖွဲ့ဝင်များကို ပစ်ခတ်ခဲ့ရာ နေရာတွင်ပင် သုံးဦးသေဆုံးခဲ့ကြောင်း၊ ထို့နောက်၎င်းက ကားတစ်စီးနှင့်အတူ ရဲတပ်ဖွဲ့ဝင် နှစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း၊ ထွက်ပြေးခဲ့သည့် အငြိမ်းစား ရဲတပ်ဖွဲ့ဝင်တစ်ဦးကိုလည်း ပစ်သတ်ခဲ့ကြောင်း၊ ရဲတပ်ဖွဲ့၏ကားကို ရဲစခန်းမှ ခြောက်ကီလိုမီတာအကွာအဝေးရှိနေရာတွင် ပြန်လည်တွေ့ရှိခဲ့ကြောင်း၊ ၎င်းသည် ရဲစခန်းမှ လက်နက်များကိုလည်း ယူဆောင်သွားကြောင်း ဒေသတွင်း မီဒီယာများတွင် ဖော်ပြခဲ့သည်။

တိုက်ခိုက်ရသည့် အကြောင်းရင်းကို စုံစမ်းလျက်ရှိကြောင်း၊ ရဲစခန်းအနီးရှိ အေတီအမ်စက်မှ ငွေများလည်း ယူဆောင်သွားခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

### အားကစားပွဲတော်ပိတ်ပွဲ အခမ်းအနားသို့ မြောက်ကိုရီးယား အဆင့်မြင့်ကိုယ်စားလှယ်များ စေလွှတ်မည်

**ပြုံယမ်း ဖေဖော်ဝါရီ ၂၃**
မြောက်ကိုရီးယားသည် တနင်္ဂနွေနေ့တွင် ပြုလုပ်မည့် တောင်ကိုရီးယား ပြုံချမ်းအိုလံပစ် အားကစားပြိုင်ပွဲ ပိတ်ပွဲ အခမ်းအနားသို့ မြောက်ကိုရီးယားနိုင်ငံမှ အဆင့်မြင့် ကိုယ်စားလှယ်များကို စေလွှတ်မည်ဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယား ပေါင်းစည်းညီညွတ်ရေးဝန်ကြီးဌာနက မြောက်ကိုရီးယားမှ ကိုယ်စားလှယ်အဖွဲ့ဝင် ရှစ်ဦးတို့သည် လာမည့် တနင်္ဂနွေနေ့တွင် တောင်ကိုရီးယားသို့ ကုန်းကြောင်းဖြင့် ရောက်ရှိလာကြမည်ဖြစ်သည်ဟု အသိပေးခဲ့ကြောင်း ပြောကြားသည်။

ကိုယ်စားလှယ်အဖွဲ့ကို ကိုရီးယားအလုပ်သမားပါတီ ဒုတိယဥက္ကဋ္ဌ ကင်ယွန်ချိုလ်က ဦးဆောင်သွားမည်ဖြစ်သည်။ လာရောက်ကြမည့် ကိုယ်စားလှယ်များတွင် ကိုရီးယားငြိမ်းချမ်းစွာပြန်လည်ပေါင်းစည်းရေးကော်မတီအကြီးအကဲ ရီဆန်ဂွန်ပါဝင်မည်ဖြစ်သည်ဟု သိရသည်။ ၎င်းသည် ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်က စေလွှတ်ခဲ့သည့် အဆင့်မြင့်အရာရှိများတွင် ပါဝင်ခဲ့သည်။

တောင်ကိုရီးယားအစိုးရအာဏာပိုင်များက ဒုတိယဥက္ကဋ္ဌ ကင်သည် အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့၏ ပိတ်ဆို့မှုများစာရင်းတွင်ပါဝင်နေသော်လည်း ယခုအချိန်အခါတွင် လာရောက်လည်ပတ်ခွင့်ရရှိထားကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဘဏ္ဍာရေးအကျပ်အတည်းကို ကျော်လွှားဖို့ ဒစ်ဂျစ်တယ် ငွေကြေးအသုံးပြုရန် ဗင်နီဇွဲလားဆုံးဖြတ်

**ဖြိုးစန္ဒီမွေး**

ဗင်နီဇွဲလားနိုင်ငံသမ္မတ နီကိုလပ်စ် မက်ဒူရိုဟာ တိုင်းပြည်ရဲ့အလွန်အမင်းကျဆင်းနေတဲ့ ငွေကြေးတန်ဖိုးကို ဆွဲတင်ဖို့ ကြိုးစားမှုတစ်ရပ်အနေနဲ့ ဒီဂျစ်တယ်ငွေကြေးကို အသုံးပြုလာပါတယ်။ ဗင်နီဇွဲလားနိုင်ငံဟာ စီးပွားရေးကျဆင်းမှုကို အဆိုးရွားဆုံးခံစားနေရတဲ့တိုင်းပြည်ဖြစ်ပြီး အစိုးရကိုလည်း ကူမယ့်နိုင်ငံ သိပ်မရှိပါဘူး။ တစ်နည်းအားဖြင့်ဆိုရင် ရန်သူပတ်ပတ်လည်ဝိုင်းနေတဲ့ နိုင်ငံတစ်ခုလိုပါပဲ။ အခုအခါမှာတော့ နိုင်ငံရဲ့အကြီးဆုံး ရေနံကုမ္ပဏီရဲ့ ကျောထောက်နောက်ခံပြုမှုနဲ့ ဒီဂျစ်တယ်ငွေကြေးကို အသုံးပြုလာနိုင်ဖို့ ကြိုးပမ်းလာပါတော့တယ်။




### အိမ်နီးချင်းနိုင်ငံသို့ ဝင်ရောက်ခိုလှုံကြ

အစိုးရဟာ ဒစ်ဂျစ်တယ်ငွေကြေးပုံစံအသစ်ကို စတင်အသုံးပြုတော့မယ်လို့ ကြေညာခဲ့တာ လွန်ခဲ့တဲ့နှစ်ကုန်ပိုင်းကတည်းကပါ။ နိုင်ငံရဲ့ငွေကြေးတန်ဖိုး အဆမတန်ကျဆင်းလာတာနဲ့ ဘဏ္ဍာရေးဆိုင်ရာ အကျပ်အတည်းကို ဖြေရှင်းဖို့အတွက် ကြိုးစားမှုတစ်ရပ်လည်း ဖြစ်ပါတယ်။ တိုင်းပြည်ရဲ့ အခြေအနေကတော့ အားရစရာတစ်ကွက်မှ မရှိပါဘူး။ အခြေခံစားသောက်ကုန်နဲ့ ဆေးဝါးလုံးဝပြတ်လပ်နေပြီး ရာဇဝတ်မှုဖြစ်ပွားနှုန်းဟာလည်း အဆမတန်မြင့်တက်နေပါတယ်။ တိုင်းပြည်ရဲ့ လူမှုဝန်ဆောင်မှုစနစ်တွေ အားလုံးပျက်စီးယိုယွင်းသွားပြီး ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုစနစ်ဟာလည်း အလားတူပါပဲ။ ဒါကြောင့် တိုင်းပြည်အတွင်း နေထိုင်နေကြတဲ့ ပြည်သူတွေဟာလည်း ပိုမိုကောင်းမွန်တဲ့ဘဝတစ်ခု၊ ဆက်လက်ရှင်သန်နေထိုင်နိုင်ရေးအတွက် တိုင်းပြည်ကို စွန့်ခွာထွက်သွားမှုတွေ အများကြီးပေါ်ပေါက်လာပါတော့တယ်။ လွန်ခဲ့တဲ့လအတွင်းမှာပဲ အိမ်နီးချင်း ကိုလံဘီယာတိုင်းပြည်ကို ဝင်ရောက်ဖို့ ကြိုးစားတဲ့ ဗင်နီဇွဲလားနိုင်ငံသားတွေဟာ စံချိန်တင် မြင့်တက်ခဲ့ပါတယ်။

### ဘာကြောင့် ဒစ်ဂျစ်တယ်ငွေကြေး အသုံးမပြုတာလဲ

သမ္မတ မက်ဒူရိုအစိုးရကတော့ ဒစ်ဂျစ်တယ်ငွေကြေးကို ရောင်းချခြင်းဟာ အကြွေးတွေကို ပေးချေရာမှာ အထောက်အကူဖြစ်စေပြီး နိုင်ငံအတွက် အမှန်တကယ်လိုအပ်နေတဲ့ အခြေခံစားသောက်ကုန်နဲ့ ပစ္စည်းတွေကိုလည်း ပိုမိုတင်သွင်းလာနိုင်မယ်။ ကုန်ကြမ်းပစ္စည်းတွေကိုလည်း တင်သွင်းရာမှာ အကူအညီဖြစ်မယ်လို့ မျှော်လင့်ထားကြပါတယ်။ ဗင်နီဇွဲလားအစိုးရကတော့ အခုအသုံးပြုမယ့် ဒစ်ဂျယ်တယ်ငွေကြေးဟာ အမေရိကန် သမ္မတထရန့်ရဲ့ စီးပွားရေးပိတ်ဆို့မှုကြောင့် အခက်တွေ့နေတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ အားလုံးကိုလည်းအဆင်ပြေစေမယ်လို့ ရဲရဲကြီးအာမခံထားပါတယ်။ သမ္မတမက်ဒူရိုအစိုးရနဲ့ အစိုးရ ထိပ်ပိုင်းအရာရှိကြီးတွေ၊ သမ္မတမက်ဒူရိုနဲ့ ဆက်စပ်မှုရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေဟာ အမေရိကန်ဈေးကွက်က ပစ္စည်းတွေကို ဝယ်ယူခွင့်မရှိပါဘူး။

အမေရိကန်ရဲ့ စီးပွားရေးပိတ်ဆို့မှုတွေကြောင့် ဗင်နီဇွဲလားနိုင်ငံသားတွေ အဖို့ အပြည်ပြည်ဆိုင်ရာဘဏ်တွေကနေ ငွေလွှဲဖို့ဆိုတာ မလွယ်ကူတဲ့ကိစ္စဖြစ်ပါတယ်၊ ဒါကြောင့်လည်း နိုင်ငံအတွက် လိုအပ်တဲ့ ပြည်ပက တင်သွင်းရမယ့် ပစ္စည်းတွေကို မဝယ်ယူနိုင်ဘဲ အခက်တွေ့နေရတာပါ၊ ဒစ်ဂျစ်တယ်ငွေကြေးကတော့ ဒီပြဿနာတွေကို ဖြေရှင်းပေးနိုင်လိမ့်မယ်လို့ အစိုးရက ယုံကြည်ထားပါတယ်၊ နိုင်ငံရဲ့ဘဏ္ဍာရေးအကျပ်အတည်းကို ကျော်လွှားနိုင်လိမ့်မယ်လို့ ယုံကြည်ကြပါတယ်။

ဒစ်ဂျစ်တယ် ငွေကြေးမှာလည်း အားနည်းချက်တွေ ရှိပါတယ်၊ တရားမဝင်ငွေကြေးခဝါချသူတွေရဲ့ လမ်းကြောင်းလည်း ဖြစ်လာနိုင်သလို ဆိုက်ဘာလုံခြုံရေးကိုလည်း ဂရုပြုဖို့ လိုအပ်ပါတယ်။ ၂၀၀၉ ခုနှစ်မှာ စတင်ပေါ်ထွက်လာတဲ့ ဒီဂျစ်တယ်ငွေကြေးစနစ်ဟာ ကမ္ဘာ့စီးပွားရေးနယ်ပယ်မှာ နေရာယူလာတာကို တွေ့ရပါတယ်။

### ဗရမ်းဗတာလုပ်ဆောင်မှုတစ်ခု

ဗင်နီဇွဲလား သမ္မတကတော့ ပြဿနာတိုင်းမှာ အဖြေဆိုတာရှိတယ်။ ဗင်နီဇွဲလားနိုင်ငံသားတွေဟာ အလွယ်တကူနဲ့ ဘယ်တော့မှ အရှုံးမပေးဘူးလို့ ပြောလိုက်ပါတယ်။ ဒါကတော့ သမ္မတမက်ဒူရိုအစိုးရရဲ့ မျှော်လင့်ချက်တစ်ခုပါ။ ဒါပေမယ့် လေ့လာသူတွေ သုံးသပ်ကြတာကတော့ အစိုးရရဲ့ဒစ်ဂျစ်တယ်ငွေကြေးဟာ အောင်မြင်မှုအများကြီး ပေးစွမ်းနိုင်ဖို့တော့ မဖြစ်နိုင်ဘူးလို့ သုံးပြုကြပါတယ်။ ဒါဟာထိန်းချုပ်ရခက်ခဲပြီး စီးပွားရေးအရ အထီးကျန်ဖြစ်နေတဲ့ နိုင်ငံရဲ့ဗရမ်းဗတာလုပ်ဆောင်ချက်တစ်ခုလို့ လေ့လာသုံးသပ်သူတစ်ဦးဖြစ်တဲ့ လက်တင်အမေရိကအစီအစဉ်ဆိုင်ရာ ညွှန်ကြားရေးမှူး Cynthia J Arnason က ပြောပါတယ်။

> “သမ္မတ မက်ဒူရိုအစိုးရကတော့ ဒစ်ဂျစ်တယ်ငွေကြေးကို ရောင်းချခြင်းဟာ အကြွေးတွေကို ပေးချေရာမှာ အထောက်အကူဖြစ်စေပြီး နိုင်ငံအတွက် အမှန်တကယ်လိုအပ်နေတဲ့ အခြေခံစားသောက်ကုန်နဲ့ ပစ္စည်းတွေကိုလည်း ပိုမိုတင်သွင်းလာနိုင်မယ်၊ ကုန်ကြမ်းပစ္စည်းတွေကိုလည်း တင်သွင်းရာမှာ အကူအညီဖြစ်မယ်လို့ မျှော်လင့်ထားကြ”

### ရင်းနှီးမြှုပ်နှံသူတွေက မယုံကြည်

ဒစ်ဂျစ်တယ် ငွေကြေးအသုံးပြုမှုကြောင့် ဗင်နီဇွဲလားနိုင်ငံရဲ့ ရေနံစည်တန်ဖိုးနဲ့လည်း ဆက်စပ်မှုရှိလာမယ်လို့ ပြောပါတယ်။ ဒါပေမယ့် ဘယ်လိုမျိုးဈေးနှုန်းတွေ သတ်မှတ်မှာလဲဆိုတာကိုတော့ အသေးစိတ်ရှင်းပြမသွားပါဘူး။ ဒ့်အပြင် ရင်းနှီးမြှုပ်နှံသူတွေကလည်း အစိုးရဟာ ဒီဂျစ်တယ်ငွေကြေးနဲ့ ရေနံဈေးနှုန်းကြား ချိတ်ဆက်မှုကို ထိန်းသိမ်းထားနိုင်လိမ့်မယ်လို့ မယုံကြည်ကြပါဘူး။ ဗင်နီဇွဲလားနိုင်ငံရဲ့ အကြွေးတွေကလည်း နည်းလာတာ မဟုတ်ပါဘူး။ ဒါဟာ ဒီဂျစ်တယ်ငွေကြေး အပေါ်မှာလည်း ရိုက်ခတ်လာနိုင်ပါတယ်။ အမေရိကန်နိုင်ငံဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ပြောရေးဆိုခွင့်ရသူကတော့ သူတို့အနေနဲ့ အမေရိကန်ရင်းနှီးမြှုပ်နှံသူတွေကို ဗင်နီဇွဲလားနိုင်ငံရဲ့ ဒစ်ဂျစ်တယ်ငွေကြေးလုပ်ဆောင်မှုအကြောင်းကို သတိပေးမှုတွေ လုပ်ဆောင်ထားတယ်လို့ ပြောပါတယ်။

### ဒစ်ဂျစ်တယ် ငွေကြေးစနစ် အဆင်ပြေပါ့မလား

ဗင်နီဇွဲလားနိုင်ငံအနေနဲ့ ဒစ်ဂျစ်တယ်ငွေကြေးစနစ်ကို ကောင်းကောင်းလုပ်ဆောင်နိုင်ပါ့မလားဆိုတာသံသယရှိစရာပါပဲ။ အမေရိကန်နိုင်ငံဟာလည်း ဒီအတိုင်းထိုင်ကြည့်နေမယ့် ပုံမပေါက်ပါဘူး။ တစ်နည်းနည်းနဲ့ ဗင်နီဇွဲလားနိုင်ငံကို စီးပွားရေးအရပိတ်ဆို့ဖို့ လုပ်ဆောင်ဦးမှာပါပဲ။ သမ္မတ မက်ဒူရိုအစိုးရကို ဝေဖန်ကြသူတွေနဲ့ အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းကတော့ ဒီလိုဖြစ်ရတာဟာ သမ္မတရဲ့ မှားယွင်းတဲ့ စီမံခန့်ခွဲမှုတွေကြောင့်လို့ သုံးသပ်ကြပါတယ်။ သမ္မတမက်ဒူရိုကတော့ နိုင်ငံရဲ့စီးပွားရေးကျဆင်းရတာဟာ သူ့ရဲ့အားနည်းချက်ကြောင့်လို့တော့ မမြင်ပါဘူး။ နိုင်ငံရဲ့အခြေအနေကိုမတည်ငြိမ်အောင်လုပ်နေကြတဲ့ ပြည်ပကသွေးထိုးသူတွေ၊ အတိုက်အခံတွေနဲ့ အမေရိကန်ရဲ့ ပိတ်ဆို့မှုတွေကြောင့်လို့ပဲ အပြစ်ဖို့ပါတယ်။

### ပိတ်ဆို့မှုတွေ ထပ်တိုး

သမ္မတထရန့်ရဲ့အစိုးရအဖွဲ့ကတော့ ဗင်နီဇွဲလားနိုင်ငံကို စီးပွားရေးအရပိတ်ဆို့မှုတွေပြုလုပ်ရတာဟာ အစိုးရရဲ့နိုင်ငံရေးအရဖိနှိပ်မှုတွေ၊ အကျင့်ပျက်ခြစားမှုတွေကို ဒဏ်ခတ်တဲ့ အနေနဲ့ပြုလုပ်ရတာလို့ပဲ အခိုင်အမာဆုပ်ကိုင်ထားပါတယ်။ လွန်ခဲ့တဲ့လအတွင်းမှာပဲ ပိတ်ဆို့မှု ပြုလုပ်ထားတဲ့ စာရင်းမှာ ဗင်နီဇွဲလားနိုင်ငံက အရာရှိတွေရဲ့ အမည်စာရင်းကို ထပ်တိုးထားပါတယ်။

### ရွေးကောက်ပွဲမှာ ဆက်လက်ပါဝင်

နိုင်ငံမှာ ဒီလိုမျိုးအခြေအနေတွေနဲ့ ရင်ဆိုင်နေရပြီးဝေဖန်မှုတွေနဲ့ ကြုံတွေ့နေရလည်း ဗင်နီဇွဲလားသမ္မတကတော့ အရေးမစိုက်ပါဘူး။ သူဟာဧပြီလအတွင်းမှာ ကျင်းပမယ့်နိုင်ငံရဲ့ ရွေးကောက်ပွဲမှာ ဆက်လက်ပါဝင်ဦးမှာပါပဲ။ သူ့ရဲ့အစိုးရအဖွဲ့ကလည်းရွေးကောက်ပွဲ လုပ်ငန်းစဉ်တွေနဲ့ တရားရုံးချုပ်ကို ချုပ်ကိုင်ထားတော့ သူပဲသေချာပေါက် အနိုင်ရဦးမှာပါပဲ။ ဒီဖြစ်ရပ်ကို တားဆီးဖို့ရာ မလွယ်ပါဘူး။ နိုင်ငံတကာကလည်း ဒီလုပ်ရပ်ကိုလက်မခံနိုင်ပါဘူး။ အမေရိကန်ပြည်ထောင်စု၊ ကိုလံဘီယာနဲ့ အခြားသောတိုင်းပြည်တွေကတော့ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်မပြုဘူးလို့ အစကတည်းက ကြေညာထားကြပါတယ်။

အခုလိုမျိုး ဒစ်ဂျစ်တယ်ငွေကြေးစနစ်ကို ပြည်သူနဲ့ မိတ်ဆက်လိုက်တာဟာဆိုရင် မက်ဒူရိုဟာနောက်ရွေးကောက်ပွဲမှာ သူ့အတွက် အလားလာကောင်းတွေရလာအောင် ဖန်တီးမှုတစ်ရပ်သာ ဖြစ်တယ်လို့လည်း ဝေဖန်ကြပါတယ်။ OPEC အဖွဲ့ရဲ့ ထုတ်ပြန်မှုတွေအရတော့ဗင်နီဇွဲလားနိုင်ငံဟာ ကမ္ဘာပေါ်မှာအကြီးဆုံးသော ရေနံသယံဇာတရှိတဲ့ နေရာတွေထဲကတစ်ခုပါ။ နိုင်ငံရဲ့ပို့ကုန် ၉၅ ရာခိုင်နှုန်းဟာ ရေနံအပေါ်မှာပဲ တည်မှီနေပါတယ်။ ရေနံအပေါ် တည်မှီပြီးချမ်းသာကြွယ်ဝတဲ့နိုင်ငံတွေလည်း အများကြီးရှိပါတယ်။ ဗင်နီဇွဲလားနိုင်ငံကတော့ ရေနံတွေပေါများပါလျက်နဲ့ စီးပွားရေးအကျပ်အတည်းတွေနဲ့ ရင်ဆိုင်နေရတာဟာ အစိုးရရဲ့ စီမံမှုညံ့ဖျင်းမှုကြောင့် မဟုတ်ဘူးလို့တော့ ငြင်းရတာခက်ပါတယ်။ သမ္မတရဲ့အခုအိုင်ဒီယာအသစ်ဟာလည်း နိုင်ငံကို ပြန်လည်ဦးမော့လာအောင် လုပ်နိုင်လိမ့်မယ်လို့ အတော်များများကမယုံကြည်ကြပါဘူး။ ဆိုရှယ်လစ်ခေါင်းဆောင် တစ်ဦးက ဒစ်ဂျစ်တယ် ငွေကြေးတစ်မျိုးကို အသုံးပြုတော့မယ်လို့ ကြေညာလိုက်တဲ့အခါ ကမ္ဘာကအံ့သြသင့်သွားတာကတော့ အမှန်ပါပဲ။ ဒစ်ဂျစ်တယ်ငွေကြေးဟာ အစိုးရကြေညာထားသလို စီးပွားရေးကျဆင်းမှုနဲ့ ငွေကြေးတန်ဖိုးကျဆင်းမှုကို ပြန်လည်အဖတ်ဆယ်နိုင်မယ်ဆိုရင်တော့ ဗင်နီဇွဲလားပြည်သူတွေအတွက် ဝမ်းသာစရာပါပဲ။ ဒီလိုမှမဟုတ် အခြေအနေတွေက ဒုံရင်းက ဒုံရင်းပဲဆိုရင်တော့ ပြည်သူတွေအတွက် ရင်လေးစရာပါပဲ။ ။

**ကိုးကား-နယူးယောက်တိုင်းမ်**

# ချောင်းနေတဲ့နဂါးနဲ့ ဝဲနေတဲ့လင်းယုန်

ဇော်ငြိမ်းဦး (MPA)

ကမ္ဘာ့စီးပွားရေးဖိုရမ် ၂၀၁၈ ကို ဆွစ်ဇာလန်နိုင်ငံအရှေ့ပိုင်း ဒါဗိုအပန်းဖြေစခန်းမှာ ဇန်နဝါရီလ ၂၃ ရက်နေ့မှ ၂၆ ရက်နေ့ထိ ကျင်းပခဲ့ပြီး ကိုယ်စားလှယ်ပေါင်း ၁၅၀၀ ခန့်တက်ရောက်ခဲ့ပါတယ်။ နိုင်ငံအကြီးအကဲတွေလည်း တက်ရောက်ခဲ့ပါတယ်။ ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က နာရီနှင့်ချီကြာအောင် မိန့်ခွန်းပြောကြားခဲ့ပြီး ဒါဗိုဖိုရမ်အပိတ်မိန့်ခွန်းကို ထရန့်က ပြောကြားခဲ့ပါတယ်။ အမေရိကန်သည်သာ ပထမ မူဝါဒကို အသုံးပြုနေသောကြောင့် အမေရိကန်သည် အထီးကျန်ဆန်နေသည့် အဓိပ္ပာယ်မရှိဟု ပြောကြားသွားခဲ့ချိန်မှာ ပနားမားသမ္မတJuan Carlos Varels ကတော့ CGTV က TianWai ရဲ့အင်တာဗျူးမှာ တရုတ်ရဲ့အရေးပါမှုတွေကို ရေလာမြောင်းပေးအမေးခံနေရပါတယ်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှု၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ လွတ်လပ်စွာကုန်သွယ်မှုစတဲ့အခန်းကဏ္ဍတွေမှာ အားလုံးပူးပေါင်းဆောင်ရွက်ရမှာဖြစ်ပြီး သမ္မတထရန့်၊ သမ္မတပူတင်၊ သမ္မတရှီကျင့်ဖျင်တို့သည်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ အတူပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်လို့ TianWai ရဲ့ ဒီဖိုရမ်နဲ့ပတ်သက်ပြီးနိုင်ငံတချို့ရဲ့ အရေးပါမှုကို ခေါင်းစဉ်တပ်ပြီး မေးမြန်းမှုကို ဖြေကြားသကဲ့သို့ တရုတ်တစ်ပြည်ထောင်မူဝါဒနှင့် ပတ်သက်၍ One China Principle ကိုလည်း မိမိလက်ခံပါကြောင်းဖြေကြားခဲ့ပါတယ်။

**ပနားမားတူးမြောင်း၏အရေးပါမှု**

တရုတ်နိုင်ငံကို သွားရောက်လည်ပတ်ခဲ့တဲ့ ခရီးစဉ်မှာလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် သဘောတူညီချက် ၁၉ ချက်ကို ဆောင်ရွက်ခဲ့ပါကြောင်းနှင့် ပနားမားနိုင်ငံသည် တရုတ်နိုင်ငံနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားခဲ့ပါတယ်။ ပနားမားအနေဖြင့်တရုတ်နဲ့ ပင်လယ်ရေကြောင်းကုန်သွယ်မှုစာချုပ်ချုပ်ဆိုနိုင်ခြင်းသည် ပနားမားဆိပ်ကမ်းများဖွံ့ဖြိုးရေးနှင့် ကုန်သေတ္တာတင်လုပ်ငန်းတွေ တိုးတက်ကောင်းမွန်ရေးတို့အတွက် များစွာအရေးပါတဲ့ အခြေအနေတစ်ရပ်ဖြစ်လာခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှာ ချုပ်ဆိုခဲ့တဲ့ ပင်လယ်ရေကြောင်းကုန်သွယ်မှုစာချုပ်သည် နှစ်နိုင်ငံကုန်သွယ်စီးပွားဖွံ့ဖြိုးတိုးတက်စေမှုများဖြစ်သည့်အပြင် ပနားမားတူးမြောင်းသည် တရုတ်နိုင်ငံအတွက် အရေးပါသည့် မဟာဗျူဟာမြောက်ဆုလာဘ်တစ်ခုဖြစ်လာခဲ့ပါတယ်။အကယ်၍ တရုတ်နိုင်ငံအနေဖြင့် ပနားမားတူးမြောင်းအား ကိုင်တွယ်နိုင်မည်ဆိုလျှင် အမေရိကန်၏ စီးပွားရေးကိုလည်းမျိုညှစ်နိုင်သည့် အနေအထားသို့ ရောက်ရှိမည်ဖြစ်ပါတယ်။

တရုတ်နိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံပြီးလျှင် ပနားမားတူးမြောင်းအား ဒုတိယမြောက်အသုံးပြုမှုအများဆုံးနိုင်ငံတစ်ခုဖြစ်ပါတယ်။ တစ်နှစ်လျှင် တရုတ်ကုန်သင်္ဘော ၁၃၀၀၀ ကနေ ၁၄၀၀၀ အထိ ဝင်ထွက်ခုတ်မောင်းလျက်ရှိပါတယ်။ အခြားတစ်ဖက်မှာလည်း အမေရိကန်၏ အရေးပါတဲ့၊ အချက်အချာကျတဲ့၊ မဟာဗျူဟာမြောက်ရေလမ်းကြောင်းဖြစ်တဲ့ ပနားမားတူးမြောင်းနဲ့ခပ်ဝေးဝေးနေဖို့ ဆုံးဖြတ်တာဟာ အမေရိကန်ရဲ့ အဆိုးရွားဆုံးမဟာဗျူဟာတစ်ခုသာ ဖြစ်တယ်လို့ ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလထုတ် ခရာမဂ္ဂဇင်း အယ်ဒီတာချုပ်ဖြစ်တဲ့ Gerald Flurry က သူရဲ့ဆောင်းပါးဖြစ်တဲ့ အင်အားကြီးနိုင်ငံတစ်ခု၏ အတက်အကျမှာရေးသားထားခဲ့သလို အတ္တလန္တိတ်သမုဒ္ဒရာနဲ့ ပစိဖိတ်သမုဒ္ဒရာကို ဆက်သွယ်ပေးတဲ့ အရှေ့အနောက်ကုန်သွယ်လမ်းကြောင်း တံခါးပေါက်ဖြစ်တဲ့ ပနားမားတူးမြောင်းကို ၈၅ နှစ်ကြာ ထိန်းချုပ်ထားခဲ့ကြောင်း၊ ပနားမားသည်အမေရိကန်လုံခြုံရေးအတွက် မရှိမဖြစ်လိုအပ်ကြောင်း ရေးသားခဲ့ပါတယ်။

**အမေရိကန်-ပနားမားနှစ်နိုင်ငံဆက်ဆံရေး**

အမေရိကန်-ပနားမားနှစ်နိုင်ငံဆက်ဆံရေးသမိုင်းကြောင်းကလည်း ကာလရှည်ပါတယ်။ အမေရိကန် ကျောထောက်နောက်ခံဖြင့် ပနားမားနိုင်ငံသည် ကိုလံဘီယာမှ ၁၉၀၃ ခုနှစ်တွင် ခွဲထွက်ပြီးတဲ့ အချိန်ကစလို့ပနားမားတူးမြောင်းဖောက်လုပ်ခြင်းကို အမေရိကန်စစ်အင်ဂျင်နီယာတွေနဲ့ ၁၉၀၄ ခုနှစ်ကနေ ၁၉၁၄ ခုနှစ်အထိဆောင်ရွက်ခဲ့ပါတယ်။ ပနားမားတူးမြောင်းအုပ်ချုပ်ခွင့်တွေကိုလည်း အမေရိကန်နိုင်ငံက ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၇၇ ခုနှစ်မှာတော့ အမေရိကန်ပြည်ထောင်စုက ပနားမားအားရာစုနှစ်အကုန်တွင် တူးမြောင်းကို လုံးဝအပြီးအပိုင် လွှဲပြောင်းပေးအပ်ရန် သဘောတူလက်မှတ်ရေးထိုးခဲ့ပါတယ်။ အမေရိကန်သမ္မတ ဂျင်မီကာတာလက်ထက်ပနားမားအာဏာရှင် Omar Torrijos နဲ့ Torrijos Carter သဘောတူညီချက်ကို ဆောင်ရွက်ခဲ့သလို ၂၀၀၀ ပြည့်နှစ်မှာ ပနားမားကို လွှဲပြောင်းပေးဖို့လည်း ပါရှိခဲ့ပါတယ်။ အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်လက်ထက်မှာတော့ အမေရိကန်ရဲ့ တပည့်ရင်းကြီးဖြစ်တဲ့ အာဏာရှင် မန်နူရယ်နိုရီရေးဂါးရဲ့ အခြေအနေမဟန်တော့တဲ့ လုပ်ရပ်တွေကြောင့် အမေရိကန်က ပနားမားကို Operation Just case နဲ့ ၂၀ ဒီဇင်ဘာ ၁၉၈၉ ကနေ ၃၁ ဇန်နဝါရီ ၁၉၉၉ အထိ ကျူးကျော်ဝင်ရောက်ခဲ့ပါတယ်။ နိုရီရေးဂါးကိုလည်း မူးယစ်ဆေးဝါးအမှုအပါအဝင် အခြားအမှုတွေနဲ့ ဖမ်းဆီးခဲ့ပါတယ်။ ထရန့်ရဲ့ အမေရိကန်သည်သာ ပထမပေါ်လစီလက်ထက်မှာတော့ပနားမားရဲ့ခပ်ဝေးဝေးမှာရောက်နေတဲ့ အမေရိကန်နေရာကို တရုတ်ကအစားထိုးဝင်ရောက်ဖို့ ကြိုးစားလာပါတယ်။

> “တစ်နှစ်လျှင် တရုတ်ကုန်သင်္ဘော ၁၃၀၀၀ ကနေ ၁၄၀၀၀ အထိ ဝင်ထွက်ခုတ်မောင်းလျက်ရှိပါတယ်။ အခြားတစ်ဖက်မှာလည်း အမေရိကန်၏ အရေးပါတဲ့ အချက်အချာကျတဲ့ မဟာဗျူဟာမြောက်ရေလမ်းကြောင်းဖြစ်တဲ့ ပနားမားတူးမြောင်းနဲ့ ခပ်ဝေးဝေးနေဖို့ ဆုံးဖြတ်တာဟာ အမေရိကန်ရဲ့ အဆိုးရွားဆုံးမဟာဗျူဟာ တစ်ခုသာ”

ပနားမားသည်ရေကြောင်း ပိုးလမ်းမကြီးရဲ့တစ်ထောက်နားရပ်ဖြစ်လာတော့မှာ ဖြစ်ပါတယ်။ တရုတ်အတွက်တော့ လက်တင်အမေရိကနဲ့ ကာရစ်ဘီယန်ဒေသ (LAC) ကို ရွှေလမ်းငွေလမ်းဖောက်ဖို့ အခွင့်အလမ်းတွေပိုရလာတော့မှာ ဖြစ်သကဲ့သို့ စွမ်းအင်၊ သတ္တုနဲ့စိုက်ပျိုးရေး၊ စဉ်ဆက်မပြတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံရေး၊ စီးပွားရေးဒေသတွင်းနဲ့ အပြည်ပြည်ဆိုင်ရာအရေးအခင်းရာများတွင် ၎င်းနိုင်ငံများအား ထောက်ခံခြင်းဖြင့်ချဉ်းကပ်တော့မှာ ဖြစ်ပါတယ်။ တရုတ်ထုတ်ကုန်ပစ္စည်းတွေအတွက် ဈေးကွက်အသစ်တွေလည်း ထပ်မံရရှိမှာဖြစ်ပါတယ်။ တရုတ်နိုင်ငံသည်သွင်းကုန် ၇၀ ရာခိုင်နှုန်းအဖြစ် လက်တင်အမေရိကနိုင်ငံတွေကနေ စွမ်းအင်လောင်စာ၊ ဆီ၊ သံ၊ ကြေးနီနှင့် သတ္တုရိုင်းတွေကို တင်သွင်းပါတယ်။

ပိုးလမ်းမကြီး (SILK ROAD) လို့နာမည်ပေးခဲ့တာတော့ ၁၈၇၇ ခုနှစ် ဂျာမန်ပထဝီဆရာ Ferdinand Van Richthofen ပဲ ဖြစ်ပါတယ်၊ပိုးလမ်းမကြီးသည် တရုတ်ပြည်က ထွက်ကုန်တွေဖြစ်တဲ့ပိုးထည်တွေနဲ့ အခြားထွက်ကုန်တွေကို အခြားနိုင်ငံများနှင့် ကုန်သွယ်ရာလမ်းကြောင်းတစ်ခုဖြစ်သလို ကုန်ပစ္စည်းဖလှယ်ရာ၊ စီးပွားရေး၊ ယဉ်ကျေးမှုသိပ္ပံအတွေးအခေါ်များ ဖလှယ်ရာကုန်သွယ်လမ်းကြောင်းတစ်ခု ဖြစ်လာခဲ့ပါတယ်။ ဥရောပ၌ အော်တိုမင်အင်ပါယာကျယ်ပြန့်လာပြီးတဲ့နောက်ပိုင်း ၁၄၅၃ ခုနှစ်မှာတော့ ပိုးလမ်းမကြီးသည် ကမ္ဘာကြီးနှင့်အဆက်သွယ်ပြတ်သွားပါတော့တယ်။ OBOR One Belt, One Road လို့ခေါ်တဲ့ မဟာစီမံကိန်းနှင့် ပိုးလမ်းမကြီးကို ပြန်လည်အသက်သွင်းဖို့ လုပ်ဆောင်လာခဲ့ပါတယ်။ မာကိုပိုလိုခရီးသွားခဲ့တဲ့ အာရှနဲ့ဥရောပကို ဆက်သွယ်တဲ့ ရေကြောင်းပိုးလမ်းမကြီးကလည်း ၂၀၁၃ခုနှစ်မှာပြန်အသက်ဝင်လာပြီဖြစ်ပါတယ်၊ နိုင်ငံပေါင်း ၇၀ ကျော်ပါဝင်ပြီးအာရှ၊ ဥရောပအလယ်ပိုင်း၊ မြေထဲပင်လယ်ဒေသနဲ့ အာဖရိကမြောက်ပိုင်းနိုင်ငံတွေမှာ အခြေခံအဆောက်အအုံတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက်တရုတ်အစိုးရက ဒေါ်လာသန်းတစ်ထရီလီယံရင်းနှီးမြှုပ်နှံမှု ပြုလုပ်သွားမယ့် မဟာစီမံကိန်းကြီးပဲဖြစ်ပါတယ်၊ OBOR One Belt, One Road နာမည်ပေးတာနဲ့ ပတ်သက်ပြီး အယူအဆအမျိုးမျိုးပေါ်ထွက်လာနေပါတယ်။ တကယ်တမ်းတရုတ်ဘာသာနဲ့ Yi dai Yi lu လို့ခေါ်တဲ့ အဆိုပါစီမံကိန်းကြီးကို တရုတ်သမ္မတက ၂၀၁၃ ခုနှစ် စက်တင်ဘာလအတွင်း ကာဇက်စတန်နိုင်ငံရှိ တက္ကသိုလ်တစ်ခုမှာ မိန့်ခွန်းပြောကြားစဉ် စတင်ပြောဆိုခဲ့တာဖြစ်ပါတယ်၊ စပြီးပြောစဉ်က Silk Road Economic Belt လို့ ပြောခဲ့တာဖြစ်ပေမယ့် နောက်ပိုင်းတရုတ်ပညာရှင်များက One Belt,One Road လို့ ပြန်လည်အမည်ပေးခဲ့တာဖြစ်ပါတယ်။

အဆိုပါစီမံကိန်းအမည်မှာဖော်ပြထားတဲ့ Road ဆိုတာ တကယ်တော့ Road မဟုတ်ဘဲ တရုတ်ပြည်ရဲ့ တောင်ဘက်ကမ်းရိုးတန်းနဲ့ အရှေ့အာဖရိက၊ မြေထဲပင်လယ်တို့နဲ့ ဆက်သွယ်ပေးမယ့် ပင်လယ်ရေလမ်းကြောင်းကို ဆိုလိုတာဖြစ်ပါတယ်။ Belt ဆိုတာကတော့ ကုန်းလမ်းမှတစ်ဆင့် အာရှအလယ်ပိုင်းနဲ့ အရှေ့အလယ်ပိုင်းကိုဖြတ်ပြီး နိုင်ငံအသီးသီးကိုဖြတ်ကာ ဥရောပနဲ့ တရုတ်ပြည်ကို ဆက်သွယ်ပေးမယ့် အစီအစဉ်ဖြစ်ပါတယ်၊ ဒီနေရာမှာ မြောက်ပိုင်းအလယ်ပိုင်းနဲ့ တောင်ပိုင်းခါးပတ်ဆိုပြီး ခွဲထားပြန်ပါတယ်။ မြောက်ပိုင်းလမ်းက အရှေ့အလယ်ပိုင်းနဲ့ ရုရှားကိုဖြတ်ပြီး ဥရောပနဲ့ ဆက်သွယ်မှာဖြစ်ပြီး၊ အလယ်ပိုင်းလမ်းကတော့ အာရှအလယ်ပိုင်း၊ အနောက်ပိုင်းနဲ့ ပါရှားပင်လယ်ကွေ့ကိုဖြတ်ပြီး မြေထဲပင်လယ်ဆီသို့သွားမှာဖြစ်ကာ တောင်ပိုင်းလမ်းကတော့ အရှေ့တောင်အာရှ၊ တောင်အာရှကနေ အိန္ဒိယသမုဒ္ဒရာဘက် ဖောက်ထွက်မှာ ဖြစ်ပါတယ်။

**စီးပွားရေးဖွံ့ဖြိုးမှု မြှင့်တင်ရန်စီမံခြင်းဖြစ်**

ယင်းစီမံကိန်းဟာ လွန်စွာရည်မှန်းချက်ကြီးမားလှပြီး ခေတ်သစ်ကြီးတစ်ခုဖွင့်လှစ်ရန်အတွက် တရုတ်ကုန်သွယ်ရေးတိုးမြှင့်ရန်နှင့်အာရှတစ်ခွင်ကိုကျော်လွန်ပြီး စီးပွားရေးဖွံ့ဖြိုးမှုမြှင့်တင်ရန်စီမံခြင်းဖြစ်ပါတယ်၊ ဂျပန်တွေဩဇာလွှမ်းမိုးတဲ့ အာရှဘဏ် (ADB)နဲ့အပြိုင်အာရှအခြေခံအဆောက်အအုံတွေ ရင်းနှီးမြှုပ်နှံမှုဘဏ် Asian Infrastructure Investment Bank(AIIB)ကိုဒေါ်လာသန်း ၁၀၀ ဘီလီယံ မတည်ကာ တည်ထောင်ခဲ့ပြီး ၂၀၁၅ အကုန်ပိုင်းမှာ စတင်လှုပ်ရှားသက်ဝင်လာခဲ့ပါတယ်။ လက်တင်အမေရိကအတွက်တော့ China Development Bank ကို ပနားမားမှာ ဖွင့်လှစ်မှာဖြစ်ပါတယ်။

One Belt,One Road မဟာဗျူဟာအောက်က String of Pearls Project ပုလဲသွယ်စီမံကိန်းပါပဲ၊ တရုတ်က သူ့မှာ ပုလဲသွယ်စီမံကိန်း String of pearls Project (SOP) ဆိုတာမရှိပါဘူး အမြဲငြင်းသလို အမေရိကန်ကလည်း သူ့မှာ တရုတ်ကို ဝိုင်းပတ်ပိတ်ဆို့ရေး China Containment Policy (CCP) ဆိုတာ မရှိပါဘူးလို့ အမြဲငြင်းပါတယ်။ ငြင်းနေကြရင်းနဲ့ပဲဒေါ်လာ ၁ ဒသမ ၁ ဘီလီယံတန် သီရိလင်္ကာက Hambantota ဆိပ်ကမ်းစီမံကိန်းတို့၊ ဘင်္ဂလားဒေ့ရှ်က စစ်တကောင်းဆိပ်ကမ်းတို့၊ ပါကစ္စတန်က Gwadar တို့မှာ တရုတ်ကငွေတွေ သွန်လောင်းထားတဲ့ ဆိပ်ကမ်းတည်ဆောက်ရေးစီမံကိန်းတွေက တရုတ်ရဲ့SOP အဖြစ် ဘွားဘွားကြီးပေါ်လာတဲ့ အခါ ဒီလိုဆိပ်ကမ်းတွေဟာ Maritime Silk Road ရေကြောင်းပိုးလမ်းမကြီးပါလို့တော့ ဆိုနေပါတယ်။

အမေရိကန်ဒေါ်လာ ၆၂ ဘီလီယံတန်တရုတ်-ပါကစ္စတန်စီးပွားရေးစင်္ကြံစီမံကိန်းကို စတင်နေပြီဖြစ်ပါတယ်။ ထိုစီမံကိန်းအရ အဝေးပြေးကားလမ်းတွေ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေ၊ မီးရထားလမ်းတွေပါဝင်မှာ ဖြစ်ပါတယ်။ တရုတ်ရဲ့အိန္ဒိယသမုဒ္ဒရာနဲ့ထိစပ်နိုင်ငံတွေကို တရုတ်ရေတပ်တရုတ်စီးပွားရေးတို့ဖြင့် စိုးမိုးထားရေးအတွက် ပုလဲသွယ်စီမံကိန်းမှာ ပစ်မှတ်ထားတဲ့ ဆိပ်ကမ်းမြို့တွေကို ကြည့်လိုက်ရင်၊ ဟောင်ကောင်ကနေ ပါကစ္စတန်က ဂွါဒါအထိတင် ပုလဲပုတီးတစ်ကုံးလိုမြင်ရတဲ့ အနေထားကို တွေ့မြင်ရပါတယ်။

၁။ Hong Kong (တရုတ်)
၂။ Sanya (ဟိုင်နန်ကျွန်း၊ တရုတ်)
၃။ Woody (တရုတ်၊ ထိုင်ဝမ်၊ ဗီယက်နမ်တို့ အငြင်းပွားကျွန်း)
၄။ Spratly (တရုတ်၊ ထိုင်ဝမ်၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ မလေးရှား၊ ဘရူနိုင်းတို့ အငြင်းပွားကျွန်းစု)
၅။ Sihanoukville နှင့် Ream (ကမ္ဘောဒီးယား)
၆။ Kra (ထိုင်း)
၇။ CoCo Island (မြန်မာ)
၈။ KyaukPhyu နှင့် Sittwe (မြန်မာ)
၉။ Chittagon (ဘင်္ဂလားဒေ့ရှ်)
၁၀။ Hambantota (သီရိလင်္ကာ)
၁၁။ Marao Atoll (မော်လဒိုက်)
၁၂။ Gwaadarနှင့် Pasni (ပါကစ္စတန်)
၁၃။ Al-Ahdab(အီရတ်)
၁၄။ Pureto-Sudan(ဆူဒန်)
၁၅။ Lamu (ကင်ညာ)စတဲ့ဆိပ်ကမ်းတွေကို ပုလဲပုတီးတစ်ကုံးလိုမြင်တွေ့ရမှာ ဖြစ်ပါတယ်။

Ref: https://en.wikipedia.org/wi…/string_of_Pearls_(India_Ocean)

**ရေလမ်းကြောင်း ပိုးလမ်းမကြီး**

တရုတ်တွေအဖို့ စီးပွားရေးကျဆင်းလာတဲ့အခါမျိုးမှာ ၎င်းတို့ရဲ့နည်းပညာတွေနဲ့ ကုန်စည်တွေအတွက် ဈေးကွက်ရှာဖို့ လိုလာတာဖြစ်ပါတယ်၊ ပြည်တွင်းမှာရှိတဲ့ ဘိလပ်မြေစက်ရုံတွေ၊ သံမဏိစက်ရုံတွေကို ဖွံ့ဖြိုးမှုနည်းပါးတဲ့နိုင်ငံတွေထံ ပြောင်းရွှေ့ဖွင့်လှစ်ပြီး ပြည်ပကို တင်ပို့သွားနိုင်ဖို့ ရည်ရွယ်နေပါတယ်။ ဒေါ်နယ်ထရန့် ဦးဆောင်တဲ့ အမေရိကန်အစိုးရက အာရှကပြန်လည် ဆုတ်ခွာဖို့ ခြေလှမ်းနေချိန်မှာကျန်ရှိတဲ့ ကွက်လပ်ကို ဖြည့်ဆည်းပြီး ဩဇာလွှမ်းနိုင်ရန် ကြံရွယ်လာတဲ့ ဘူမိနိုင်ငံရေး ကစားကွက်တစ်ခုလို့ သုံးသပ်မှုတွေရှိလာနေပါတယ်။

ရေကြောင်းပိုးလမ်းမကြီး Maritime Silk Road လို့လည်း ခေါ်ကြတဲ့ ပုလဲသွယ်သီဝရီဟာ အိန္ဒိယသမုဒ္ဒရာဝန်းကျင် ဒေသမှာ တရုတ်ရဲ့စစ်ရေး၊ စီးပွားရေးတည်ဆောက်လာမယ့် အလားအလာအဖြစ် ခန့်မှန်းတွက်ဆထားတဲ့ တွေးဆချက်ကနေ ပေါက်ဖွားလာတဲ့ ပထဝီနိုင်ငံရေးသီအိုရီတစ်ခု ဖြစ်ပါတယ်။

အာရေဗျကျွန်းဆွယ်၊ အာရေဗျပင်လယ်ဝ၊ပါရှန်ပင်လယ်ကွေ့ထဲက ဟောမုဇ်ရေလက်ကြားနဲ့ရေမိုင် ၂၄၀ ကွာဝေးတဲ့ ပါကစ္စတန်ရဲ့ ဆိပ်ကမ်းမြို့တည်ဆောက်တဲ့ စီမံကိန်းမှာ တရုတ်က အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် ပါဝင်ပြီး ပါကစ္စတန်မှာ တရုတ်ရဲ့အကြီးမားဆုံး ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေတဲ့အပေါ် အိန္ဒိယက ရတက်မအေးဖြစ်သလို အိန္ဒိယသမုဒ္ဒရာကို မဟာဗျူဟာအရ ထိန်းချုပ်ဖို့ ကြိုးပမ်းချက်သာဖြစ်တယ်လို့ စွပ်စွဲပြီးနှစ်ရက်ကြာကျင်းပခဲ့တဲ့ One Belt, One Road ဖိုရမ်ကို ဝန်ကြီးချုပ်မိုဒီက မတက်ရောက်ခဲ့ပါဘူး။

ရုရှားသမ္မတပူတင်အပါအဝင်နိုင်ငံပေါင်း ၂၉ နိုင်ငံက ခေါင်းဆောင်များတက်ရောက်ခဲ့တဲ့ ၂၀၁၇ ခုနှစ် မေလ ၁၄ ရက်နေ့ကနေ ၁၅ ရက်နေ့အထိ ကျင်းပခဲ့တဲ့ ဖိုရမ်ကိုနိုင်ငံပေါင်း ၁၃၀ က ကိုယ်စားလှယ်တွေနဲ့ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း (၇၀) တက်ရောက်ခဲ့ပါတယ်။ ရေကြောင်းပိုးလမ်းမကြီးရဲ့စင်္ကြံကြီးခြောက်ခုအနက် လေးခုမြောက်စင်္ကြံဟာ မြန်မာနိုင်ငံနဲ့ ဆက်စပ်ပတ်သက်နေပါတယ်။ တရုတ်၊ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယစင်္ကြံဖြစ်ပြီး တရုတ်နိုင်ငံတောင်ပိုင်းကနေ မြန်မာနိုင်ငံကို ဖြတ်မှာဖြစ်ပါတယ်။ အဲဒီစီမံကိန်းတွေအတွက် ကျောက်ဖြူရေနက်ဆိပ်ကမ်းဟာအချက်အချာနေရာတစ်ခုဖြစ်လာပါတယ်။

**အင်အားကြီးနိုင်ငံတစ်ခု၏ အတက်အကျ**

အမေရိကန်အပါအဝင် အနောက်အုပ်စုကကျောထောက်နောက်ခံပြုထားတဲ့ ချင်းနိုင် Chennai ဆိပ်ကမ်း (အိန္ဒိယ)နှင့် ထားဝယ်ရေနက်ဆိပ်ကမ်း (Dawei Deep Seaport) တို့ကို ရေကြောင်းစင်္ကြံ Maritime corridor ထိုးမယ့် စီမံကိန်းတို့ နှစ်ခုဟာ အိန္ဒိယသမုဒ္ဒရာထဲကမြန်မာ့ရေပိုင်နက်အတွင်းရောအပြင်မှာပါ ကပ္ပလီပင်လယ်ပြင် (Adaman Sea) မှာလာပြီး ထိပ်တိုက်တွေ့နိုင်ကြမယ့် အလားအလာကိုလည်း မှန်းဆကြည့်နိုင်သလို အိန္ဒိယရဲ့ အရှေ့မျှော်မူဝါဒရဲ့ အကျိုးဆက်အဖြစ် စစ်တွေဆိပ်ကမ်း၊ ကုလားတန်မြစ်ကြောင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကလည်းရှိနေပါတယ်။ OBOR ဖိုရမ်ကို မတက်ရောက်ခဲ့သောဗြိတိန်ဝန်ကြီးချုပ် ထရီဇာမေက ဥရောပသမဂ္ဂကနုတ်ထွက်လျှင် ကုန်သွယ်ရေးအတွက် တရုတ်ပြည်ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှာ သုံးရက်ကြာခရီးစဉ်အဖြစ် ရောက်ရှိလာပါတယ်။ တရုတ်နိုင်ငံနဲ့ အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံ၊ ပေါင် ၉ သန်းတန် ကုန်သွယ်ရေးစာချုပ်တွေကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒ့ါအပြင် ပြင်သစ်သမ္မတမက်ခရွန်ကလည်း ဒီနှစ်အတွင်းမှ တရုတ်နိုင်ငံသို့ ရောက်ရှိခဲ့ပြီး အင်အားကြီးနိုင်ငံတစ်ခုရဲ့အတက်အကျအတွက် အမာခံပွဲကြည့်ပရိသတ်တွေဖြစ်လာခဲ့ပါတယ်။

ပနားမားတူးမြောင်းသည် ကမ္ဘာ့သမုဒ္ဒရာကြီးနှစ်စင်းရဲ့ အသက်သွေးကြောတစ်ခုဖြစ်သလို အရှေ့အနောက်ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းကို ထိန်းချုပ်နိုင်တဲ့နေရာတစ်ခုဖြစ်ပါတယ်။ တရုတ်နိုင်ငံအနေဖြင့် ပနားမားတူးမြောင်းအားကိုင်တွယ်နိုင်မည်ဆိုလျှင် အမေရိကန်၏ စီးပွားရေးကိုလည်းမျိုညှစ်နိုင်တဲ့ အနေအထားသို့ ရောက်ရှိမှာဖြစ်သလို String of Pearls Project ပုလဲသွယ် စီမံကိန်းမှာပါဝင်တဲ့ Spratly ကျွန်းစုရေပြင် တောင်တရုတ်ပင်လယ်ဘက်မှာ အန်ကယ်ဆမ်ကတော့ လွတ်လပ်စွာလေကြောင်းပျံသန်းခွင့်၊ လွတ်လပ်စွာ သင်္ဘောသွားလာခွင့်တို့နဲ့ ထိပ်တိုက် ရင်ဆိုင်မှုများစွာရှိနေသလို၊ ဂျပန်နိုင်ငံနှင့် တရုတ်တို့ရဲ့ရေပြင်ပိုင်နက် အငြင်းပွားမှုတွေ၊ ကိုရီးယားကျွန်းဆွယ် အခြေအနေတွေကြောင့် ချောင်းနေတဲ့နဂါးလို အမေရိကန်လင်းယုန်ကလည်း စောင့်ကြည့်ဝဲပျံနေမှာ ဖြစ်ပါတယ်။ ။

# Recruitment Day 2018 ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

အလုပ်အကိုင်ရှာဖွေရေးဝက်ဘ်ဆိုက်ဖြစ်သည့် Work.com.mm က စီစဉ်ကျင်းပမည့် Recruitment Day 2018 ကို ရန်ကုန်မြို့ရှိ Rose Garden Hotel ၌ ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်ကာ အလုပ်အကိုင် ရှာဖွေနေသူများ လာရောက်၍ သင့်တော်သော အလုပ်နေရာများကို လျှောက်ထားနိုင်မည်ဖြစ်သည်။

အဆိုပါ Recruitment Day 2018 အလုပ်အကိုင်ပြပွဲ ဖြစ်မြောက်ရေးအတွက် အူရီဒူးမြန်မာက အဓိက ကူညီပံ့ပိုးထားပြီး ပြပွဲတွင် အူရီဒူးမြန်မာကလည်း ပြခန်းတစ်ခန်း ပါဝင်ပြသကာ အူရီဒူးမြန်မာ၏ အရောင်းနှင့်ဖြန့်ချိရေးဌာန၊ Business to Business (B2B)ဌာန၊ လူ့စွမ်းအားအရင်းအမြစ်ဌာန၊ ဈေးကွက်ချဲ့ထွင်ရေးဌာနနှင့် ဘဏ္ဍာရေးဌာနတို့တွင် Specialist ရာထူးမှ စတင်၍ အကြီးတန်းမန်နေဂျာ အဆင့်အထိ ရာထူးနေရာ အများပြားအတွက် ဝန်ထမ်းများကို ခေါ်ယူသွားမည်ဖြစ်ကြောင်း၊ ရန်ကုန်နှင့် အခြားနေရာဒေသများတွင် လစ်လပ်လျက်ရှိသော ရာထူးနေရာ အများအပြားအတွက် လုပ်ငန်းကျွမ်းကျင်သူများကို ပြပွဲတွင် ခေါ်ယူ၍ ခန့်ထားမည်ဖြစ်ကြောင်း သိရသည်။

အူရီဒူးမြန်မာမှ တာဝန်ရှိသူ Ms. Cecile Umana က "ကျွန်မတို့အနေနဲ့ တီထွင်ဖန်တီးနိုင်စွမ်းရှိပြီး မိမိတို့ရဲ့အလုပ်ကိုလည်း စိတ်အားထက်ထက်သန်သန်နဲ့ ပိုမိုတိုးတက်အောင်မြင်အောင် လုပ်ဆောင်လိုတဲ့ အလုပ်လျှောက်ထားသူတွေကို ကြိုဆိုပါတယ်၊ Recruitment Day 2018 မှာ ကိုယ်ရေးရာဇဝင်ကို ယူဆောင်လာပြီး အူရီဒူးမြန်မာရဲ့ပြခန်းကို လာခဲ့ပါလို့ ဖိတ်ခေါ်ပါတယ်"ဟု ပြောသည်။ **ကျော်ဇင်ဦး**

# ဒေတာသုံးစွဲမှုကို ထိန်းချုပ်နိုင်မည့် ပုံစံနှစ်မျိုးကို တယ်လီနောမိတ်ဆက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

တယ်လီနောဆင်းကတ် အသုံးပြုသူများအနေဖြင့် အင်တာနက်သုံးရာတွင် ဒေတာသုံးစွဲမှု ပမာဏကို ကိုယ်တိုင်စိတ်တိုင်းကျ ထိန်းချုပ်နိုင်ပြီး ကုန်ကျစရိတ်ကိုလည်း ၂၀ ရာခိုင်နှုန်းအထိ ပိုမိုသက်သာစေမည့် ဒေတာတန်တန်နှင့် ဒေတာမြန်မြန်အမည်ရှိ ဝန်ဆောင်မှုပုံစံသစ်နှစ်မျိုးကို တယ်လီနောက ဖေဖော်ဝါရီ ၂၂ ရက်တွင် စတင်မိတ်ဆက်လိုက်သည်။

အဆိုပါ အစီအစဉ်အရ prepaid နှင့် postpaid အသုံးပြုသူ နှစ်မျိုးလုံးအနေဖြင့် အင်တာနက်အသုံးပြုရာတွင် အမြန်နှုန်းအပေါ် အဓိကထားသည့် အစီအစဉ်ကိုလည်းကောင်း၊ ဈေးနှုန်းသက်သာမှုကို အဓိကထားသည့် အစီအစဉ်ကိုလည်းကောင်း ကြိုက်နှစ်သက်ရာ ပြောင်းလဲရွေးချယ် အသုံးပြုနိုင်မည်ဖြစ်ကာ အသုံးပြုမည့်နည်းလမ်းအပေါ် မူတည်၍ ကြိုက်နှစ်သက်ရာ အရည်အသွေးကို ရယူနိုင်မည်ဖြစ်ပြီး အင်တာနက်အသုံးပြုခြင်းကြောင့် ဖုန်းဘီလ်ကုန်ကျစရိတ် ပမာဏကို ပိုမိုထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

"တယ်လီနောသုံးစွဲသူတွေထဲမှာ အင်တာနက်သုံးစွဲရတာကို ကြိုက်နှစ်သက်ပုံ အမျိုးမျိုးရှိပါတယ်၊ ဒီဒေတာဝန်ဆောင်မှု ပုံစံနည်းလမ်းနှစ်မျိုးနဲ့ ကျွန်တော်တို့ရဲ့ ကွန်ရက်ကို သုံးစွဲနေကြသူတွေအနေနဲ့ ဒေတာအသုံးပြုမှုပမာဏ၊ ကုန်ကျစရိတ်နဲ့ အရည်အသွေးတွေကို အပြည့်အဝထိန်းချုပ်နိုင်ပြီဖြစ်လို့ အားလုံးအတွက် ထိရောက်တဲ့ ဖြေရှင်းချက်တွေထဲက တစ်ခုဖြစ်ပါတယ်"ဟု တယ်လီနောမြန်မာ၏ ဈေးကွက်ဖော်ဆောင်ရေး အရာရှိချုပ် Joslin Myrthong က ပြောကြားသည်။

ဒေတာတန်တန်အစီအစဉ်ကို အသုံးပြုပါက ဒေတာအမြန်နှုန်းကို သတ်မှတ်ချက်ရှိသွားမည်ဖြစ်၍ ကုန်ကျငွေကို ၂၀ ရာခိုင်နှုန်းအထိ သက်သာစေနိုင်မည်ဖြစ်ကာ ထိုအစီအစဉ်ကို အသုံးပြုခြင်းအားဖြင့် သုံးသူများ၏ မိုဘိုင်းဖုန်းအမျိုးအစားနှင့် သင့်တော်သော အရည်အသွေးရှိသည့် အွန်လိုင်းဗီဒီယိုများကို ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း၊ ဒေတာမြန်မြန် အစီအစဉ်မှာမူ တယ်လီနော 4G ကွန်ရက်တွင် ရရှိနိုင်မည့် အမြင့်ဆုံး အမြန်နှုန်းဖြင့် အင်တာနက်ကို သုံးစွဲနိုင်မည်ဖြစ်ပြီး အင်တာနက်သုံးစွဲမှုအတွက် ငွေကြေးကုန်ကျမှု ပိုရှိနိုင်သော်လည်း ဗီဒီယိုကြည့်ခြင်း၊ အွန်လိုင်းဂိမ်းကစားခြင်း၊ ဒေါင်းလုတ်ဆွဲခြင်းများအတွက် ပို၍အဆင်ပြေစေမည့် အစီအစဉ်ဖြစ်ကြောင်း သိရသည်။ သုံးစွဲသူများအနေဖြင့် ဤအစီအစဉ် နှစ်ခုထဲမှ မည်သည့်အစီအစဉ်ကိုမဆို ရယူနိုင်သလို ပြောင်းလဲသုံးစွဲလိုလျှင်လည်း အချိန်မရွေး အခမဲ့ပြောင်းလဲ၍ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဒေတာတန်တန် ဝန်ဆောင်မှုကို ရယူအသုံးပြုလိုသူများအနေဖြင့် *979*11*1# ကို ဖုန်းခေါ်ဆို၍ဖြစ်စေ၊ နံပါတ် ၅၀၀ သို့ 'TAN' ဟု စာတိုပေးပို့၍ဖြစ်စေ ရယူနိုင်ပြီး ဒေတာမြန်မြန်ကို ပြောင်းလဲအသုံးပြုလိုပါက *979*11*2# ကို ဖုန်းခေါ်ဆို၍ဖြစ်စေ၊ ၅၀၀ သို့ 'MYAN' ဟု စာတိုပေးပို့ခြင်းဖြင့်ဖြစ်စေ ပြောင်းလဲအသုံးပြုနိုင်ကြောင်း၊ အသုံးပြုသူများအနေဖြင့် ဤအစီအစဉ် နှစ်ခုကို ပြောင်းလဲအသုံးပြုရာတွင် မည်သည့်အခကြေးငွေကိုမှ ထပ်မံပေးချေစရာမလိုဘဲ မိမိအသုံးပြုသော ဒေတာပမာဏအတွက် ပုံမှန်နှုန်းထားအတိုင်းသာ ပေးချေရမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# တယ်လီနောက ပြည်ပသို့ဖုန်းခေါ်ဆိုနှုန်းထား ပြောင်းလဲသတ်မှတ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

ပြည်တွင်းမှ တယ်လီနောသုံးစွဲသူများအနေဖြင့် တရုတ်၊ ထိုင်းနှင့် မလေးရှားနိုင်ငံများရှိ မိတ်ဆွေသူငယ်ချင်း၊ မိသားစုများထံသို့ အသက်သာဆုံးသောဈေးနှုန်းဖြင့် ဆက်သွယ်ပြောဆိုနိုင်မည့် နိုင်ငံတကာ ဖုန်းခေါ်ဆိုမှု အထူးနှုန်းတစ်ခုကို တယ်လီနောမြန်မာက ဖေဖော်ဝါရီ ၁၅ ရက်က စတင်မိတ်ဆက်ခဲ့ကာ အဆိုပါ အထူးနှုန်းထားအရ တယ်လီနော အသုံးပြုသူများသည် အထက်ပါနိုင်ငံများရှိ မည်သည့်ဖုန်းကိုမဆို ခေါ်ဆိုခြင်းအတွက် တစ်မိနစ်လျှင် ၅၀ ကျပ်သာ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

ယခုသတ်မှတ်လိုက်သော အထူးနှုန်းထားအစီအစဉ်အရ တယ်လီနော အသုံးပြုသူများသည် အထက်ဖော်ပြပါ သုံးနိုင်ငံ၌ သွားရောက်အလုပ်လုပ်ကိုင်နေသည့် (သို့) နေထိုင်လျက်ရှိသည့် သူငယ်ချင်းများ၊ မိသားစုများထံသို့ အသက်သာဆုံးသော နှုန်းထားဖြင့် ဖုန်းခေါ်ဆိုနိုင်မည်ဖြစ်ပြီး အဆိုပါနိုင်ငံများသို့ ယခင်က ဖုန်းခေါ်ဆိုမှုနှုန်းထားမှာ တစ်မိနစ် လျှင် ၂၀၀ ကျပ်ဖြစ်ရာ ယခုအစီအစဉ်အသစ်အရ အထက်ပါ သုံးနိုင်ငံသို့ ဖုန်းခေါ်ဆိုရာတွင် ၇၅ ရာခိုင်နှုန်းခန့် ကုန်ကျစရိတ်သက်သာသွားစေမည်ဖြစ်သည်။

အဆိုပါ နှုန်းထားဖြင့် ဖုန်းခေါ်ဆိုနိုင်မည့် ဝန်ဆောင်မှုကို အသုံးပြုလိုပါက prepaid အသုံးပြုသူများအနေဖြင့် နံပါတ် ၅၀၀ သို့ 'TM50' ဟု ရိုက်နှိပ်၍ စာတိုပေးပို့ခြင်းဖြင့်ဖြစ်စေ၊ *979*2*5*1# သို့ ဖုန်းခေါ်ဆိုခြင်းဖြင့် ရယူသုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ Postpaid အသုံးပြုသူများအနေဖြင့်မူ ၅၀၀ သို့ 'TM50P' ဟု ရိုက်နှိပ်၍ စာတိုပေးပို့ခြင်းဖြင့် အဆိုပါဝန်ဆောင်မှုကို ရယူနိုင်မည်ဖြစ်ကြောင်း၊ ဝန်ဆောင်မှုရယူရန်အတွက် အခွန်အခအပါအဝင် စာရင်းသွင်းခ တစ်ပတ်လျှင် ၉၈ ကျပ်သာ ကျသင့်မည်ဖြစ်ကြောင်း၊ ဝန်ဆောင်မှုကို တစ်ခါရယူထားပါက ခုနစ်ရက်ကြာ အသုံးပြုနိုင်မည်ဖြစ်ရာ ရယူချိန်မှ ခုနစ်ရက်အတွင်း တစ်မိနစ် ကျပ် ၅၀ ဖြင့် ဖုန်းခေါ်နိုင်မည်ဖြစ်ပြီး နောက်တစ်ပတ်တွင် ထပ်မံအသုံးပြုလိုပါက အထက်ပါအတိုင်း ထပ်မံရယူရန် လိုအပ်ကြောင်း၊ ဝန်ဆောင်မှုကို My Telenor အပလီကေးရှင်းမှတစ်ဆင့်လည်း ရယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

တယ်လီနောသည် ဆင်းကတ်ကို အသုံးပြုနိုင်သော ပြည်ပနိုင်ငံများ၊ roaming မိတ်ဖက် မိုဘိုင်းအော်ပရေတာများ ပိုမိုတိုးပွားလာအောင်လည်း ဆောင်ရွက်လျက်ရှိရာ တယ်လီနော၏ 4G roaming ဝန်ဆောင်မှုကို လက်ရှိအချိန်တွင် တရုတ်၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ဂျပန်၊ ယူအေအီး၊ ကနေဒါ၊ မကာအို၊ ထိုင်ဝမ်နှင့် နော်ဝေနိုင်ငံများတွင် သုံးစွဲနိုင်ပြီဖြစ်ပြီး အခြားနိုင်ငံများတွင်ပါ သုံးစွဲနိုင်ရန်လည်း ဆက်လက်ဆောင်ရွက်နေကြောင်း၊ လက်ရှိတွင် တယ်လီနောသုံးစွဲသူများသည် နိုင်ငံပေါင်း ၁၁၄ နိုင်ငံ၌ အဆိုပါနိုင်ငံများရှိ မိတ်ဖက်အော်ပရေတာ ၁၄၈ ခု၏ ကွန်ရက်သို့ ချိတ်ဆက်အသုံးပြုနိုင်ပြီဖြစ်ကာ ပြည်ပနိုင်ငံပေါင်း ၁၁၉ နိုင်ငံမှ မိတ်ဖက်အော်ပရေတာပေါင်း ၁၈၇ ခု၏ သုံးစွဲသူများသည်လည်း မြန်မာနိုင်ငံအတွင်း တယ်လီနောကွန်ရက်ကို ချိတ်ဆက်အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။ **ကျော်ဇင်ဦး**

# ဖျော်ဖြေရေးဗီဒီယိုများရယူနိုင်မည့် ဝန်ဆောင်မှုသစ်ကို MPT စတင်ပြုလုပ်ထား




**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

မြန်မာနိုင်ငံတစ်ဝန်းမှ MPT သုံးစွဲသူများအနေဖြင့် ရယ်မောပျော်ရွှင်ဖွယ်နှင့် စိတ်ဝင်စားဖွယ် ဗီဒီယိုများကို အကန့်အသတ်မရှိကြည့်ရှုနိုင်မည့် Vuclip Video Store ဝန်ဆောင်မှုသစ်ကို MPT နှင့် Vuclip တို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၆ ရက်က စတင်ဆောင်ရွက်ထားကြောင်း MPT မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ Vuclip Video Store ဝန်ဆောင်မှုတွင် Content Provider 250 ကျော်က ပံ့ပိုးပေးထားသော နာရီပေါင်း သုံးသိန်းကျော်စာ ဗီဒီယိုများကို MPT မိုဘိုင်းသုံးစွဲသူများက အကန့်အသတ်မရှိ ကြည့်ရှုခံစားနိုင်မည်ဖြစ်ကြောင်း၊ အခြားဗီဒီယိုများအဖြစ် မြန်မာစာတန်းထိုး ကိုရီးယားဒရာမာဇာတ်လမ်းများနှင့် ရုပ်ရှင်များ၊ ဟောလီဝုဒ်ရုပ်ရှင်များ၊ ဘောလုံးအားကစားအကြောင်းအရာများ၊ မြန်မာနှင့် နိုင်ငံတကာမှ ဂီတဗီဒီယိုများ၊ ဖျော်ဖြေရေးအစီအစဉ်များလည်း ပါဝင်မည်ဖြစ်ပြီး ဝန်ဆောင်မှုအတွက် နေ့စဉ်ဝန်ဆောင်ခမှာ ၉၉ ကျပ်သာ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

Vuclip ဝန်ဆောင်မှုကို MPT ဆင်းကတ် အသုံးပြုနေသူတိုင်း ရယူနိုင်မည်ဖြစ်ပြီး စတင်သုံးစွဲသူများအနေဖြင့် ပထမဆုံး ခုနစ်ရက်ကို အခမဲ့ ဝင်ရောက်ကြည့်ရှုခွင့်ရရှိမည်ဖြစ်ကြောင်း၊ ဝန်ဆောင်မှုကို အသုံးပြုသူများအနေဖြင့် အင်တာနက်ကို အချိန်တိုင်းဖွင့်ထားရန်မလိုအပ်ဘဲ နောက်ပိုင်းတွင် Offline ကြည့်ရှုရန် ဗီဒီယိုများကို ဒေါင်းလုတ်ယူ သိမ်းထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

MPT-KSGM Joint Operations ၏ Chief Commercial Officer Mr.Reizo Umeda က "ဒီ Vuclip Video Store ဝန်ဆောင်မှုကို မိတ်ဆက်ပေးရတဲ့ ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်က အသုံးပြုသူတွေကို ပိုမိုကောင်းမွန်ပြီး အရည်အသွေးကောင်းတဲ့ ဖျော်ဖြေရေးအစီအစဉ် အတွေ့အကြုံတွေကို နေရာတိုင်းမှာရှိတဲ့ ကျွန်တော်တို့အသုံးပြုသူတွေကို ဈေးနှုန်းသက်သက်သာသာနဲ့ ဝန်ဆောင်မှုပေးနိုင်ဖို့ ဖြစ်ပါတယ်"ဟု ပြောသည်။

Vuclip ၏ Chief Revenue Officer Salman Hussain ကလည်း "မူပိုင်ခွင့်နည်းပညာတွေနဲ့ တီထွင်ထားတဲ့ ကျွန်တော်တို့ရဲ့နည်းပညာက အသုံးပြုသူတွေအတွက် အထစ်အငေါ့မရှိ ကြည့်ရှုနိုင်မယ့် ခံစားမှုမျိုးရရှိမှာဖြစ်ပါတယ်၊ အခုအချိန်မှာ မြန်မာနိုင်ငံအနေနဲ့ မိုဘိုင်းဈေးကွက်ဖွံ့ဖြိုးတိုးတက်မှု အလျင်အမြန်ဖြစ်ပေါ်နေတာနဲ့ အညီ ကျွန်တော်တို့အနေနဲ့လည်း အခုလိုအချိန်မှာ မြန်မာနိုင်ငံကို ရောက်ရှိလာတဲ့အတွက် တကယ်ကို စိတ်လှုပ်ရှားနေမိပါတယ်"ဟု ပြောသည်။

MPT ၏ အဆိုပါ Vuclip Video Store ဝန်ဆောင်မှုကို ရယူရန်နှင့် အသေးစိတ် အချက်အလက်များကို ထပ်မံသိရှိရန်အတွက် www.vzonempt.com သို့ ဝင်ရောက်လေ့လာနိုင်ကြောင်း သိရသည်။ **သူရဖြိုး**

# အန်းဒရွိုက်ဗားရှင်းသစ် Oreo ပါဝင်တဲ့ Honor V9 Lite

Honor V9 Lite ဟာ နိုင်ငံတကာဈေးကွက်မှာ ပြီးခဲ့တဲ့နှစ်ကုန်ပိုင်းက မိတ်ဆက်ခဲ့ပြီး ရန်ကုန်ဈေးကွက်ကိုတော့ ဇန်နဝါရီလထဲမှာ ဝင်ရောက်ထားတာ ဖြစ်ပါတယ်။ ဒီဇိုင်းပိုင်းလှပသလို လုပ်ဆောင်ချက်ပိုင်းမှာလည်း စွမ်းဆောင်ရည်မြင့်တဲ့အတွက် လူအများစု လက်ခံနေတဲ့ ဖုန်းမော်ဒယ်သစ်တစ်ခု ဖြစ်နေပါတယ်။

Honor V9 Lite ဟာ မျက်နှာပြင်အကျယ် ၅ ဒသမ ၆၅ လက်မရှိပြီး Resolution က 2160×1080 pixels ရှိလို့ ရုပ်ထွက်အရည်အသွေး ကောင်းမွန်ပါတယ်။ Display က 18:9 ရှိလို့ မျက်နှာပြင်ဟာ တွေ့နေကျ 16:9 ဖုန်းအများစုထက် ပိုရှည်နေတယ်လို့ ထင်ရပြီး မြင်ကွင်းကျယ်ဗီဒီယိုနဲ့ ဂိမ်းတွေအတွက် ပိုအဆင်ပြေစေမှာ ဖြစ်ပါတယ်။ မျက်နှာပြင်ကို ထိခိုက်မှုတွေက ကာကွယ်နိုင်မယ့် Corning Gorilla Glass အုပ်ထားပြီး ကိုယ်ထည်က အလူမီနီယမ်ကိုယ်ထည် ဖြစ်ပါတယ်။ Screen ဟာ ဘေးဘောင်တွေ ပျောက်လုနီးပါးဒီဇိုင်းမျိုးနဲ့ ဖုန်းရဲ့ဒီဇိုင်းပိုင်းက လှပပါတယ်။

အန်းဒရွိုက်ဗားရှင်းအနေနဲ့ နောက်ဆုံးထွက်ဗားရှင်းဖြစ်တဲ့ Android 8.0 (Oreo)ကို EMUI 8.0 နဲ့တွဲပြီး အသုံးပြုထားပါတယ်။ CPU က Octa-core CPU အသုံးပြုထားပြီး RAM 3GB/4GB မင်မိုရီ 32GB နဲ့ RAM 4GB မင်မိုရီ 64G လို့ အက်ဒီးရှင်းတွေခွဲပြီး ထွက်ထားပါတယ်။ RAM နဲ့ CPU လုပ်ဆောင်ချက်တွေအရ ဂိမ်းအမျိုးမျိုးနဲ့ အပလီကေးရှင်းအမျိုးမျိုးကို စက်ဟန်းသွားတာမျိုးမရှိဘဲ ပေါ့ပေါ့ပါးပါး သုံးစွဲနိုင်မှာဖြစ်ပါတယ်။ မင်မိုရီပိုင်းမှာတော့ Micro SD ကတ် ထပ်စိုက်သုံးမယ်ဆိုရင် 256GB အထိ ထပ်သုံးနိုင်ဖို့ ထောက်ပံ့ထားပေမယ့် မင်မိုရီကတ်သုံးရင် ဆင်းကတ်ကို တစ်ကတ်ပဲသုံးနိုင်မှာက အားနည်းချက်ဖြစ်နေပါတယ်။ မင်မိုရီကတ်မသုံးရင်တော့ GSM ဆင်းကတ်နှစ်ကတ် အသုံးပြုနိုင်မှာဖြစ်ပြီး အင်တာနက်နက်ဝပ်အတွက်တော့ HSPA/LTE ကို ထောက်ပံ့ထားပါတယ်။

ကင်မရာပါမှာတော့ ရှေ့ကင်မရာရော နောက်ကင်မရာရောဟာ Dual Camera တွေဖြစ်ပါတယ်။ 13MP+2MP Dual Camera တွေဖြစ်လို့ ဓာတ်ပုံတွေကို အရည်အသွေးကောင်းကောင်းနဲ့ ရိုက်ကူးနိုင်မှာဖြစ်သလို ဆယ်လ်ဖီဝါသနာရှင်တွေအတွက်လည်း အဆင်ပြေစေမှာဖြစ်ပါတယ်။ ဓာတ်ပုံတွေ အရည်အသွေး ပိုကောင်းစေဖို့ Phase detection, autofocus, face detection, HDR, panorama စတဲ့ ဆော့ဖ်ဝဲပိုင်းလုပ်ဆောင်ချက်တွေလည်း ပါဝင်ပါတယ်။ ဗီဒီယိုရိုက်ကူးရင်လည်း 1080 pixels အရည်အသွေးရှိတဲ့ HD ဗီဒီယိုတွေ ရိုက်ကူးနိုင်မှာ ဖြစ်ပါတယ်။

နောက်ထပ်အားသာချက်တစ်ခုက USB OTG ကိုလည်း အသုံးပြုနိုင်ခြင်းဖြစ်ပါတယ်။ ဘက်ထရီပိုင်းမှာ 3000 mAh ရှိတဲ့ Li-Po ဘက်ထရီကို အသုံးပြုထားလို့ စွမ်းဆောင်ရည်ပြည့်ဝသလို အလျင်အမြန် အားသွင်းနိုင်မယ့် Fast Charging စနစ်၊ ကြာရှည်အသုံးခံစေမယ့် Battery Saving စနစ်တွေလည်း ပါဝင်ပါတယ်။ Finger Print Sensor လည်း ပါဝင်ပြီး ဖုန်းရဲ့ကျောဘက်မှာ တပ်ဆင်ပေးထားပါတယ်။ နိုင်ငံတကာဈေးကွက်မှာ ကိုယ်ထည်အရောင် ခုနစ်မျိုးအထိ ကြော်ငြာထားပေမယ့် လက်ရှိ ပြည်တွင်းဈေးကွက်မှာတော့ အပြာရောင်၊ အနက်ရောင်နဲ့ အဖြူရောင်ကိုပဲ တွေ့ရများပြီး ဈေးနှုန်းက ၂၉၉၀၀၀ ကျပ် ဖြစ်ပါတယ်။ **သူရဖြိုး**





# အသံပါရမီထူးခြားသူ၏ အမျိုးသားကဇာတ်ရုံမှ သီဆိုပွဲ မကြာမီလာမည်

တေးသံရှင် နီနီခင်ဇော်က သီချင်းသံစဉ်များကို အတူလိုက်ပါစီးမျောနိုင်ကြမည့် တစ်ကိုယ်တော်ဖျော်ဖြေမှု အစီအစဉ်ကို မကြာမီကျင်းပသွားရန် စီစဉ်ထားကြောင်း သိရသည်။

"နီနီခင်ဇော်ရဲ့တစ်ကိုယ်တော်တင်ဆက်မှုဖြစ်တဲ့ Revolution Show ပွဲက တစ်နှစ်မှာ တစ်ခါသာ ကျင်းပဖြစ်ပါတယ်၊ နီနီချစ်တဲ့ ပရိသတ်ကြီးအတွက် အကောင်းဆုံးတင်ဆက်နိုင်ဖို့ ကြိုးစားနေပါတယ်၊ ဒီပွဲလေးက ချစ်တဲ့ပရိသတ်တွေနဲ့ အတူတူ သီချင်းသံစဉ်တွေကို လိုက်ပါစီးမျောကြမှာမို့ အားလုံးကို ဖိတ်ခေါ်ပါတယ်"ဟု နီနီခင်ဇော်က ပြောသည်။

အဆိုပါပွဲသည် RETRO အမည်ဖြင့် ကျင်းပမည်ဖြစ်ပြီး Revolution Show ပွဲတစ်ခုဖြစ်ကြောင်း၊ ခေတ်ဟောင်းပုံစံတေးသွားများအား ဖက်ရှင်များနှင့် ပေါင်းစပ်ထားသည့် အထူးအစီအစဉ်များ ပါဝင်ကြောင်း သိရသည်။

"ပွဲမှာ ထူးခြားတာလေးက သုည လက်မှတ်ခပေ့ါ၊ နီနီနဲ့ပတ်သက်တဲ့ မေးခွန်းလေးတွေ ဖြေနိုင်ရင် မေးခွန်း တစ်ခုမှန်တိုင်း ၁၀ ရာခိုင်နှုန်းလက်မှတ်ခ လျှော့ဈေးရမယ်၊ မေးခွန်းက အားလုံးပေါင်း ၁၀ ခု ရှိတယ်၊ ၁၀ ခုလုံးသာ ဖြေနိုင်ခဲ့မယ်ဆိုရင် လုံးဝအခမဲ့ သုည လက်မှတ်ကိုရမှာပါ။ အဲဒီလက်မှတ်က ရှေ့ဆုံးတန်းဖြစ်မယ်ပေ့ါ၊ တင်ဆက်ပြသမှုအပိုင်းမှာလည်း အများကြီး အားဖြည့်ထားပါတယ်၊ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်တွေကို မှန်းပြီး ပွဲကျင်းပဖို့ စီစဉ်ဖြစ်တာ၊ ဧပြီ ၇ရက် ည ၇ နာရီမှာ စတင်မှာပါ၊ နေရာကတော့ အမျိုးသား ကဇာတ်ရုံမှာပါ၊ ဒီဇိုင်းကိုလည်း ခေတ်ဟောင်းဒီဇိုင်းပုံစံမျိုး ပြင်ဆင်ဖို့ရည်ရွယ်ထားပါတယ်၊ အရင်ပွဲတွေထက် ပိုကောင်းတဲ့ နီနီခင်ဇော်ကို မြင်ရမှာပါ"ဟု နီနီခင်ဇော်က သူ့တစ်ကိုယ်တော် တင်ဆက်မှု အကြောင်းကို ပြောသည်။

**ကိုလင်း**

# ရေဗက္ကာဝင်း၏ကချင်ဘာသာဖြင့် သီဆိုသည့်တေးစီးရီးထွက်ရှိ

အသံအေးအေးနှင့် ပရိသတ်အသည်းနှလုံးကို ရယူသိမ်းပိုက်ထားသူ ရေဗက္ကာဝင်းတစ်ယောက် ဂီတလောကနှင့် အဆက်အသွယ်ပြတ်ခဲ့သည်မှာ ခုနစ်နှစ်တာပင်ရှိခဲ့ပြီဖြစ်သည်။ ယခုအခါ ဂီတရေစီးကြောင်းအတွင်း တစ်ဖန်ပြန်လည်ဝင်ရောက်လာခဲ့ပြီး တစ်ကျော့ပြန် ဝင်ရောက်လာချိန်တွင် ပထမဆုံးခြေလှမ်းအဖြစ် ကချင်ဘာသာဖြင့် တေးစီးရီး MAKA ကို ဖေဖော်ဝါရီလတတိယပတ်တွင် ပရိသတ်လက်ဝယ်သို့ ထည့်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

"ကျွန်မရဲ့အဖေက မြန်မာလူမျိုးပါ၊ ကျွန်မရဲ့အမေက ကချင်အမျိုးသမီးပါ၊ ကချင်ဘာသာစကားကို ငယ်ငယ်လေးကတည်းက ပြောဆိုခဲ့တာပါ၊ ကိုယ်တိုင်လည်း ကချင်ရိုးရာသီချင်းတွေရော၊ ကချင်ဘာသာနဲ့ ရေးစပ်ထားတဲ့သီချင်းတွေကိုရော ကြိုက်နှစ်သက်ပါတယ်၊ ချစ်တဲ့ ပရိသတ်တွေအတွက် မြန်မာသီချင်း မဟုတ်တဲ့ ကျွန်မတို့လူမျိုး ကချင်သီချင်းလေးတွေကို ထူးထူးခြားခြား နားဆင်ကြည့်စေချင်တယ်၊ အားလုံးနားလည်သွားအောင်လို့ MTV မှာ မြန်မာဘာသာပြန်စာတန်းလေးတွေလည်း ထိုးပေးမှာပါ" ဟု ရေဗက္ကာဝင်းက ပြောကြားသည်။

ကချင်ဘာသာစကားဖြင့် သီချင်းလေးများ သီဆိုရခြင်းမှာ မူလကတည်းက စိတ်ကူးရှိခဲ့ပြီး သူ့အိပ်မက်တစ်ခုပင်ဖြစ်ကြောင်း သိရသည်။

"ကချင်ဘာသာစကားဆိုပေမယ့် ဂီတအမျိုးအစား စုံလင်အောင်ထည့်ပေးထားပါတယ်၊ ကချင်လူမျိုးတွေအတွက်ချည်း မဟုတ်ပါဘူး၊ မြန်မာလူမျိုးတွေရော၊ အားလုံးရော နားဆင်လို့ရမှာပါ၊ အဓိကကတော့ ဂီတဟာ အားလုံးနဲ့ သက်ဆိုင်ပါတယ်၊ ဘာသာစကားတစ်ခုကို နားလည်ခြင်း၊ နားမလည်ခြင်းဆိုတာ ရှိပေမယ့် ဂီတမှာတော့ အားလုံးနားလည်နိုင်ပါတယ်၊ တေးသွားတွေဟာ အနုပညာဖြစ်တာကြောင့် အနုပညာကို အားလုံးခံစားနိုင်မယ်လို့လည်း ယုံကြည်ပါတယ်၊ ဂီတသံစဉ်လေးတွေ၊ သီဆိုမှုတွေက ပရိသတ်နဲ့ ထပ်တူကျမယ်ဆိုရင် ဘယ်ဘာသာစကားမဆို၊ ဘယ်နိုင်ငံကမဆို အားလုံးက ကြိုက်ကြမယ်လို့လည်း ထင်ပါတယ်၊ နောက်တစ်ခုက ကချင်သံစဉ်လေးတွေ၊ ရိုးရာအငွေ့အသက်လေးတွေကိုလည်း ခံစားနိုင်ကြရမယ့် အခွေလေးဖြစ်ပါတယ်"ဟု ရေဗက္ကာဝင်းက ပြောပြသည်။



အဆိုပါ တေးစီးရီးတွင် တေးသီချင်း ၁၁ ပုဒ်ပါဝင်ပြီး တေးသီချင်းများကို ကချင်တိုင်းရင်းသား တေးရေးဆရာများနှင့် ဖန်တီးရေးသားထားပြီး တေးသီချင်းသစ်များအနေဖြင့် ကိုယ်ပိုင်သံစဉ်များဖြစ်ပြီး အချစ်သီချင်းများပါဝင်ကြောင်း သိရသည်။ သူ့အနေနှင့် ဂီတလောကတွင်သာမက သရုပ်ဆောင်ဘက်တွင်ပါ ထူးချွန်သူတစ်ဦးဖြစ်ခဲ့ပြီး အနုပညာလောကတွင်အောင်မြင်သူတစ်ဦးအဖြစ်ရပ်တည်လာခဲ့ရာမှ အိမ်ထောင်ပြုပြီး ဂီတနှင့် နှစ်ပေါင်းများစွာဝေးကွာခဲ့သည့်အပေါ် ခံစားရသည်ခံစားချက်များကိုလည်း ပြောပြသည်။

"ဂီတအလုပ်တွေနဲ့ ဝေးကွာပေမယ့် ပရိသတ်က ချစ်ခင်မှုကြောင့် ကိုယ့်အတွက် နေရာလေးက ကျန်နေခဲ့တာပါ၊ ဂီတအလုပ်ကိုလုပ်တဲ့အခါမှာလည်း အောင်မြင်တယ်၊ မအောင်မြင်ဘူးဆိုတာထက် ပရိသတ်အားပေးမှုနဲ့ ကျေနပ်ပါတယ်၊ နောက်တစ်ခုကတော့ ကိုယ့်အသွေးအသားထဲက ဝါသနာပါတဲ့ အလုပ်ကို ကြိုးစားပြီး အကောင်အထည်ဖော်ခွင့်ရလို့ ကျေနပ်မိပါတယ်"ဟု ရေဗက္ကာဝင်းက ပြောပြသည်။

**ကိုလင်း**



# ရုံတင်ဇာတ်ကားကြီးနှစ်ကားတွင် တွေ့ဆုံရမည့် အဆိုတော်လွှမ်းပိုင်

ဒါရိုက်တာ အောင်ဇော်လင်းနှင့် ဝင်းလွင်ထက်တို့ ရိုက်ကူးထားသည့် ဉေး၏ ဝတ္ထုကို ပြန်လည်ပုံဖော်ထားသော "ငါ့ကိုနမ်းတဲ့မုန်တိုင်း" ရုပ်ရှင်ဇာတ်ကားကြီးနှင့် ဒါရိုက်တာ သားညီ ပုံဖော်ရိုက်ကူးသည့် မင်းလူ၏ ကြွေရုပ်ရှင်ဇာတ်ကားများတွင် လွှမ်းပိုင်က ပါဝင်ရိုက်ကူးထားပြီး လက်ရှိတွင် ဇာတ်ဝင်တေးများ ဖန်တီးနေပြီဖြစ်ကြောင်း အဆိုတော်လွှမ်းပိုင်က ပြောကြားသည်။

**မေး ။ ငါ့ကိုနမ်းတဲ့မုန်တိုင်း ဇာတ်ကားမှာ လွှမ်းပိုင်ရဲ့ဇာတ်ရုပ်အပိုင်းနဲ့ ရိုက်ကူးဖြစ်တဲ့အကြောင်းကိုလည်း ပြောပါဦး။**

ဖြေ ။ ဒီဇာတ်ကားက မတ်လပိုင်းမှာ ရုံတင်မှာပါ။ ကျွန်တော်က ဒီဇာတ်ကားထဲမှာ နေညိုလွင်အဖြစ် သရုပ်ဆောင်ထားပါတယ်။ စာရေးဆရာတစ်ဦးအနေနဲ့ပါ။ ပရဟိတပိုင်းကိုလည်း လုပ်ဆောင်တဲ့ လူငယ်တစ်ယောက်အဖြစ်ပါ။ ကျွန်တော်နဲ့ ရဲရင့်အောင်၊ အကယ်ဒမီ ဖွေးဖွေးတို့ ပါဝင်သရုပ်ဆောင်ထားပါတယ်။ လူငယ်ဇာတ်ကားဖြစ်ပြီး ပရိသတ်လည်း ကြိုက်မယ်လို့ ထင်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း အတွေ့အကြုံသစ်မို့ ရင်ခုန်နေပါတယ်။ ဒီဇာတ်ကားက ရုပ်ရှင်ဇာတ်ကားဖြစ်တဲ့အတွက် အကောင်းဆုံးကြိုးစားထားပါတယ်။ ချပြတဲ့ ဇာတ်လမ်း၊ ဇာတ်ညွှန်းကိုရော ဇာတ်ရုပ်ကိုရော အတတ်နိုင်ဆုံး မီအောင်ကြိုးစားထားပါတယ်။ ဒါတင်မကသေးပါဘူး ဖွေးဖွေးဆိုလည်း ပရိသတ်အားပေးတဲ့ အသက်ငယ်ငယ်နဲ့ အနုပညာစိတ်ဓာတ်အားကောင်းပြီး သရုပ်ဆောင်ကောင်းတဲ့သူမို့ ကိုယ့်ဘက်က အမှားအယွင်းဖြစ်မှာမျိုး မဖြစ်သွားအောင် အထူးဂရုစိုက်ပြီး ကြိုးစားထားပါတယ်။

**မေး ။ ရုပ်ရှင်ရိုက်ကူးပြီးတဲ့အပေါ်မှာရော ဝေဖန်မှုတွေကြုံရသေးလား။**

ဖြေ ။ ဒီဇာတ်ကားစပြီး မရိုက်ခင်ကတည်းက ပရိသတ်တွေက သွားပါပြီဆိုပြီး ပြောကြတယ်။ အဲဒီလိုဖြစ်မှာကို ကျွန်တော်ကိုယ်တိုင်လည်း စိုးရိမ်မိပါတယ်။ ဒါပေမယ့် သရုပ်ဆောင်လိုင်းမှာ အသစ်ဖြစ်တာကြောင့် အမှားအယွင်းတွေလည်း ရှိမှာပါပဲ။ နားလည်ပေးပြီး ကြည့်ရှုအားပေးပါလို့ပဲ ပြောချင်ပါတယ်။

**မေး ။ ဇာတ်လမ်းတစ်ခုကို ရိုက်ကူးတဲ့အခါ ဇာတ်လမ်းက ဇာတ်ရုပ်ကို သဏ္ဍာန်လုပ်သရုပ်တူအောင် လုပ်ဆောင်ရတာတွေ အပေါ်မှာရော အခက်အခဲကြုံရလား။**

ဖြေ ။ ဒီဇာတ်ကားရဲ့ ဝတ္ထုက နာမည်လည်းကြီးတယ်ဆိုတော့ တာဝန်လည်းကြီးတယ်။ အထူးသဖြင့် ဝတ္ထုမှာ အောင်မြင်ခဲ့တဲ့အတွက် ဇာတ်ကားမှာ သရုပ်ဆောင်ပိုင်းက ပိုပြီးလည်း တာဝန်ကြီးတာပါ။ နောက်တစ်ကားဆိုရင်လည်း ဆရာမင်းလူရဲ့ကြွေဆိုတဲ့ ဇာတ်လမ်းပေ့ါ။ မင်းသားကြီးတွေဖြစ်တဲ့ ကိုသားကြီး (ဒွေး)၊ ကိုလူမင်းတို့လည်း သရုပ်ဆောင်ခဲ့ကြတယ်ဆိုတော့ ကျွန်တော့်အတွက် အရှိန်အဝါကြီးတဲ့ ဇာတ်ကားပါပဲ။ အမှန်ပြောရရင် ကျွန်တော်လည်း ကြောက်ရပါတယ်။ အရှေ့က ဇာတ်ကားရော၊ ဇာတ်ကောင်စရိုက်ရောကို ကျေညက်အောင် သိရှိထားပြီး ကြိုးစားရတယ်။

**မေး ။ ကြွေဇာတ်ကားနဲ့ ပတ်သက်ပြီးတော့ရော အမှတ်တရတွေရှိလား။**

ဖြေ ။ ကြွေဇာတ်ကားဆိုရင်လည်း ငါ့ကိုနမ်းတဲ့မုန်တိုင်းပြီးသွားရင် ရုံတင်မယ်လို့ သိရပါတယ်။ ဒီဇာတ်ကားအတွက်လည်း ကျွန်တော်အများကြီး ဖြည့်ဆည်းထားပါတယ်။ အဓိကကတော့ ကျွန်တော်ရယ်၊ ကိုသားညီရယ်၊ ဇာတ်ညွှန်းဆရာရယ် ပေါင်းပြီးတော့ ဇာတ်ဝင်ခန်းတစ်ခုကို တစ်မျိုးစီ ပုံဖော်ထားတယ်။ အချို့ဇာတ်ဝင်ခန်းတွေမှာ ဂီတပုံစံနဲ့ ပေါင်းစပ်ပြီး သီချင်းကိုလည်း ကိုယ်တိုင်ရေးစပ်ပြီး ဖန်တီးထားတယ်။ ဒါကို အားရကျေနပ်မှုလည်းရှိတယ်။ ကြွေဇာတ်ဝင်တေးကိုလည်း ကျွန်တော် ကိုယ်တိုင်ရေးစပ်ထားပါတယ်။

**မေး ။ ဇာတ်ဝင်တေးဟာ ဇာတ်ကားတစ်ကားမှာ ဘယ်လောက်အရေးပါတယ်လို့ ထင်ပါသလဲ။**

ဖြေ ။ ကျွန်တော့်အမြင်ပြောရရင် ရုပ်ရှင်ဇာတ်ကားတစ်ကားတိုင်းမှာ သူ့ရဲ့မူရင်းဇာတ်ဝင်တေး တစ်ပုဒ်တော့ ရှိသင့်တယ်လို့ထင်ပါတယ်။ အရင်ကတည်းကလည်း ရှိခဲ့တာပါပဲ။ ဥပမာပြောရရင် မောင့်မူပိုင်ရှင်တို့လိုမျိုးပေ့ါ။ ရုပ်ရှင်ကားတစ်ကားရဲ့ အောင်မြင်မှုက ဇာတ်ဝင်တေးနဲ့လည်း အများကြီး ပတ်သတ်မှုရှိတယ်လို့ ကျွန်တော်ထင်ပါတယ်။ ဇာတ်ဝင်တေးလေးကြားတာနဲ့ ဒီဇာတ်ကားကို ပြန်သတိရတာမျိုးအမြဲတမ်းဖြစ်နိုင်ပါတယ်။ ဇာတ်ဝင်တေးတွေကို ကျွန်တော်လည်း စိတ်ဝင်စားတယ်။ အချို့ရှိုးပွဲတွေမှာ ကြွေဇာတ်ကားထဲက ဇာတ်ဝင်တေးလေးတွေကို သီဆိုဖြစ်တယ်။ နောက်ပိုင်းမှာလည်း ဇာတ်ဝင်တေးလေးတွေ တတ်နိုင်သလောက် ဖန်တီးသွားဖို့ စိတ်ကူးထားပါတယ်။

**ကိုလင်း**

# ဂီတလောကဖူးစာပါသည့် အဆိုတော်ဝန




စိတ်ကူးလေးပါပဲ၊ အနီးဆုံးလူ စသည့် သီချင်းများနှင့် ပရိသတ်အားပေးမှုကို ရရှိထားသည့် အဆိုတော် ဝနက သူ့ချစ်သူ တက်သစ်စအဆိုတော်ကို ပရိသတ်ကို မိတ်ဆက်ပေးခဲ့ကြောင်း သိရသည်။ ဝန၏ ချစ်သူမှာ မြစ်ကြီးနားသူ ကျောင်းဆရာမလေးတစ်ဦးဖြစ်ပြီး အောင်းနီအမည်ဖြင့် ပျံသန်းလိုက်အမည်ရသည့် တေးစီးရီးကို ဖေဖော်ဝါရီ ၂၀ တွင် စတင်မိတ်ဆက်ထားခဲ့သူလည်း ဖြစ်သည်။

"သူနဲ့ကျွန်တော်က ငယ်ငယ်ကတည်းက ခင်မင်ရသူတွေပါ၊ သူက အစကတည်းက သီချင်းတွေ ဆိုတယ်၊ ကျွန်တော့်ထက်တောင် အရင်စောပြီး သီချင်းတွေဆိုနေတဲ့သူပါ၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကတည်းက သူ့အခွေအတွက်ကြိုးစားနေခဲ့တာ၊ ကျွန်တော်ကတော့ ကိုယ်တတ်တဲ့ အနေအထားလေးနဲ့ သူ့ကိုကူညီပေးထားပါတယ်၊ ဒီအခွေမှာ ကျွန်တော် သီချင်းခြောက်ပုဒ်ရေးထားတယ်၊ ငါးပုဒ်က အချစ် သီချင်းလေးတွေပါ၊ ကျန်တစ်ပုဒ်ကတော့ ရိုးရိုးစင်းစင်း သီချင်းလေးတစ်ပုဒ်၊ ကျွန်တော့်ပံ့ပိုးမှုထက် သူ့အနုပညာအပေါ် ကြိုးစားမှုက ပိုတယ်လို့ ကျွန်တော်ထင်ပါတယ်"ဟု ဝနက သူ့ချစ်သူ အဆိုတော် အကြောင်းကို ပြောပြသည်။

အဆိုပါ အောင်းနီ၏ "ပျံသန်းလိုက်"တေးစီးရီးကို The Sun Music မှဖြန့်ချိထားခြင်းဖြစ်ပြီး အဆိုပါ တေးစီးရီးခွေတွင် တေးသီချင်း ၁၁ ပုဒ်ပါဝင်ကြောင်း၊ တေးသီချင်းများကို တေးရေး အငဲ၊ နောနော်၊ ဝန၊ ယထာ၊ အားဆမ်၊ ချမ်းငယ်တို့က ရေးသားထားကြကြောင်း သိရသည်။

အဆိုတော် အောင်းနီကလည်း "အခွေလေး ပုံဖော်ချင်နေတာကြာပါပြီ၊ စိတ်ကြိုက်ဖန်တီးနေတာကြောင့် အခွေကသုံးနှစ်လောက်ကြာသွားတယ်၊ ကိုယ်က အစိုးရဝန်ထမ်းတစ်ယောက်လည်းဖြစ်တော့ ခွင့်ရတဲ့ရက်မှာ အခွေအတွက်လုပ်လိုက်ကြားထဲမှာ စာသင်လိုက်နဲ့မို့ ကြာသွားတာပါ၊ ကျွန်မရဲ့အခွေလေး ဖြစ်ဖို့ ဝိုင်းဝန်းဖန်တီးပေးဖြစ်ကြတဲ့ သူတွေအများကြီးပါ၊ အထူးသဖြင့် ကိုဝနပေ့ါနော်၊ ကျွန်မအတွက် သူအများကြီး ဂရုတစိုက်လုပ်ဆောင်ပေးလို့သာ အခုလို အကောင်အထည်ပေါ်လာတာပါ"ဟု ဆိုသည်။ "ကျွန်တော်တို့နှစ်ယောက်က ဂီတဝါသနာတူတွေမို့ ခံစားချက်လည်း နီးကြတယ်၊ ဒါကြောင့်ပဲ လက်တွဲဖြစ်ခဲ့တယ်ဆိုရင်လည်း မမှားပါဘူး၊ မကြာခင်မှာတော့ ကျွန်တော်တို့နှစ်ယောက်ရဲ့ မင်္ဂလာသတင်းကို ပြောပြနိုင်မှာပါ၊ မင်္ဂလာပွဲကိုလည်း သာမန်ရိုးရိုးရှင်းရှင်း ပုံစံနဲ့ပဲ စီစဉ်သွားမှာပါ" ဟု တေးသံရှင်ဝနက ပြောကြားသည်။

**ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### နာမည်ကျော်အဆိုတော်တွေ စုံစုံညီညီပွဲတက်ခဲ့ကြတဲ့ BRIT ဂီတ ဆုချီးမြှင့်ပွဲ

၂၀၁၈ ခုနှစ်အတွက် ဂီတထူးချွန်ဆုပေးပွဲဖြစ်တဲ့ Brit ထူးချွန်ဆုပေးပွဲကို ဗုဒ္ဓဟူးနေ့ညကကျင်းပခဲ့ရာမှာ နာမည်ကျော်အနုပညာရှင်တွေ တက်ရောက်ကြပါတယ်။ ကမ္ဘာ့နာမည်ကြီး အဆိုတော်တွေကို တစ်နေရာတည်းမှာ တစ်စုတစ်ဝေးတည်းတွေ့ရတဲ့ ပွဲလည်းဖြစ်တယ်။ ဂျက်စ်တင်းဘားလိတ်ခ်၊ ဆမ်စမစ်၊ ဂျူယာလီပါတို့ဟာလည်း စင်ပေါ်မှာ ဖျော်ဖြေခဲ့ကြပြီး ဗြိတိန်တစ်ဦးချင်း အမျိုးသားအဆိုရှင်ဆုအတွက် နာမည်ကြီးနေတဲ့ အက်ဒ်ရှီရန်အတွက်တော့ စိတ်လှုပ်ရှားဖွယ်ညတစ်ည ဖြစ်ခဲ့ပါတယ်။ အဲဒီပွဲမှာ One Direction အဖွဲ့သားတစ်ဦးဖြစ်တဲ့ လီယန်ပိန်းဟာ သူ့ရဲ့အဖွဲ့သားဟောင်း ဇိုင်ယန်နဲ့ ယှဉ်ပြိုင်ခဲ့ရပါတယ်။ အဲဒီနေ့ပွဲမှာ အမျိုးသမီးတစ်ဦးချင်းအဆိုရှင်ဆုအတွက် ဂျူရာလီပါက ရရှိခဲ့ပါတယ်။ ဗြိတိန်အဖွဲ့လိုက်အဆိုရှင်ဆုမှာတော့ ဂေါ်ရီလေ့ဇ်အဖွဲ့က ရရှိသွားပါတယ်။ ဗြိတိန်အမျိုးသားတစ်ဦးချင်းအဆိုရှင်ဆုကိုတော့ Stormzy က ရရှိသွားပါတယ်။ အက်ဒ်ရှီရန်အတွက်တော့ စိတ်မကောင်းစရာပါပဲ။

အဲဒီနေ့ညမှာထူးခြားတာကတော့ လမ်းခွဲတော့မှာလားလို့နာမည်ထွက်နေတဲ့ ချယ်ရီနဲ့လီယန်ပိန်း တို့စုံတွဲဟာ အတူတူလက်တွဲပြီး ပွဲတက်ခဲ့ပါတယ်။ သူတို့ကိုကြည့်ရတာ တစ်ဦးနဲ့တစ်ဦးသိပ်ကိုချစ်နေကြပုံပါပဲ။ သူတို့နှစ်ဦးဟာ ဒီလိုပွဲတွေကိုအတူတူတွဲပြီး တက်လေ့တက်ထ မရှိပါဘူး။ ဒါဟာရှားပါးတဲ့ ဖြစ်စဉ်တစ်ခုပါပဲ။ ဒါကြောင့်လည်း သူတို့နှစ်ဦးနဲ့ပတ်သက်ပြီး ပေါ်ပေါက်နေတဲ့ ကောလာဟလတွေကို ချေဖျက်ပြီးသားဖြစ်သွားပါတယ်။ **ဘီဘီစီ**



ဧျူး

..................................

### ဝတ်စုံကြောင့် ဝေဖန်ခံနေရတဲ့ ဂျနီဖာလောရင့်စ်

ဟောလိဝုဒ်မှာ ဝင်ငွေအကောင်းဆုံးမင်းသမီးတစ်ဦးလည်းဖြစ်တဲ့ ဂျနီဖာလောရင့်စ်ဟာ ရိုက်ကွင်းပြင်ပမှာရိုက်ထားတဲ့ ဓာတ်ပုံတစ်ပုံကြောင့် ဝေဖန်ခံနေရပါတယ်။ အလွန်ကိုအေးနေတဲ့အချိန်မှာ ဂျနီဖာလောရင့်စ်က ဘာကြောင့်အနွေးထည်မဝတ်ရတာလည်းလို့ ဝေဖန်နေကြတာပဲ ဖြစ်တယ်။ လက်ရှိသူရိုက်ကူးနေတဲ့ဇာတ်ကားမှာ တွဲဖက်သရုပ်ဆောင်တဲ့မင်းသားအပါအဝင် ဓာတ်ပုံထဲမှာပါတဲ့ အခြားသောလူတွေကလည်း အနွေးထည်ထူထူတွေဝတ်ထားကြပေမယ့် ဂျနီဖာလောရင့်စ်ကတော့ အနက်ရောင်လက်ပြတ်ဂါဝန်ပါးကိုသာ ဝတ်ဆင်ထားပါတယ်။

ဒီလောက်အေးနေတဲ့အချိန်မှာ ဘာလို့ဒီဂါဝန်နဲ့ ဖြစ်နေရတာလဲလို့တွစ်တာပေါ်မှာ ဝေဖန်မှုတွေ ဆူညံနေခဲ့ပါတယ်။ ဂျနီဖာလောရင့်စ်ကတော့ ဒီဝေဖန်မှုတွေနဲ့ပတ်သက်ပြီး သူတကယ့်စိတ်အနှောင့်အယှက်ဖြစ်ရတယ်လို့ ဆိုပါတယ်။ ဒီလောက်လှတဲ့ဝတ်စုံပေါ်မှာ အနွေးထည်လောင်းကုတ်ထူထူကြီးဝတ်ဖို့ လိုလို့လား။ တကယ်ဆို ဓာတ်ပုံရိုက်တဲ့အချိန် အပြင်မှာနေရတာလည်း အချိန်ငါးမိနစ်စာပဲရှိတာပါ။ ကျွန်မကတော့ ဖက်ရှင်ကိုနှစ်သက်တာဖြစ်တဲ့အတွက် အအေးလည်းခံနိုင်ပါတယ်။ ကျွန်မဘာဝတ်တယ်ဆိုတာ ကျွန်မရဲ့ရွေးချယ်မှုပါပဲ။ အဲဒီဓာတ်ပုံရိုက်စဉ်တုန်းက အေးရင်လည်းအေးလိမ့်မယ်။ ဒါပေမယ့် ဒါဟာကျွန်မရဲ့ ရွေးချယ်မှုပဲဖြစ်တယ်လို့ ပြန်လည်တုံ့ပြန်လိုက်ပါတယ်။

အဲဒီအခါမှာတော့ ဂျနီဖာလောရင့်စ်ရဲ့ပရိသတ်တွေကလည်း တွစ်တာပေါ်မှာ သူ့အတွက် ပြန်လည်တုံ့ပြန်ပေးခဲ့ကြပါတယ်။ **ဘီဘီစီ**



ဧျူး

## အရပ်ဘက်အဖွဲ့အစည်းများ မှတ်ပုံတင်ရာတွင် လွယ်ကူချောမွေ့စေရန်အတွက် လုပ်ဆောင်မည့်စီမံချက် မိတ်ဆက်



**မန္တလေး ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီးအတွင်းမှ အရပ်ဘက်အဖွဲ့အစည်းများ မှတ်ပုံတင်ရာတွင် လွယ်ကူချောမွေ့စေရန်အတွက် ဥပဒေရေးရာ ပတ်ဝန်းကျင်ကောင်းဖော်ဆောင်ရေးအဖွဲ့(En Availing Legal Environment)က လုပ်ဆောင်မည့် စီမံချက်နှင့် ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၂၂ ရက်က ချမ်းအေးသာစံမြို့နယ်ရှိ Hotel Marvel ၌ ကျင်းပသည်။

ရှင်းလင်းပွဲတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးက အမှာစကားပြောကြားပြီး ဥပဒေရေးရာပတ်ဝန်းကျင်ကောင်း ဖော်ဆောင်ရေးအဖွဲ့မှ ဒေါက်တာဝင်းမြင့်(တော်ဝင်ဆေးရုံ)က အသင်းအဖွဲ့များ မှတ်ပုံတင်ရေးဥပဒေပေါ်ထွက်လာရေး ဆောင်ရွက်ချက်များနှင့် ဥပဒေပါအားနည်းချက်များ ပြင်ဆင်နိုင်ရေး ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဖွံ့ဖြိုးရေးမဏ္ဍိုင်အဖွဲ့မှ ဦးအောင်သူရက PEACE Project အကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံချက်တာဝန်ရှိသူများက ဥပဒေရေးရာပတ်ဝန်းကျင်ကောင်း ဖော်ဆောင်ရေးအဖွဲ့အကြောင်း၊ PEACE Project ၏ လုပ်ငန်းစဉ်များဖြစ်သည့် မြန်မာနိုင်ငံတွင် မျှတသော၊ တာဝန်ခံမှုအပြည့်ရှိသော၊ အရပ်ဘက်ပူးပေါင်းပါဝင်မှုမြှင့်တင်ရေးစီမံချက်(Promoting, Equitable, Accountable, Civic, Engagement in Myanmar)အကြောင်းတို့ကို ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသူများ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ယင်းစီမံချက်ကို ဖွံ့ဖြိုးရေးမဏ္ဍိုင်နှင့် မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်း၍ ဥရောပသမဂ္ဂ၏ ထောက်ပံ့ကူညီမှုဖြင့် စီမံချက်ကာလဖြစ်သော ၂၀၁၆ ခုနှစ် ဩဂုတ်လမှစတင်၍ ၂၀၂၀ပြည့်နှစ် ဇူလိုင်လအထိ ရန်ကုန်၊ မန္တလေး၊ မကွေး၊ တနင်္သာရီ တိုင်းဒေသကြီးများနှင့် ရှမ်း၊ မွန်၊ ကရင်ပြည်နယ်များတွင် တစ်ပြိုင်နက် ဆောင်ရွက်လျက်ရှိရာ ယခုအခါ စီမံချက်ဒုတိယအဆင့်အဖြစ် သက်ဆိုင်ရာဝန်ထမ်းများ၏ စွမ်းရည်တိုးတက်မြင့်မားရေး၊ အရပ်ဘက်အဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပါဝင်ပတ်သက်သူများကို ဆရာဖြစ်သင်တန်းများပို့ချခြင်း၊ ၎င်းတို့မှတစ်ဆင့် ဆင့်ပွားသင်တန်းများဆက်လက်ပို့ချခြင်းနှင့် သင်တန်းဆင်းအဖွဲ့များသို့ စီမံချက်ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် အရပ်ဘက်အဖွဲ့အစည်းများ မှတ်ပုံတင်ရာတွင် လွယ်ကူချောမွေ့စေရန်အတွက်လည်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **အောင်စံမောင်**

## စာမေးပွဲကာလအတွင်း မီးပျက်မည်ဆိုလျှင် စာစစ်ဌာနများသို့ ကြိုတင်အကြောင်းကြားမည်

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၃**

ယခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲကာလအတွင်း မြစ်ကြီးနားမြို့၌ မီးမပြတ်စေရန် အရန်မီးစက်အသုံးပြုမည့် အစီအစဉ်မရှိသော်လည်း မီးပျက်မည်ဆိုပါက စာစစ်ဌာနများသို့ ကြိုတင်အကြောင်းကြားမှုမျိုး ပြုလုပ်သွားမည်ဖြစ်ကြောင်း ပုဂ္ဂလိကပိုင် ဘူးဂါးလျှပ်စစ်ဓာတ်အားပေးဖြန့်ဖြူးရေးလုပ်ငန်းရုံးမှ သိရသည်။

မြစ်ကြီးနားမြို့ရှိ ဘူးဂါးလျှပ်စစ်ဓာတ်အားပေးလုပ်ငန်းသည် နိုင်ငံတော်ဓာတ်အားစနစ်မှတစ်ဆင့် ဓာတ်အားဝယ်ယူဖြန့်ဖြူးခြင်းနှင့် ဘူးဂါးကုမ္ပဏီပိုင် ရေအားလျှပ်စစ်စက်ရုံ စသည့် စက်ရုံနှစ်ခုဖြင့် မီးပေးနေသည့်အတွက် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုနေသည့် ညများတွင်လည်း မီးအားပြတ်တောက်မှု အနည်းဆုံးဖြစ်စေရန် အဆိုပါ စက်ရုံနှစ်ခုဖြင့် အစားထိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“မီးမပျက်အောင် ပုံမှန်အချိန်ထက်ပိုပြီး ဂရုစိုက်ခိုင်းထားတယ်၊ ဒီမှာက စာစစ်ဌာနက အလွန်ကျယ်ပြန့်တော့ သူတို့ရဲ့သက်ဆိုင်ရာ ကျောင်းအလိုက်ပဲ ကိုယ်ပိုင်မီးစက်တွေ ရှိပါတယ်၊ ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ အရန်မီးစက်သုံးဖို့မရှိဘဲ တကယ်လို့ မီးအားပြတ်တောက်ခဲ့မယ်ဆိုရင်တော့ စာစစ်ဌာနတွေကို မီးပျက်မယ့်သတင်းကို အမြန်ဆုံးရောက်အောင် ကြိုပြီးအကြောင်းကြားပေးမယ်၊ နိုင်ငံတော်ဓာတ်အားစနစ်မှတစ်ဆင့် ဓာတ်အားဝယ်ယူဖြန့်ဖြူးတဲ့စက်ရုံက ဓာတ်အားပြတ်တောက်ရင် ဘူးဂါးကုမ္ပဏီပိုင် ရေအားလျှပ်စစ်စက်ရုံနဲ့ သီးသန့်ပြန်အစားထိုးတာပေါ့၊ မီးပျက်သွားရင်လည်း အလွန်ဆုံးကြာရင် ၁၅ မိနစ်ပေါ့”ဟု မြစ်ကြီးနားမြို့ ယုဇနရပ်ကွက်အတွင်းရှိ ဘူးဂါးလျှပ်စစ်ဓာတ်အားပေးဖြန့်ဖြူးရေးလုပ်ငန်းရုံးမှ မန်နေဂျာ ဦးလအောင်က ပြောသည်။

လွန်ခဲ့သည့်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ကာလများတွင်လည်း ထိုကဲ့သို့ ဓာတ်အားပြတ်တောက်မှုများ နည်းစေရန် စီစဉ်ပေးခဲ့ပြီး ဓာတ်အားပြတ်တောက်မှုများ ရှိလာပါက အရေးပေါ်ဌာန ဖုန်း-၀၇၄-၂၂၆၀၁ သို့ ဆက်သွယ်၍ မေးမြန်းနိုင်ကြောင်း သိရသည်။

ဘူးဂါးလျှပ်စစ်ဓာတ်အားပေးလုပ်ငန်းအနေဖြင့် မြစ်ကြီးနားမြို့၌ လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးရာတွင် အများပြည်သူသုံးသည့် အိမ်သုံးမီတာခကို တစ်ယူနစ်လျှင် ၁၁၀ ကျပ် ကောက်ခံ၍ စီးပွားရေးသုံး ပါဝါမီတာကို ၁၅၀ ကျပ်၊ ဘာသာရေး၊ သာသနာရေးနှင့် အစိုးရရုံးများအတွက် ၁၀၀ ကျပ်နှုန်း ကောက်ခံလျက်ရှိပြီး ဘူးဂါးလျှပ်စစ်ဓာတ်အားပေးလုပ်ငန်းသည် လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနနှင့် ၂၀၀၇ ခုနှစ်မှစတင်ကာ ၂၀၃၇ ခုနှစ်အထိ နှစ် ၃၀ စာချုပ် ချုပ်ဆိုထားကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၇ ရက်တွင် စတင်စစ်ဆေးပြီး ထိုနေ့တွင် မြန်မာစာ၊ ၈ ရက်တွင် အင်္ဂလိပ်စာ၊ ၉ ရက်တွင် သင်္ချာ၊ ၁၂ ရက်တွင် ဓာတုဗေဒနှင့် စိတ်ကြိုက်မြန်မာ၊ ၁၃ ရက်တွင် ရူပဗေဒ၊ ၁၄ ရက်တွင် ဇီဝဗေဒနှင့် ဘောဂဗေဒ၊ ၁၅ ရက်တွင် ပထဝီဝင်၊ ၁၆ ရက်တွင် သမိုင်းဘာသာများ ဖြေကြားရမည်ဖြစ်ကာ မြန်မာတစ်နိုင်ငံလုံး၌ ယခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် လျှောက်ထားသူ ၉၄၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

**မင်းမင်းဦး**

## မြန်မာနိုင်ငံ အလှမွေးငါးကြင်း ပြပွဲနှင့်ပြိုင်ပွဲ ဒုတိယအကြိမ် ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၃**

မြန်မာနိုင်ငံရှိ အလှမွေးငါးကြင်း မွေးမြူသူများအနေဖြင့် နိုင်ငံတကာမှ မျိုးကောင်းမျိုးသန့်များကို ရွေးချယ်မွေးမြူနိုင်စေရန်၊ မြန်မာ့အလှမွေးငါးကြင်း မွေးမြူရေးလုပ်ငန်း



ဖွံ့ဖြိုးတိုးတက်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် Myanmar Koi Club က ကြီးမှူး၍ မြန်မာနိုင်ငံ အလှမွေးငါးကြင်း ပြပွဲနှင့် ပြိုင်ပွဲကို ဒုတိယအကြိမ်မြောက်အဖြစ် ဖေဖော်ဝါရီ ၂၁ ရက်က မန္တလေး မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

ပြပွဲနှင့် ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်ထွဋ်က အမှာစကားပြောကြားပြီး Myanmar Koi Club အသင်းဥက္ကဋ္ဌ ဦးအေးချမ်းအောင်က ကျေးဇူးတင်စကားပြောကြားကာ တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်၊ ဦးမြတ်ထွဋ်၊ တိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းရှင်များအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာထင်ကျော်၊ Myanmar Koi Club အသင်းနာယက ဒေါက်တာအောင်ခိုင်သန်းနှင့် ဦးအေးချမ်းအောင်တို့က ပြပွဲ၊ ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ခန်းမအတွင်း ခင်းကျင်းပြသထားသည့် နိုင်ငံတကာနှင့် ပြည်တွင်းမှ ပြိုင်ပွဲဝင်နှင့် ရောင်းချသည့် အလှမွေးငါးကြင်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

အလှမွေးငါးကြင်းပြိုင်ပွဲတွင် အမျိုးအစားအလိုက် နိုင်ငံတကာမှ အလှမွေးငါးကြင်းကောင်ရေ ၂၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ကြပြီး နိုင်ငံတကာအဆင့်မီ ဒိုင်အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကာ ဆုပေါင်း ၃၄ ဆုကို ဖေဖော်ဝါရီ ၂၁ ရက်တွင် ပေးအပ်ချီးမြှင့်ခဲ့သည်။ အလှမွေးငါးပြပွဲတွင်လည်း အလှမွေးငါးကြင်းများ အပါအဝင် အလှမွေးငါး အမျိုးမျိုး၊ အရည်အသွေးပြည့် ငါးစာများ၊ အလှမွေးငါး မွေးမြူရေးသုံးပစ္စည်းများကို ပြသခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## မျက်စိရောဂါ အခမဲ့ကုသမှုများ ဆောင်ရွက်ပေးမည်

**ဟိုင်းကြီးကျွန်း ဖေဖော်ဝါရီ ၂၃**

ရေဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့တွင် သီတဂူဆရာတော်ကြီး၏ ဦးဆောင်မှုဖြင့် မျက်စိအထူးကုဆရာဝန်ကြီးများက မျက်စိစမ်းသပ်မှု၊ ခွဲစိတ်ကုသမှုများကို အခမဲ့လာရောက်ဆောင်ရွက်မည်ဖြစ်ရာ မျက်စိကုသမှုခံယူမည့် ဒေသခံများအနေဖြင့် သိရှိပြီး ကုသမှုခံယူနိုင်ရန် ဖေဖော်ဝါရီ ၂၀ ရက်မှစ၍ အုပ်ချုပ်ရေးအဖွဲ့အစည်းများက နှိုးဆော်အသိပေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အခမဲ့ မျက်စိစမ်းသပ်ခြင်းနှင့် ခွဲစိတ်ကုသပေးခြင်းကို ဟိုင်းကြီးကျွန်းမြို့တိုက်နယ်ပြည်သူ့ဆေးရုံတွင် မတ် ၁၄ ရက်မှ ၁၉ ရက်အထိ လာရောက်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကုသလိုသူများအနေဖြင့် သက်ဆိုင်ရာ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများထံသို့ အမည်စာရင်း ကြိုတင်ပေးသွင်းကြရန် နှိုးဆော်ဆောင်ရွက်ထားကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် တရားမဝင်ကိုင်ဆောင်သည့် လက်ကိုင်လွှစက်များကို သစ်တောဌာနသို့အပ်နှံ

**ဆော ဖေဖော်ဝါရီ ၂၃**
ဂန့်ဂေါခရိုင် ဆောမြို့နယ်တွင် သစ်တောသစ်ပင်များ ပြုန်းတီးမှု မရှိစေရေးနှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်တားဆီးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုမှ ဆောင်ရွက်ချက်တစ်ရပ်အဖြစ် လက်ကိုင်လွှစက်(ချိန်းဆော)များကို တရားမဝင် ကိုင်ဆောင်ထားသူများက သစ်တောဦးစီးဌာနသို့ လက်ကိုင်လွှစက်များ အပ်နှံပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

လွှစက်များ အပ်နှံပွဲတွင် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထင်လင်းက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဝင်းက လက်ကိုင်လွှစက်များ ကိုင်ဆောင်




၍ တရားမဝင် အသုံးပြုနေခြင်းသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို များစွာထိခိုက်စေကြောင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရာတွင် လက်ကိုင်လွှစက် ရောင်းချသည့်ဆိုင်များ၊ ကိုင်ဆောင်သည့်ဌာနများ၊ အဖွဲ့အစည်းများနှင့်အတူ ဒေသခံပြည်သူများကလည်း ပူးပေါင်းပါဝင်ကြရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထွန်းထွန်းမင်းက လက်ကိုင်လွှစက် ကိုင်ဆောင်အသုံးပြုခြင်းနှင့်ပတ်သက်သည့် လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများကို အသေးစိတ်ရှင်းလင်းပြောကြားကာ လက်ကိုင်လွှစက် ကိုင်ဆောင်အသုံးပြုနေသူ ၁၁ ဦးက လက်ကိုင်လွှစက် ၁၁ လုံးကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထင်လင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဝင်းနှင့် မြို့နယ်သစ်တောဦးစီးအရာရှိ ဦးထွန်းထွန်းမင်းတို့ထံ အပ်နှံခဲ့ကြသည်။

ဆောမြို့နယ်တွင် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း လက်ကိုင်လွှစက်များ တရားမဝင် ကိုင်ဆောင်အသုံးပြုနေသူများက ပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် ပါဝင်ဆောင်ရွက်သည့်အနေဖြင့် လွှစက်များကို သစ်တောဦးစီးဌာနသို့ အပ်နှံလျက်ရှိရာ စုစုပေါင်း လက်ကိုင်လွှစက် အလုံး ၂၈၀ ကို မြို့နယ်သစ်တောဦးစီးဌာနသို့ အပ်နှံကြပြီးဖြစ်ကြောင်း၊ အပ်နှံထားသည့် အဆိုပါ လက်ကိုင်လွှစက်များထဲမှ ၁၁၇ လုံးကို ဂန့်ဂေါခရိုင် သစ်ထုတ်ရေးဒေသသို့ စနစ်တကျ လွှဲပြောင်းအပ်နှံပြီးဖြစ်ကာ ကျန် ၁၆၃ လုံးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ခရိုင်သို့ ဆက်လက်အပ်နှံသွားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**၁၀၁**



# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက ချင်းပြည်နယ်၌ ဦးစီးဌာနနှစ်ခု အသစ်တိုးချဲ့ဖွင့်လှစ်

**ဟားခါး ဖေဖော်ဝါရီ ၂၃**
ချင်းပြည်နယ်အတွင်းမှ တိုင်းရင်းသားများ၏ အကျိုးစီးပွားအတွက် ရည်ရွယ်၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနတို့ကို ချင်းပြည်နယ်တွင် အသစ်တိုးချဲ့ဖွင့်လှစ်လိုက်ကြောင်း သိရသည်။

အဆိုပါ ဦးစီးဌာနရုံးနှစ်ခု ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက် ညနေပိုင်းက ဟားခါးမြို့ရှိ ခရိုင်စုပေါင်းရုံးခန်းမ၌ ကျင်းပခဲ့ပြီး ဖွင့်ပွဲတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်တို့က အမှာစကားပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အသစ်ဖွင့်လှစ်သော ဦးစီးဌာနနှစ်ခု၏ ယာယီရုံးခန်းများဖွင့်လှစ်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အသစ်တိုးချဲ့ဖွင့်လှစ်သည့် ဦးစီးဌာနနှစ်ခုတွင် ညွှန်ကြားရေးမှူးအဆင့် တာဝန်ခံများ ထားရှိမည်ဖြစ်ပြီး ဌာနများအနေဖြင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုများ ဖွံ့ဖြိုးတိုးတက်လာရေး၊ တိုင်းရင်းသားများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ပြည်နယ် (ပြန်/ဆက်)**

# မီးဘေးကာကွယ်ရေး ပညာပေးခြင်းနှင့် သရုပ်ပြလေ့ကျင့်မှုဆောင်ရွက်

**မိုးနဲ ဖေဖော်ဝါရီ ၂၃**
ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ်အတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြခြင်းကို ဖေဖော်ဝါရီ ၂၁ ရက်က မိုးနဲမြို့မဈေး၌ ပြုလုပ်ခဲ့သည်။



မီးငြိမ်းသတ်မှုသရုပ်ပြပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမြင့်ဝင်းကြိုင်က မီးဘေးကြိုတင်ကာကွယ်သည့်အနေဖြင့် ဈေးဆိုင်ခန်းများတွင် အရေးပေါ် မီးသတ်ဆေးဘူးများ ဆောင်ထားရန်နှင့် မီးဘေးကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကို ဟောပြောပြီး မီးသတ်ဆေးဘူးအသုံးပြု၍ မီးလောင်မှုအမျိုးမျိုးအတွက် မီးသတ်ဆေးဘူးဖြင့် အလွယ်တကူ မီးငြိမ်းသတ်နည်း၊ မီးငြိမ်းသတ်ပုံ အဆင့်ဆင့်တို့ကို လက်တွေ့သရုပ်ပြခဲ့သည်။ ထို့နောက် မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများက မီးသတ်ယာဉ်နှစ်စီး အသုံးပြု၍ မီးငြိမ်းသတ်မှုများကို ဆက်လက်သရုပ်ပြခဲ့သည်။

အဆိုပါ မီးငြိမ်းသတ်မှုသရုပ်ပြခြင်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှထွဋ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များ၊ ဈေးသူ၊ ဈေးသားများ ပူးပေါင်းပါဝင် လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**

# ဆွာဆည် မြောင်းဖျားအထိ ရေပေးဝေနိုင်၍ နွေစပါးစိုက်တောင်သူများ အဆင်ပြေ

**ရေတာရှည် ဖေဖော်ဝါရီ ၂၃**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းဆည်မှ မြို့နယ်အတွင်း တောင်သူများထံသို့ နွေစပါးစိုက်ပျိုးရန် ဇန်နဝါရီလဆန်းပိုင်းမှစတင်ပြီး ရေများပေးဝေလျက်ရှိရာ နွေစပါးစိုက်တောင်သူများ စိုက်ဧက တိုးမြှင့်စိုက်ပျိုးနိုင်ရေးအတွက် မြောင်းဆုံးမြောင်းဖျားပိုင်းအထိ ဆောင်ရွက်ပေးခဲ့သောကြောင့် ဘိုးတော်ကုန်းကျေးရွာအုပ်စုနှင့် ဝါးရုံတောကျေးရွာအုပ်စုများရှိ ဒေသခံတောင်သူများ၏ မြေဧက ၁၀၀ ကျော်တွင်ပါ နွေစပါးများ တိုးချဲ့စိုက်ပျိုးနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီဘက်ကွင်းတွေက အရင်က နွေစပါးဆို လုံးဝစိုက်လို့မရဘူး၊ နွေစပါးအတွက် ရေပေးမှာမို့လို့ စပါးမျိုးတွေရှာဖွေထားပြီး ထယ်ရေးတွေ အမြန်ဆုံးပြင်ကြဖို့ ဆည်မြောင်းဦးစီးဌာနက ကြိုတင်အကြောင်းကြားတယ်၊ အားချင်းလုပ်ပေးတာ၊ ကျွန်တော်တို့ တောင်သူတွေက ဟုတ်ပါ့မလားဆိုပြီး ထင်ယောင်ထင်မှားဖြစ်နေသေးတယ်၊ ခုတော့ စိုက်ပျိုးရေးတွေရပြီ၊ စပါးတွေကြဲတဲ့ သူတွေတောင်ကြဲကုန်ပြီ"ဟု ဝါးရုံတောကျေးရွာနေ တောင်သူ ဦးဝင်းကြည်က ပြောကြားသည်။

မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိက "ကျွန်တော်တို့ဌာနက ညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးနဲ့ တာဝန်ရှိသူတွေက တောင်သူတွေ နွေစပါးတိုးချဲ့နိုင်ဖို့ မကြာမကြာ ကွင်းဆင်းကြည့်တယ်၊ မြောင်းအလိုက်၊ မြောင်းခွဲများအလိုက် ရေပေးဝေတဲ့စနစ်တွေကို ကြည့်ပြီးတော့မှ DY-8 Miror 1 ကို ရေထည့်ပေးနိုင်ရင် ဝါးရုံတောအုပ်စုနဲ့ ဘိုးတော်ကုန်းကျေးရွာအုပ်စု အတွင်းမှာရှိတဲ့ တောင်သူတွေရဲ့ ဧက ၁၃၅ ဧကလောက် ပိုစိုက်ပျိုးနိုင်မယ်ဆိုပြီး လုပ်ပေးတာပါ၊ ခုတော့ တောင်သူတွေအားလုံး အဆင်ပြေကြပါပြီ"ဟု ပြောကြားသည်။

**ကိုလွင်(ဆွာ)**



# အောင်တံခွန်ဆုနှင့် စွမ်းရည် (၄) ရပ် ဆုချီးမြှင့်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**
အောင်တံခွန်ဆုနှင့်စွမ်းရည်(၄)ရပ်ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက်နံနက်၁၀ နာရီက ရန်ကုန်မြို့အမှတ်-၂လုံခြုံရေးကွပ်ကဲမှုအဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ၂၀၁၇ ခုနှစ်အတွက် အောင်တံခွန်ဆုရရှိသောအမှတ်-၁၅လုံခြုံရေးရဲတပ်ဖွဲ့ခွဲအား ကွပ်ကဲရေးမှူး ရဲမှူးချုပ်တင်ကိုကိုမှ ဂုဏ်ပြုမှတ်တမ်းလွှာကိုလည်းကောင်း၊ စွမ်းရည် (၄) ရပ်မှလုပ်ငန်းစွမ်းရည်ဆုရရှိသောအမှတ်-၇ လုံခြုံရေးရဲတပ်ဖွဲ့ခွဲ၊ စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်ဆုရရှိသည့် အမှတ်-၁၅ လုံခြုံရေးရဲတပ်ဖွဲ့ခွဲ၊ အုပ်ချုပ်ရေးစွမ်းရည်ဆုရရှိသောအမှတ်-၂၂ လုံခြုံရေးရဲတပ်ဖွဲ့ခွဲတို့အား ဒုတိယကွပ်ကဲရေးမှူး၊ လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲမှူးနှင့် ဦးစီးအရာရှိတို့ကအသီးသီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

ရဲတပ်ဖွဲ့ဝင်များ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆတက်ထမ်းပိုးကြိုးပမ်းဆောင်ရွက်၍ ပြည်သူနှင့်အတူ ဒုစရိုက်မှုများ ပူးပေါင်းဆောင်ရွက်လျက် စွမ်းရည်(၄)ရပ် အစဉ်ပြည့်ဝစေရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပျိုးထောင်သင်ကြားလမ်းညွှန်မှုနှင့်အတူ စွမ်းရည်ထက်မြက်သော တပ်ဖွဲ့များကို ဤသို့ဆုများနှစ်စဉ် ချီးမြှင့်လျက်ရှိကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

# လက်နက်ကိုင်တွယ်အသုံးပြုနည်း ဆင့်ပွားသင်တန်းဖွင့်

**ညောင်ဦး ဖေဖော်ဝါရီ ၂၃**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်အတွင်း တာဝန်ထမ်းဆောင်နေကြသည့် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူ့အကျိုးပြုရဲလုပ်ငန်းစဉ်များ လုပ်ကိုင်ဆောင်ရွက်ရာတွင် စနစ်တကျလုပ်ကိုင်ဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်၍ ရဲတပ်ဖွဲ့ဝင်များ ကိုင်ဆောင် အသုံးပြုရသည့် ခေတ်မီလက်နက်များ စနစ်တကျ ထားသိုထိန်းသိမ်းရေးနှင့် ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုပစ်ခတ်နိုင်ရေး (ဆင့်ပွား)သင်တန်း အမှတ်စဉ် (၁/၂၀၁၈)ကို ခရိုင်ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးပြီး ဖေဖော်ဝါရီ ၁၉ ရက်က ဖွင့်လှစ်ခဲ့သည်။

ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် သင်တန်းဖွင့်ပွဲတွင် ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနေလင်းက သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များကို ပြောကြားကာ သင်တန်းသို့ တက်ရောက်ခွင့်ရရှိသည့် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစဉ်များကို အလေးထားရန်နှင့် သင်တန်းမှ ပို့ချသင်ကြားပေးမည့် သင်ခန်းစာများကို ဂရုတစိုက် သင်ယူကြရန် ရှင်းလင်းဆွေးနွေး မှာကြားသည်။ ထို့နောက် သင်တန်းနည်းပြများက သင်တန်းသားများအား ကိုင်တွယ်အသုံးပြုရသည့် ခေတ်မီလက်နက်များကို စနစ်တကျ ထားသိုထိန်းသိမ်းရေးနှင့် ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြု ပစ်ခတ်နိုင်ရေးဆိုင်ရာ နည်းပညာများကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့သည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၁၉ ရက်မှ မတ် ၂ ရက်အထိ သင်တန်းကာလ နှစ်ပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းသို့ ခရိုင်အတွင်းရှိ ရဲအရာခံတစ်ဦး၊ ရဲတပ်ကြပ်ကြီးခြောက်ဦးနှင့် ရဲတပ်ကြပ် ၁၃ ဦး စုစုပေါင်း သင်တန်းသား ၂၀ တက်ရောက်သင်ကြားကြကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# စက်ရေတွင်းတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေး

**ရွှေကျင် ဖေဖော်ဝါရီ ၂၃**
ဒေသခံပြည်သူများ သောက်သုံးရေဖူလုံစေရန်အတွက် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ခြေတော်ရာ(ကုန်းပေါ်ပိုင်း)ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

လုပ်ငန်းဆောင်ရွက်နေမှုကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးဟိန်းဇော်နှင့် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၁ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ပြီး လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေးအတွက် မှာကြားခဲ့သည်။ အဆိုပါ ခြေတော်ရာ(ကုန်းပေါ်ပိုင်း)ကျေးရွာတွင် စက်ရေတွင်း တူးဖော် ပေးခြင်းကြောင့် ကျေးရွာအတွင်းရှိ အိမ်ခြေ ၄၈၄ အိမ်မှ ပြည်သူ ၂၃၀၀ ကျော်အတွက် ရေလုံလောက်စွာရရှိစေမည်ဖြစ်ကြောင်း သိရသည်။**နေလင်း(ညောင်လေးပင်)**



# လိပ်ဥကုန်းစေတီတော်ဗုဒ္ဓပူဇနိယပွဲ စည်ကားစွာကျင်းပမည်

**ဖျာပုံ ဖေဖော်ဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အမှတ် ၁၈ ရပ်ကွက်ရှိ သမိုင်းဝင် သက်လွတ်ချမ်းသာ ကျိုက္ကမျှမ်စေတီတော်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်ကို တပေါင်းလဆန်း ၇ ရက်မှ တပေါင်းလပြည့်နေ့(ဖေဖော်ဝါရီ ၂၁ ရက်မှ မတ် ၁ ရက်) အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

**ပဌာန်းရွတ်ဖတ်ပူဇော်မည်**

ဗုဒ္ဓပူဇနိယပွဲတော် ရက်များအတွင်း စေတီတော်မြတ်ကြီးအား ပန်းရထားဖြင့် ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရန် စီစဉ်ထားမည်ဖြစ်ပြီး ဆီမီးတစ်ထောင် ထွန်းညှိပူဇော်ခြင်း၊ ပန်းကပ်လှူခြင်းများဖြင့် ပူဇော်နိုင်အောင် စီစဉ်ပေးထားမည်ဖြစ်ကြောင်း၊ ထို့အပြင် တပေါင်းလဆန်း ၇ ရက်မှ ၁၁ ရက်အထိ ငါးရက်တိုင်တိုင် လိပ်ဥကုန်း ကျိုက္ကမျှမ်မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်း ဆရာတော် ဦးဆောင်၍ ပဌာန်းရွတ်ဖတ်ပူဇော်မည်ဖြစ်ကြောင်း၊ ဗုဒ္ဓပူဇနိယပွဲတော်တွင် ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်း၊ ဇာတ်သဘင်အဖွဲ့များ၏ ဖျော်ဖြေရေးအစီအစဉ်များနှင့်အတူ ပွဲဈေးဆိုင်ခန်းများလည်း စီစဉ်ထားရှိမည်ဖြစ်ကြောင်း လိပ်ဥကုန်းစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ထံမှ သိရသည်။

**အစောဆုံးတည်ထားသည့် စေတီ**

ဖျာပုံမြို့ရှိ သမိုင်းဝင် ကျိုက္ကမျှမ်စေတီတော်မြတ်ကြီးသည် သက္ကရာဇ် ၉၀၀ ပြည့်နှစ်တွင် မွန်ဘုရင် သုရှင်တကာရွက်ပိ၏ မွန်မိဖုရားကြီး တလပရော်သမီက အသက်ဘေးမှ လွတ်ကင်းချမ်းသာရခြင်း၊ စားရေးရိက္ခာ ပြည့်စုံခြင်း၊ အခြွေအရံများ ခစားကူညီမှု လုံလောက်စွာရရှိခြင်း၊ အတွင်းအပအန္တရာယ်များ လွတ်မြောက်ခြင်း၊ လိုရာဆန္ဒ ထမြောက်အောင်မြင်ခြင်း စသည့် အကျိုးငါးပါးနှင့် ပြည့်စုံရသည့်အတွက် ကျိုက္ကမျှမ်ဟူသောအမည်ဖြင့် တည်ထားခဲ့ခြင်းဖြစ်ကာ ဖျာပုံမြို့၌ အစောဆုံးတည်ထားသည့် စေတီတစ်ဆူဖြစ်ကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

# မိတ္ထီလာတွင် ထီးသုံးဆင့်စေတီတော်မြတ် ထီးတော်တင်လှူ



**မိတ္ထီလာ ဖေဖော်ဝါရီ ၂၃**

မိတ္ထီလာမြို့သီရိမင်္ဂလာရပ်ကွက်တွင် တည်ထားကိုးကွယ်သည့် ရှေးဟောင်းသမိုင်းဝင် ထီးသုံးဆင့်စေတီတော်မြတ်အား ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော် တင်လှူပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက်က ကျင်းပသည်။

ထီးတင်ပွဲတွင် နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တဝိဇ္ဇောဒယထံမှ ဧည့်ပရိသတ်များက သီလခံယူဆောက်တည်ကြပြီး နယ်မြေခံတပ်မှ တပ်မမှူး ဗိုလ်မှူးချုပ်ဆန်းဦး၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ ထီးတော်အလှူရှင် ဦးဇော်ဝိတ်နှင့် ဒေါ်တင်စိန်မိသားစုနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တက်ရောက်လာကြသူများက ဆရာတော်ထံသို့ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်နှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က တရားဟောကြားပြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်များကို စေတီတော်ပေါ်သို့ အဆင့်ဆင့် တင်လှူပူဇော်ကြသည်။

ထီးသုံးဆင့်စေတီတော်တည်ရှိရာ သီရိမင်္ဂလာကုန်းတော်ပေါ်တွင် ထီးသုံးဆင့်စေတီတော်၊ ရွှေမြင်မိစေတီတော်နှင့် လေးမျက်နှာစေတီတော်ဟူ၍ စေတီတော်သုံးဆူအား ရှေးမင်းများအဆက်ဆက် တည်ထားပြုပြင် ကိုးကွယ်ခဲ့ကြပြီး ထီးသုံးဆင့် စေတီတော်မှာ အနော်ရထာမင်းလက်ထက် ရှင်အရဟံမထေရ်နှင့် ရဟန္တာမထေရ်မြတ်များ သိမ်သမုတ်ခဲ့သည့် ထီးသုံးဆင့်သိမ်နှင့် ဆက်စပ်တည်ထားခြင်းဖြစ်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

# တပေါင်းလပြည့်နေ့ ပြည်တော်ဝင်သည့် သာသနာ့သမိုင်းတွင်သည့် အကျိုးဆက်များ

**ဝိသုဇ္ဇက (ပဲခူး)**

**တပေါင်းလသည် လပေါင်းတစ်ဆယ့်နှစ်လတွင် နောက်ဆုံးလဖြစ်သည့် ဆောင်းရာသီ၏ အဆုံးဖြစ်သည့်နည်းတူ နွေရာသီ၏ အစဖြစ်၍ ဆောင်းမညီ၊ နွေမပီသည့်လ ဖြစ်ပေသည်။ ဆောင်းတစ်ဝက်နွေတစ်ဝက်ဖြစ်နေသော လတပေါင်းကို အင်းဝခေတ်စာဆိုအကျော် ရှင်အုန်းညိုက "သာသည့်ညှင်းညှင်း မြောက်လေကြွင်းနှင့် ဆီးနှင်းမကုန် ပူဟုန်မသည် ပျံ့ပျံ့ဖြည်းသာ" ဟူ၍ ဖွဲ့ဆိုထားသည်။ သို့ဖြစ်၍ ရှေးမြန်မာများက နေ့ပူလို့ ညချမ်း တပေါင်း လသရမ်း ဟု ဆိုစကားရှိခဲ့သည်။**

**သာယာလှပသော ဝိသေသများ**

သာယာလှပသော တပေါင်းလ၏ ဝိသေသများကို စာဆိုရှင်တို့က အမျိုးမျိုးသော ရှုထောင့်မှ စာပန်းချီခြယ်သခဲ့သည်မှာ-

" ရာသီကြက်ဆောင်း၊ တပေါင်းမူးမူး၊ မင်းလွင်ဦး၌၊ ညွန့်ဖူးကင်းငုံ၊ ပင်တိုင်းစုံသည်၊ ရဂုံဘွေကဆန်း၊ လှလည့်သော်" ဟု ရှေးစာဆိုကြီး မင်းဗေယျရန္တမိတ်၏ ရတုပါအတိုင်း တပေါင်းလ၌ သာယာပုံ၊ မြူမှုန်မင်းလွင်၊ ရှစ်ခွင်ဆိုင်းလို့၊ အပင်တိုင်းမှာ၊ ပန်းပေါင်းစုံတို့၏၊ အပွင့်အဖူးများ၊ ဆန်းထူးထွေလာ၊ လှပစွာဖူးပွင့်ကြပုံနှင့် တောရဂုံမြိုင်နန်း၏ ပန်းအလှတို့ ဆန်းကြယ်ပုံများကို သီကုံးထားကြသည်။

" ရွှေလျှံတောလုံး၊ အိုင်ထုံးမြစ်ခွင်၊ ကြည်စင်မြမြတပေါင်းလ" ဟူ၍ လည်းကောင်း၊ "တပေါင်းလသာခေါင်၊ လများနောင်ဝယ်၊ တောတောင်စုံပေါင်း၊ ညွန့်သစ်လောင်းသည်၊ နှာမောင်းခွေလည် လှည့်လိမ့်မည်" ဟူ၍လည်းကောင်း၊ လတပေါင်း၏ အလှပေါင်းစုံခြင်း၊ လတကာတို့၏ ထိပ်ခေါင်၊ လတကာတို့ထက် ကြီးကျယ်မြင့်မြတ်လှကြောင်းနှင့် ပန်းပေါင်းစုံ ပွင့်ဖူး၍ တောတောင်အားလုံး အလှများလွှမ်းခြုံနေသကဲ့သို့ မြစ်ပြင်ရေချောင်းများမှာလည်း ကြည်လင်လှပ သန့်ရှင်းလျက်ရှိနေသည်။

ရဟန်းစာဆို ရှင်ဥတ္တမကျော် တောလားဖြင့် " သီတာသိမ်ဝယ်၊ သောင်တိမ်ငွေဥ၊ သဲငွေနုနှင့်၊ ဝတ်စုညွန့်ချီ၊ သရဖီမူ၊ ကြိုင်ဆီလှိုင်သက်၊ ရေဖက်ဆွတ်တည့်၊ ချွေလွှတ်စောစွာ၊ သည်ချိန်ခါကို၊ သောတပန်သည်၊ မဟာထေရ်တို့၊ မကြည်နိုင်အောင်၊ မြူခိုးမှောင်ခဲ" ဟူ၍ တပေါင်းလ၏ သာယာပုံကို ဖွဲ့ဆိုထားပါသည်။

> **" တပေါင်းလပြည့်နေ့တွင် ကာဠုဒါယီမထေရ်က မြတ်စွာဘုရားအား ကပိလဝတ် နေပြည်တော်သို့ ကြွရောက်တော်မူပါရန် လျှောက်ထားသည်ကို အကြောင်းပြု၍ တပေါင်းလသည် ထင်ရှားဖွယ် ဖြစ်စေ၏။ ကာဠုဒါယီမထေရ်က တပေါင်းလ၏ သာယာပုံကို ဂါထာ ၆၄ ဂါထာသီကုံး၍ မြတ်စွာဘုရား အား ခမည်းတော်၏ ကျေးဇူးကို သိရှိသောအနေဖြင့် မွေးရာဇာတိ ကပိလဝတ် နေပြည်တော်သို့ ကြွချိန် တန်ပြီဖြစ်ပါကြောင်း တပေါင်းလပြည့်နေ့တွင် လျှောက်ထားလေသည် "**

တပေါင်းလသည် နွေဦးအစအခါကာလဖြစ်သော်လည်း ပင်ယံထက်က ဧော်ရွက်တို့ကလည်း လေအပင့်တွင် ကြွေလွင့်နေပြီး ဥသြငှက်တို့၏ မြည်ကြွေးသံကို ကြားရစပြုလေ၏။ ဥသြငှက်တို့၏ မြည်ကြွေးသံသည် နွေဦး၏ အလှအပ ဂီတသံပင် ဖြစ်နေတော့သည်။

**စစ်ပွဲအောင်သောလ**

မြန်မာတပေါင်းလသည် ကမ္ဘာသုံးပြက္ခဒိန်တွင်ပင် March လဖြစ်သည်။ မတ်လသည် လက်တင်ဘာသာစကားဖြစ်သည်။ ရှေးခေတ်ရောမတို့က စစ်ပွဲများတွင် အောင်နိုင်အောင် စောင်မပေးသည်ဟု ယုံကြည်ကိုးကွယ်ကြသော နတ်သား March ကို ရည်ညွှန်းခြင်းဖြစ်သည်ဟု သိရသည်။

တပေါင်းလရာသီတွင် နက္ခတ် ၁၂ လုံး စုပေါင်းထွက်ခြင်းကြောင့် တပေါင်းလဟုခေါ်သည်ဟူ၏။ ထိုလတွင် ရက်ပေါင်း ၃၀ ရှိ၏။ နာရီအားဖြင့် နေ့ ၃၆ နာရီဖြစ်၏။ ညဥ့် ၂၄ နာရီရှိ၏။ နေ့တာရှည်၏။ ညတာတိုသောလဖြစ်၏။ ထိုလတွင် ပဂ္ဂုဏ(ခ) ဥတ္တရာဘရဂ္ဂုဏ်နက္ခတ်နှင့် စန်းယှဉ်ကြ၏။ ပြုဗ္ဗာဘဒြပိုဒ်နက္ခတ်နှင့် နေမင်းတို့ယှဉ်ကြ၏။ ဆံကျင်တာရာထွန်းပ၏။ ရာသီရုပ်မှာ ငါးနှစ်ကောင်ရေကူးနေပုံဖြစ်၏။

**ပုဂံခေတ်ကျောက်စာအရ**

တပေါင်းလကို ပုဂံခေတ်ထိုးကျောက်စာတို့၌ " တပေါင်း " ဟု ရေးထိုးခဲ့ကြသည်။ အင်းဝခေတ်၌ ဝိသဇ္ဇနီရေးထိုးပေါ်ပေါက်လာပြီဖြစ်၍ မျက်မှောက်ခေတ်ရေးသကဲ့သို့ " တပေါင်း " လဟုပင် ရေးခဲ့ကြ၏။ တပေါင်းဟူသော အမည်သည် တပို့တွဲလကဲ့သို့ပင် ထန်းပင်ကို အကြောင်းပြုကာ ပေါ်လာသည်ဟူ၏။ ဤရာသီတွင် ထန်းရည်များကို ပေါင်းစပ်ကျိုချက်ကြ၍ " ထန်းပေါင်း " ဟုခေါ်ဆိုရာမှ "တပေါင်း" သို့ ရွေ့လျားလာခဲ့သည်ဆို၏။ ဝေါဟာရ" လီနတ္ထဒီပနီကျမ်း "တွင် နှစ်မျိုးပြဆိုထားသည်။ ပထမအဓိပ္ပာယ်မှာ အမရကောသ အဘိဓာန်ကျမ်းတွင် တပသျှား ပူပန်ခြင်းကောင်းသော တပေါင်းလဟု ပရိယာယ်ရှိ၏။ ကာလရှည်လျားသောကြောင့် သက္ကတဘာသာ တပသျှား ပုဒ်မပျက်၍ မြန်မာဘာသာ တပေါင်းလဖြစ်သည်ဟူသော အယူအဆကို ရှေးဦးစွာ တင်ပြသည်။ ထိုတပေါင်းလကိုပင် " တပံအာတပံ သြဂစ္ဆန္တော ဂစ္ဆတိတိတပေါင်း" ဟူ၍ ရှေးဆရာမြတ်တို့ ဝိဂြိုဟ်ပြုထားကြ၏။ တပံအာတပံ နွေဥတုရာသီသို့ သြဂစ္ဆန္တောသက်လျက် ဂစ္ဆတီသွားတတ်၏။ က္ကတိကသ္မာထိုကြောင့် တပေါင်းတပေါင်းလမည်၏။ အမရကောသလာ" တပသျှား " ဟူသော တပေါင်းလ ပရိယာယ်ပါဠိနှင့် ဆီဆိုင်သင့်လျော်၏။ နေ့ပူညချမ်းဆိုရိုးနှင့် ညီညွတ်သည်ဟု ဒုတိယ အယူအဆတစ်မျိုးအဖြစ် တင်ပြသည်။

တပေါင်းလတွင် တောင်သူလယ်သမားတို့သည် ကောက်ပဲသီးနှံတို့ကို လယ်ယာမှ ထုတ်နုတ်သိမ်းဆည်းပြီးကြပြီဖြစ်၍ ခရီးသွားများလွယ်ကူစွာ သွားလာနိုင်ကြ၏။ မဟာပထဝီမြေကြီးသည်လည်း စိုပြည်လန်းဆန်းသောမြက်တို့ဖြင့် ဖုံးလွှမ်းလျက်ရှိသည်။ ပတ်ဝန်းကျင်တောအုပ်အပေါင်းတို့လည်း ရွက်ဟောင်းကို စွန့်ပစ်၍ ရွက်သစ်လဲလှယ်ကာ တင့်တယ်စွာ သီးကြ ပွင့်ကြလေ၏။

**သဲပုံစေတီကိုးကွယ်သည့်ဓလေ့**

တပေါင်းသာခေါင် လများနောင် ဆိုသည့်စကားနှင့်အညီ မြန်မာ့ဆယ့်နှစ်လတွင် တပေါင်းလသည် နောက်ဆုံးလဖြစ်သည်။ သဲပုံစေတီကိုးကွယ်သည့် အလေ့အထကို ရှေးမြန်မာကြီးတို့သည် နှစ်နှစ်သက်သက်ရှိခဲ့သည်။ သဲပုံစေတီပွဲတော်မှာ ဗုဒ္ဓဘာသာမှ ဆင်းသက်လာသော မြန်မာ့ယဉ်ကျေးမှုပွဲတော်ဖြစ်၍ မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာ စတင်ထွန်းကားလာချိန်ကပင်ရှိခဲ့သော ပွဲတော်ဟု ယူဆရသည်။ သဲပုံစေတီပွဲတော်သည် ပုဂံခေတ် သို့မဟုတ် ပုဂံခေတ်မတိုင်မီကပင် ရောက်ရှိသောပွဲတော်ဟု ဆိုနိုင်၏ အနော်ရထာမင်းသည် ပုဂံမြို့အနီးရှိ ဧရာဝတီမြစ်ကမ်း သဲခုံတွင် စွယ်တော်မြတ်ကို ဌာပနာ၍ စေတီတော်ကြီးတစ်ဆူ တည်ထားခဲ့သည်။ ယင်းစေတီတော်ကြီးမှာ သဲသောင်ခုံပေါ်တွင် တည်ထားသဖြင့် ရွှေစည်းခုံစေတီဟု ဘွဲ့တော်သတ်မှတ်ခဲ့ရာ မျက်မှောက်ခေတ်တိုင် အထင်အရှားတည်ရှိနေ၏။

သဲပုံစေတီပွဲတော်သည် နွေဦးကာလကျရောက်၍ မြစ်ရေခန်းခြောက်စ ဖြူလွလွ သဲသောင်စပ်တွင် ရိုးရာနှင့်အညီ ပျော်ရွှင်ဆင်နွှဲကြပုံကို စာဆိုရှင် လူဦးမင်းက တစ်ဆယ့်နှစ်ရာသီဘွဲ့လေးချိုးတွင် "ရေသီဒါဆိပ်၊ သောင်ကျွန်းမြိတ်တက်၊ ဗျာဒိတ်ကယ်သရီ သဲစေတီနှင့် သိင်္ဂီလျှံဝါ၊ ရွှေဟသ်ာလဲ ခြင်းရာလူတို့ ယံညှင်းသာချိုတော့တယ်"ဟု ပန်းချီခြယ်ထားသည်။

**ကပိလဝတ်ပြည်တော်ဝင်**

တပေါင်းလပြည့်နေ့တွင် ကာဠုဒါယီမထေရ်က မြတ်စွာဘုရားအား ကပိလဝတ်နေပြည်တော်သို့ ကြွရောက်တော်မူပါရန် လျှောက်ထားသည်ကို အကြောင်းပြု၍ တပေါင်းလသည် ထင်ရှားဖွယ်ဖြစ်စေ၏။ ကာဠုဒါယီမထေရ်က တပေါင်းလ၏ သာယာပုံကို ဂါထာ ၆၄ ဂါထာသီကုံး၍ မြတ်စွာဘုရားအား ခမည်းတော်၏ကျေးဇူးကို သိရှိသောအနေဖြင့် မွေးရာဇာတိ ကပိလဝတ်နေပြည်တော်သို့ ကြွချိန်တန်ပြီဖြစ်ပါကြောင်း တပေါင်းလပြည့်နေ့တွင် လျှောက်ထားလေသည်။ ယင်းသို့ လျှောက်ထားချက်အရ မြတ်စွာဘုရားသည် ရဟန္တာအရှင်သူမြတ် နှစ်သောင်းခြံရံလျက် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်နေ့တွင် ရာဇဂြိုလ်ပြည်မှ ယူဇနာ ၆၀ ကွာဝေးသော ကပိလဝတ် နေပြည်တော်သို့ တစ်နေ့လျှင် တစ်ယူဇနာခရီးဖြင့် ရက်ပေါင်း ၆၀ တိုင်တိုင် နှစ်လကြာမျှ ဒေသစာရီကြွချီတော်မူခဲ့ပါသည်။ မဟာသက္ကရာဇ် ၁၀၄ ခု၊ ကဆုန်လပြည့်နေ့တွင် ရောက်ရှိတော်မူခဲ့သည်။

**သာသနာ့သမိုင်း၏အကျိုးဆက်**

မြတ်စွာဘုရားရှင် ကပိလဝတ်နေပြည်တော်သို့ ပြည်တော်ဝင်ကြွရောက်တော်မူလာခြင်းဖြင့် သာသနာတော်သမိုင်းတွင် ဖြစ်ပေါ်လာသော အကျိုးဆက်များမှာ-

(၁) နိဂြောဓာရုံကျောင်းတော်ကြီး ပေါ်ပေါက်လာခြင်း။
(၂) သာကီဝင်မင်းမျိုးတို့၏ မာန်စွယ်ကို နုတ်ပယ်သောအားဖြင့် ပေါက္ခရဝဿမိုးကို ရွာသွန်းစေခြင်း။
(၃) ဂါထာတစ်ထောင်ဖြင့် တန်ဆာဆင်အပ်သော ဝေဿန္တရာဇာတ်တော်ကြီးကို ဟောကြားခြင်း။
(၄) မဟာဓမ္မပါလဇာတ်တော်ကြီးကို နာကြားရသဖြင့် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး အနာဂါမ်တည်ပြီး နောင်အခါ အရဟတ္တဖိုလ်တည်ခြင်း၊ မိထွေးတော် ဂေါတမီ သောတာပန်တည်ခြင်း၊ နောင်အခါ ဘိက္ခုသာသနာ ထူထောင်ခွင့်ကြုံခြင်း။
(၅) ယသောရောကိုအကြောင်းပြု၍ စန္ဒကိန္နရီဇာတ်တော်ကြီး ဟောကြားခြင်း။
(၆) ဇနပဒကလျာဏီ၏ ကြင်ရာတော် နန္ဒမင်းသား ရဟန်းဖြစ်ခြင်း။
(၇) သားတော်ရာဟုလာ အမွေတောင်း၍ သာမဏေဘဝသို့ ရောက်ရှိခြင်း။
(၈) သာကီဝင်အမျိုးမှ မင်းသားတစ်ထောင် ရဟန်းဘောင်သို့ ရောက်ရှိခြင်း။
(၉) ဆွေမျိုးတို့အား မြတ်စွာဘုရားကို ကြည်ညိုစေရန် စွမ်းဆောင်ရာ၌ အမြင့်မြတ်ဆုံးဘွဲ့ "ကုလပ္ပသာဒ" တေဒဂ်ကို ကာဠုဒါယီမထေရ်အား ချီးမြှင့်တော်မူခြင်း။
(၁၀) အရှင်သာရိပုတ္တရာလျှောက်ထား၍ ဗုဒ္ဓဝင်ဒေသနာကို ဟောကြားတော်မူခြင်းစသည်တို့ ဖြစ်ပါသည်။

သို့ဖြစ်ရာ ထေရဝါဒဗုဒ္ဓသာသနာထွန်းလင်းပြန့်ပွားလျက်ရှိသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများသည် ဆောင်းအကုန် နွေအကူး နွေဦးအစကာလ သာယာကြည်နူးဖွယ်ကောင်းလှသော တပေါင်းလအခါသမယ၌ ကုသိုလ်ကောင်းမှုများပြုလုပ်ပြီး ဆုတောင်းမေတ္တာပို့သကြရန်နှင့် သာသနာတော်သမိုင်းတွင်မည့် အကျိုးဆက်များကို မှဒိတာပွားစေရန် ရေးသားတင်ပြလိုက်ရပါသတည်း။ ။

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန ကြေညာချက်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် အခွန်အများဆုံးထမ်းဆောင်သည့် အခွန်ထမ်းများရွေးချယ်ရာတွင် အခွန်အမျိုးအစားအလိုက် အခွန်အများဆုံးပေးဆောင်ခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် စည်းကြပ်တောင်းခံသည့်အခွန်ငွေများကို စည်းကြပ်နှစ်အတွင်း အပြေအကျေပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ အခွန်အရပ်ရပ်ကြိုတင်ခွန်များကို သတ်မှတ်ထားသည့်ကာလအတွင်း မပျက်မကွက်ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ ဝင်ငွေကြေညာလွှာများကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အချိန်မီတင်သွင်းခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အပါအဝင် နှစ်အဆက်ဆက်စည်းကြပ်တောင်းခံသည့်အခွန်ငွေများအားလုံးကို အခွန်ကြွေးကျန်မရှိ အပြေအကျေပေးဆောင်ခဲ့ခြင်း စသည့်အချက်များနှင့် စိစစ်ရွေးချယ်ခဲ့ရာ **"မကွေးတိုင်းဒေသကြီးအတွင်းရှိ အခွန်ထမ်းများအနက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော မြန်မာကုမ္ပဏီ/လုပ်ငန်းရှင် (၅၀)ဦး၏စာရင်း"**အား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူ မြန်မာကုမ္ပဏီ/နိုင်ငံခြားကုမ္ပဏီ/လုပ်ငန်းရှင်များစာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www.irdmyanmar.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)၊ (၂)၊ (၃)၊ တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူးရုံးနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်/မန္တလေး)များတွင် ကြေညာထားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သည့်လုပ်ငန်းရှင် (၅၀)ဦး စာရင်း**

| စဉ် | အခွန်ထမ်းအမည် | နေရပ်လိပ်စာ | ရုံး/ဌာန တိုင်းဒေသကြီး/ပြည်နယ်/ ပြည်ထောင်စုနယ်မြေ | လုပ်ငန်းအမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဦးသန်းဇော်ရွှေ ပါ(၃) | အမှတ် ၄/၁၂၁၊ မြို့မဈေးမြောက်ဘက်လမ်း၊ ကွက်သစ်ရပ်ကွက်၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၂ | ဦးသန့်ဇော်ဆွေ | အမှတ် (၄)၇၃၊ ပြည်တော်သာလမ်း၊ ကွက်သစ်ရပ်၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၃ | ဒေါ်အေးအေး | ကျောက်ပုံရေနံမြေ၊ ကျောက်ပုံကျေးရွာအုပ်စု၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၄ | ဦးစိန်ငွေး | အမှတ် ၃၁-ခ၊ ပြည်တော်သာလမ်း၊ ရွာလေး၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | ကောင်းမွန်စူပါမားကတ် | |
| ၅ | ဦးသန်းဇော်ရွှေ+ဦးညီညီအောင် | ကျောက်ပုံရေနံမြေ၊ ကျောက်ပုံကျေးရွာ၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၆ | ဦးစုဝယ် | လယ်လှရေနံမြေ၊ လယ်လှကျေးရွာ၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၇ | Hlaing Yadi Tun Co.,Ltd | အမှတ် ၅၊ ၁၀ လမ်း၊ (၁၁)ရပ်ကွက်၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | ဆောက်လုပ်ရေး | |
| ၈ | ဦးမြင့်ဦး | အမှတ် ၅၊ ၆၀ အေးစေတီဘုရားလမ်း၊ ရုံးရပ်မြောက်ပိုင်း၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၉ | ဦးအောင်နိုင် | ကားကြီးကွင်းရှေ့တိုက်တန်း၊ တာဘောင်ကြီးလမ်း၊ ရုံးရပ်မြောက်ပိုင်း၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၁၀ | Shwe Pakokku Construction Co.,Ltd | အမှတ် ၂၀၊ ၅လမ်း၊ ၁၁ ရပ်ကွက်၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | ဆောက်လုပ်ရေး | |
| ၁၁ | ဒေါ်မြတ်သူခိုင် | နတ်မောက်လမ်း၊ ကန်ပြားကျေးရွာ၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | မြေ၀.၀၆၂၀ဧက+အဆောက်အအုံဟောင်းဝယ် | |
| ၁၂ | ပခုက္ကူကြယ်ပွင့်အုပ်စုကုမ္ပဏီလီမိတက် | အမှတ် ၂၃၊ မြို့သစ်ရပ်၊ ရေစကြိုလမ်း၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | ဆောက်လုပ်ရေး | |
| ၁၃ | ဒေါ်သန်းသန်း+ဒေါ်သန်းသန်းငွေး | ၂ လမ်း၊ ဒဟက်ကန်အနောက်ရွာ၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | မြေဝယ်+တိုက်ဆောက် | |
| ၁၄ | ဦးသန်းဇော်ရွှေ+ဦးညီညီအောင် | အမှတ် ၄၊ ၁၂၁ မြို့မဈေး၊ မြောက်ဘက်လမ်း၊ ကွက်သစ်ရပ်ကွက်၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၁၅ | နန်းမြင့်သူဆောက်လုပ်ရေးကုမ္ပဏီ | အမှတ် ၃၂၂၊ စကားဝါလမ်း၊ သက်တော်ရှည်ရပ်၊ ပွင့်ဖြူမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | ဆောက်လုပ်ရေး | |
| ၁၆ | ဦးကျော်ငွေး | ပိတောက်ပင်ကျေးရွာ၊ သရက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းတူးဖော်ခြင်း | |
| ၁၇ | ဦးညီညီအောင် | ရေနံမရေနံမြေ၊ ရေနံမကျေးရွာအုပ်စု၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၁၈ | ဦးသန်းငွေးအောင် | ရေနံမရေနံမြေ၊ ရေနံမကျေးရွာအုပ်စု၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၁၉ | ဒေါ်သင်းသင်းခိုင် | ဦးပိုင်အမှတ် ၃၃၁၊ အကွက်အမှတ် ၁၆၄၇၊ အောင်ဇေယျာရပ်၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | အိမ်မြေ ၀.၀၇၂ဧကဝယ်ယူခြင်း | |
| ၂၀ | ဦးမောင်မောင်သွင် | ဦးပိုင်အမှတ် ၁၇၊ အကွက်အမှတ် ၂၆၁၃၊ ရန်ဝေးရပ်၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | မြေ ၀.၀၆၀ဧကဝယ်ယူခြင်း | |
| ၂၁ | ဦးမျိုးသူအောင် | အမှတ် ၅၅၊ လမ်းသစ်လမ်း၊ အနောက်ရပ်တောင်ပိုင်းရပ်ကွက်၊ သရက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | လမ်းခင်းကျောက်တင်ဒါအောင်ခြင်း | |
| ၂၂ | ဦးငွေးအောင် | အမှတ် ၂၊ တောင်တွင်းလမ်း၊ အောင်စေတနာ-ဘီ၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | အမေထွားဆီစက် | |
| ၂၃ | ဦးသန်းဇော် | အမှတ် ၆၊ ၂၇၀ ရုံးရပ်တောင်ပိုင်းရပ်ကွက်၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၂၄ | ဦးဇေယျာအောင် | ရေနံမကျေးရွာ၊ ရေနံမကျေးရွာအုပ်စု၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၂၅ | ဦးသန့်ဇော်ဆွေ (ပါ-၂) | ဘက်စုံတံတားထိပ်၊ ပန်းတော်ပြင်ကျေးရွာ၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၂၆ | ဒေါ်နုနုလတ် | စမ်းအိုင်ရေနံမြေ၊ ညောင်ဝိုင်းကျေးရွာအုပ်စု၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၂၇ | ဦးကျော်ကျော် | ဦးပိုင်အမှတ် ၃၂၅/၄၃၊ အကွက်အမှတ် ၆၊ ရန်နိုင်ရပ်၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | မြေ၀.၀၆၀ ဧကဝယ်+ RC၁ထပ်ဆောက် | |
| ၂၈ | ဒေါ်ခိုင်သီတာအောင် | ကန်ပြား-မြို့သစ်လမ်း၊ ဘုရားပျိုအုပ်စု၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | စက်သုံးဆီဆိုင်ဆောက်လုပ်ခြင်း | |
| ၂၉ | ဦးစောမြင့်သိန်း | ရွာသစ်ကျေးရွာ၊ ပျဉ်ထောင်ကျေးရွာအုပ်စု၊ သရက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | လမ်းခင်းကျောက်တင်ဒါအောင်ခြင်း | |
| ၃၀ | ဒေါ်ဖြူလေး | ကားကြီးကွင်းတောင်ဘက်လမ်း၊ ရုံးရပ်တောင်ပိုင်း၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၃၁ | ဦးအာယု | ဦးပိုင်အမှတ် နွားခြံ ၁၀၊ အကွက်အမှတ်၁၆၅၄၊ အောင်မေတ္တာ ဃ၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | အိမ်-မြေ ၀.၂၈၀ ဧကဝယ်ယူခြင်း | |
| ၃၂ | ဦးစိန်တင် | အမှတ် ၁၀၊ ပြည်တော်သာလမ်း၊ ဈေးရပ်၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | ရွှေဇရာစတိုး | |
| ၃၃ | ဒေါ်နွယ်နီစန်း | ဘွဲ့ကျေးရေနံမြေ၊ ဘွဲ့ကျေးရွာ၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၃၄ | ဒေါ်အိခိုင်ဇော် | ဦးပိုင်အမှတ် ၁၆၅၊ အကွက်အမှတ် ၇၊ ဆားစည့်ရပ်၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | အိမ်-မြေ ၀.၀၆၉ဧကဝယ်ယူခြင်း | |
| ၃၅ | KTL Co.,Ltd | အမှတ် ၃၄လမ်းမတော်၊ (၁)ရပ်ကွက်၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | ဆောက်လုပ်ရေး | |
| ၃၆ | ဦးကျော်မိုးအောင် | အမှတ် ၈၀၊ သိမ်ကြီးလမ်း၊ တောင်မင်းတည်းရပ်ကွက်၊ သရက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | လမ်းခင်းကျောက်တင်ဒါအောင်ခြင်း | |
| ၃၇ | ဦးတင်ဦး | Es-၃၃၊ ပြည်တော်သာလမ်း၊မြင်သာရပ်၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | ၃-ထပ်အဆောက်အအုံဆောက်လုပ်ခြင်း | |
| ၃၈ | မြို့နယ်သမအသင်းစု | အမှတ် ၄၀၊ အမှတ် ၉၊ ဗိုလ်ချုပ်လမ်း၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | မြေငှားရမ်းခြင်း | |
| ၃၉ | ရွှေမိုး (ရေနံသာ) ကုမ္ပဏီလီမိတက် | အမှတ် ၁၀၁၆၊ အေးစေတီလမ်း၊ ရွာသစ်ရပ်ကွက်၊ ရေနံချောင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၄၀ | ဒေါ်ဘေဘီ | အမှတ်(၂)ကမ်းနားလမ်း၊မြို့မရပ်၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | မိစတိုး+ပသာဒဆေးရုံ+မျက်စိဆေးခန်း | |
| ၄၁ | ဦးသန်းဆွေ | ဆင်မကျရေနံမြေ၊ ဆင်မကျကျေးရွာ၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၄၂ | ဦးခင်မောင်ဆွေ | ရေဘွက်ကျေးရွာအုပ်စု၊ သရက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | လမ်းခင်းကျောက်တင်ဒါအောင်ခြင်း | |
| ၄၃ | ဦးအောင်ဝင်း | အမှတ် ၂၊ ပြည်တော်သာလမ်း၊ မြို့မရပ်၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၄၄ | Lin Myat Min Construction Co.,Ltd | အမှတ် (၅)၆၃ မဟာစည်ရိပ်သာလမ်း၊ ရုံးရပ်မြောက်ပိုင်း၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | Construction | |
| ၄၅ | ဒေါ်ဥမ္မာလင်း | ဦးပိုင်အမှတ် ၈၇၊ အကွက် ၄၊ ဘုရားလမ်း၊မြို့မရပ်၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | အိမ်-မြေ ၀.၀၄၁ဧကဝယ်ယူခြင်း | |
| ၄၆ | ဦးကျော်သူရမျိုး | အမှတ် ၂၉၊ သံကြိုးလမ်း၊ ရွှေဘုံသာရပ်ကွက်၊ သရက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | လမ်းခင်းကျောက်တင်ဒါအောင်ခြင်း | |
| ၄၇ | ကရဏာမိုး ကုမ္ပဏီလီမိတက် | အမှတ် ၂၃၊ အမှတ်(၂)ရပ်ကွက်၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | ဆောက်လုပ်ရေး | |
| ၄၈ | ဦးသက်နိုင် | ဦးပိုင်အမှတ် ၂၆၀၊ အကွက်အမှတ် ၁၆၅၆၊ အောင်စေတနာရပ်၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | အိမ်-မြေ ၀.၀၉၉ဧကဝယ်ယူခြင်း | |
| ၄၉ | ဦးလှသိန်း | ဦးပိုင်အမှတ် ၁၉၃၊ အကွက်အမှတ် ၁၆၅၆၊ အောင်စေတနာ-က၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | အိမ်-မြေ ၀.၀၆၀ဧကဝယ်ယူခြင်း | |
| ၅၀ | ဦးချိုဦး | အမှတ် ၄၊ ရိပ်သာ(၃)ရပ်ကွက်၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | မြေငှားရမ်းခြင်း | |

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန ကြေညာချက်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် အခွန်အများဆုံးထမ်းဆောင်သည့် အခွန်ထမ်းများရွေးချယ်ရာတွင် အခွန်အမျိုးအစားအလိုက် အခွန်အများဆုံးပေးဆောင်ခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် စည်းကြပ်တောင်းခံသည့်အခွန်ငွေများကို စည်းကြပ်နှစ်အတွင်း အပြေအကျေပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ အခွန်အရပ်ရပ်ကြိုတင်ခွန်များကို သတ်မှတ်ထားသည့်ကာလအတွင်း မပျက်မကွက်ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ ဝင်ငွေကြေညာလွှာများကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အချိန်မီတင်သွင်းခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အပါအဝင် နှစ်အဆက်ဆက်စည်းကြပ်တောင်းခံသည့် အခွန်ငွေများအားလုံးကို အခွန်ကြွေးကျန်မရှိ အပြေအကျေပေးဆောင်ခဲ့ခြင်း စသည့်အချက်များနှင့် စိစစ်ရွေးချယ်ခဲ့ရာ **"မကွေးတိုင်းဒေသကြီးအတွင်းရှိ အခွန်ထမ်းများအနက် ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်သော မြန်မာကုမ္ပဏီ/လုပ်ငန်းရှင်(၅၀)ဦး၏စာရင်း"**အား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်သူ မြန်မာကုမ္ပဏီ/နိုင်ငံခြားကုမ္ပဏီ/လုပ်ငန်းရှင်များစာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www.irdmyanmar.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)၊ (၂)၊ (၃)၊ တိုင်းဒေသကြီး/ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူးရုံးနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်/မန္တလေး)များတွင် ကြေညာထားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်သည့်လုပ်ငန်းရှင် (၅၀)ဦး စာရင်း

| စဉ် | အခွန်ထမ်းအမည် | လိပ်စာ | ရုံး/ဌာန တိုင်းဒေသကြီး/ပြည်နယ်/ ပြည်ထောင်စုနယ်မြေ | လုပ်ငန်းအမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | မြင့်မိုရ်ထိပ်အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းလီမိတက် | နွားကူးကျေးရွာ၊မကွေးတောင်တွင်းလမ်း၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | Trading | |
| ၂ | ဦးသန်းဇော်ရွှေပါ(၃) | အမှတ် ၄၊ ၁၂၁၊ မြို့မဈေး၊ မြောက်ဘက်လမ်း၊ ကွက်သစ်ရပ်ကွက်၊ မင်းလှမြို့၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၃ | ဦးသန့်ဇော်ဆွေ | အမှတ် ၄၊ ၇၃၊ ပြည်တော်သာလမ်း၊ ကွက်သစ်ရပ်၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၄ | ဒေါ်အေးအေး | ကျောက်ပုံရေနံမြေ၊ ကျောက်ပုံကျေးရွာအုပ်စု၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၅ | ဦးသန့်ဇော်ရွှေ+ဦးညီညီအောင် | ကျောက်ပုံရေနံမြေ၊ ကျောက်ပုံကျေးရွာအုပ်စု၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန် | |
| ၆ | ဦးစုဝယ် | လယ်လှရေနံမြေ၊ လယ်လှကျေးရွာ၊ မင်းလှမြို့၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၇ | ဦးမြင့်ဦး | အမှတ် ၅/၆၀၊ အေးစေတီဘုရားလမ်း၊ ရုံးရပ်မြောက်ပိုင်း၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၈ | ဦးအောင်နိုင် | ကားကြီးကွင်းရှေ့တိုက်တန်း၊ တာဘောင်ကြီးလမ်း၊ ရုံးရပ်တောင်ပိုင်း၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၉ | Hlaing Yadi Tun Co.,Ltdဆောက်လုပ်ရေး | အမှတ် ၅၊ ၁၀လမ်း၊ (၁၁)ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၁၀ | ဦးသန်းဇော်ရွှေ+ဦးညီညီအောင် | အမှတ် ၄၊ ၁၂၁၊ မြို့မဈေးမြောက်ဘက်လမ်း၊ ကွက်သစ်ရပ်ကွက်၊ မင်းလှမြို့၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၁၁ | Joyful Pakokku Co.,Ltd | အမှတ် ၂၂၃၊ ရွှေကြက်ယက်လမ်းနှင့်မြို့မလမ်းထောင့်၊ အမှတ် ၁ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၁၂ | ဦးကျော်ဌေး | ပိတောက်ပင်ရွာ၊ သရက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၁၃ | ဦးညီညီအောင် | ရေနံမရေနံမြေ၊ ရေနံမကျေးရွာအုပ်စု၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၁၄ | Shwe Pakokku Construction Co.,Ltd | အမှတ် ၂၀၊ ၅လမ်း၊ (၁၁)ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၁၅ | ဦးသန်းဌေးအောင် | ရေနံမရေနံမြေ၊ ရေနံမကျေးရွာအုပ်စု၊ မင်းလှမြို့၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၁၆ | ဦးစိန်ဌေး | အမှတ် ၃၁-ခ၊ ပြည်တော်သာလမ်းရွာလေး၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | ကောင်းမွန် Coffee Bar+စားသောက်ဆိုင်+ ကောင်းမွန်စုပါမားကတ်+သောက်ရေသန့် | |
| ၁၇ | ဦးသန်းဇော် | အမှတ် ၆၊ ၂၇၀ရုံးရပ်တောင်ပိုင်းရပ်ကွက်၊ မင်းလှမြို့၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၁၈ | ဦးဇော်မိုးမြင့် | အမှတ် ၃၂၂၊ စကားဝါလမ်း၊ သက်တော်ရှည်ရပ်၊ ပွင့်ဖြူမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | နန်းမြင့်သူဆောက်လုပ်ရေး | |
| ၁၉ | ဦးဇေယျာအောင် | ရေနံမကျေးရွာ၊ ရေနံမကျေးရွာအုပ်စု၊ မင်းလှမြို့၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၂၀ | ဦးသန့်ဇော်ဆွေ(ပါ-၂) | ဘက်စုံတံတားထိပ်၊ ပန်းတော်ပြင်ကျေးရွာ၊ မင်းလှမြို့၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၂၁ | ဒေါ်နုနုလတ် | စမ်းအိုင်ရေနံမြေ၊ ညောင်ဝိုင်းကျေးရွာအုပ်စု၊ မင်းလှမြို့၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၂၂ | ဒေါ်ဖြူလေး | ကားကြီးကွင်းတောင်ဘက်လမ်း၊ ရုံးရပ်တောင်ပိုင်း၊ မင်းလှမြို့၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၂၃ | ပခုက္ကူကြယ်ပွင့်အုပ်စု ကုမ္ပဏီလီမိတက် | အမှတ် ၂၃၊ မြို့သစ်ရပ်၊ ရေစကြိုလမ်း၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၂၄ | ဒေါ်နွယ်နီစန်း | ဘွဲ့ကျေးရေနံမြေ၊ ဘွဲ့ကျေးရွာ၊ မင်းလှမြို့၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၂၅ | ဦးသန်းဆွေ | ဆင်မကျရေနံမြေ၊ ဆင်မကျကျေးရွာ၊ မင်းလှမြို့၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၂၆ | Developing youths Co.,Ltd | အမှတ် ၁၈၆၊ ဗိုလ်ချုပ်လမ်း၊ (၁၀)ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၂၇ | ဦးအောင်ဝင်း | အမှတ် ၂၊ ပြည်တော်သာလမ်း၊ မြို့မရပ်၊ မင်းလှမြို့၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၂၈ | Magway Ecinomic Group Co.,Ltd | အမှတ် ၁၊ နတ်မောက်လမ်း၊ ဖန်ခါးမြေဂေါက်ကွင်းအနီး၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | စက်သုံးဆီ(၁) | |
| ၂၉ | ဦးဇော်မင်းလွင် | မိုးနတ်ကုန်းရေနံမြေကွက်၊ သရက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၃၀ | ဦးသန်းဌေးအောင် | ကွမ်းအုံဒေသ၊ သရက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၃၁ | KTL Co.,Ltd | အမှတ် ၃၄၊ အမှတ် ၃၁ (A)လမ်းမတော်၊ (၁)ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၃၂ | ဒေါ်စန္ဒာဦး | အမှတ် ၉၊ ၁၂၀၊ ဦးကင်းဘုရားအနီး၊ ရုံးရပ်တောင်ပိုင်း၊ မင်းလှမြို့၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၃၃ | Lin Myat Min Construction Co.,Ltd | အမှတ် ၅၊ ၆၃၊ မဟာစည်ရိပ်သာလမ်း၊ ရုံးရပ်မြောက်ပိုင်း၊ မင်းလှမြို့၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | Construction | |
| ၃၄ | ဦးဆန်းဝင်း | အမှတ် ၅၃၇၊ မြို့ပတ်လမ်း၊ ရန်နိုင်ရပ်+နတ်မောက်လမ်း၊ ပွဲကြိုရပ်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | ဖန်ခါး+မကွေးဟိုတယ် | |
| ၃၅ | ဦးစိုးမြင့် | အမှတ် ၅၊ ၈၄၀ တာဘောင်ကြီးလမ်း၊ ရုံးရပ်မြောက်ပိုင်း၊ မင်းလှမြို့၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၃၆ | ဦးစိန်တင် | အမှတ် ၁၀၊ ပြည်တော်သာလမ်း၊ ဈေးရပ်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | ရွှေဇရာစတိုး | |
| ၃၇ | ဒေါ်နှင်းမာဝင်း | ပိတောက်ပင်ဒေသ၊ သရက်မြို့၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၃၈ | ဦးရဲဝေလင်း | အမှတ် ၂၃၈၊ မြို့ရှောင်လမ်း၊ ချောက်ကန်ရွာ၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | (Excellent)စားသောက်ဆိုင် | |
| ၃၉ | ဦးမျိုးမင်းဇော် | ကျောက်မီးဒေသရေနံမြေကွက်၊ သရက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၄၀ | ရွှေမိုး(ရေနံသာ)ကုမ္ပဏီလီမိတက် | အမှတ် ၁၀၁၆၊ အေးစေတီလမ်း၊ ရွာသစ်ရပ်ကွက်၊ ရေနံချောင်းမြို့၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၄၁ | ဦးကျော်ညွန့် | ပုဂံကန်ကျေးရွာ၊ မင်းဘူးမြို့၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်း | |
| ၄၂ | ဦးထင်ကျော်ဦး | ကန်တုတ်ရေနံမြေ၊ ကန်တုတ်ကျေးရွာ၊ မင်းလှမြို့၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၄၃ | ဦးနေဝင်း(မလွန်) | မလွန်ရေနံမြေ၊ မလွန်ကျေးရွာ၊ မင်းလှမြို့၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၄၄ | ဦးမောင်မောင်သွင် | ပိတောက်ပင်ရွာ၊ သရက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |
| ၄၅ | ဒေါ်သန်းသန်းစော | အမှတ် ၁၄/၉၊ မြို့ပတ်လမ်း၊ ရန်ကင်းရပ်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | မြင့်မိုရ်စံဟိုတယ်+မိုတယ် | |
| ၄၆ | ဦးအောင်သန်း | အိမ်အမှတ် ၄၈၀၊ ကံပွင့်လမ်း၊ အမှတ်၇၊ ဝန်ထမ်းရပ်ကွက်၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | 'ကံပွင့်'အမွှေးတိုင်+ရေသန့်လုပ်ငန်း | |
| ၄၇ | ဒေါ်ခင်သန်းနု | ကမ်းနားလမ်း၊ ကင်းရပ်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | Elysium စားသောက်ဆိုင် | |
| ၄၈ | ဦးမြင့်ဆွေ | ဆိုင်အမှတ် စီ-၇/၈၊ မြို့မဈေး(မ)၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | ခေတ်ဆန်းရွှေဆိုင် | |
| ၄၉ | ဦးကျော်ဝင်း | H/S-102၊ မဲထီးလမ်း၊ ပြည်တော်သာရပ်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | ထိန်ထိန်သာဟိုတယ် | |
| ၅၀ | ဦးဆောင်းတင် | ဒီးဒုတ်ကန်ရေနံမြေ၊ ဒီးဒုတ်ကန်ကျေးရွာ၊ မင်းလှမြို့၊ မကွေးတိုင်းဒေသကြီး။ | မကွေးတိုင်းဒေသကြီး | ရေနံလက်ယက်တွင်းလုပ်ငန်း | |

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းပိုင် ဆပ်ပြာမှုန့်စက်ရုံ(ရန်ကုန်)ရှိ အဆောက်အအုံဟောင်း(၉)လုံးအား ဖျက်သိမ်းပြီး တင်ဒါခေါ်ယူရောင်းချသွားမည်ဖြစ်ပါသည်။

(က) **တင်ဒါပိတ်မည့်ရက်** - ၁၆-၃-၂၀၁၈ရက်

(ခ) **တင်ဒါပေးသွင်းရမည့်နေရာ** - ဦးဆောင်ညွှန်ကြားရေးမှူးရုံးခန်း၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အုပ်ချုပ်ရေးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၇)နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၀၈၄၂၀နှင့် ဆပ်ပြာမှုန့်စက်ရုံ(ရန်ကုန်) ဖုန်း-၀၉-၅၀၈၂၅၁၀တို့တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

**ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း**

## ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**

**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်၌**

**၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ်-၁၁၈ နှင့်ဆက်သွယ်သည့်**

**၂၀၁၇ ခုနှစ် တရားမဇာရီမှုအမှတ်-၁၀၄**

ဦးစိုးလွင် **နှင့်** ၁။ ဒေါ်ချိုချိုမာ

(၄င်း၏အခွင့်ရကိုယ်စားလှယ် ၂။ ဦးဝင်းမင်းထွန်း

ဒေါ်ယဉ်ယဉ်ဌေး)

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ ထနီးလမ်း၊ အမှတ် (၄၃၄)နေ ဒေါ်ချိုချိုမာ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ်-၁၁၈ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးစိုးလွင် (၄င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ယဉ်ယဉ်ဌေး)က လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ ဖြေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၈ ခုနှစ် မတ် ၁၄ ရက် (၁၃၇၉ ခုနှစ် တပေါင်းလပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(အုန်းခိုင်)**

**ဒုတိယခရိုင်တရားသူကြီး (၂)**

**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒုပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်**

**၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၉**

၁။ဒေါ်နန်းညွန့် **နှင့်** ဦးကျော်စိုးဦး

၂။ဦးစောပီတာ (၄င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်ရွှယ်(ခ)စိုးစိုးဝင်း)

**တရားလိုများ** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (လလ-၅၀)၊ ဦးပိုင်အမှတ်(၃၇)နေ ဦးကျော်စိုးဦး(၄င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်ရွှယ်(ခ)စိုးစိုးဝင်း)(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နန်းညွန့်နှင့် ဦးစောပီတာတို့က ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၅၀)၊ ဦးပိုင်အမှတ်(၃၇)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ဧကရှိ မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ် မတ်လ ၉ရက် (၁၃၇၉ ခုနှစ် တပေါင်းလပြည့်ကျော် ၈ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(ခင်မာဦး)**

**မြို့နယ်တရားသူကြီး၊ ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**လောက်ကိုင်မြို့နယ်တရားရုံးတော်**

**၂၀၁၈ခုနှစ် တရားမကြီးအမှုအမှတ်-၁**

မတင်ဇာဝေမြင့် **နှင့်** မောင်ဝဏ္ဏထွန်း

**တရားလို** **တရားပြိုင်**

လယ်ဝေးမြို့၊ နောင်ဘိုကျေးရွာနေ မောင်ဝဏ္ဏထွန်း(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် တရားလိုက လင်မယားကွာရှင်းပေးစေလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်ဆက်စပ်၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်ဆက်စပ်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၈ ခုနှစ် မတ်လ ၅ ရက် (၁၃၇၉ခုနှစ် တပေါင်းလပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာ ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သူရစိုးဝင်း)**

**မြို့နယ်တရားသူကြီး**

**လောက်ကိုင်မြို့နယ်တရားရုံး**

---

## River Art (နွေပန်းချီ)

အခြေခံပန်းချီ၊ ပထဝီ၊ သိပ္ပံပုံများကို စနစ်တကျ ဆွဲတတ်အောင် သင်မည်။

ဘိုင်အို (Bio)ပုံဆွဲ သီးသန့်အတန်းရှိသည်။

**Place 1. No.(210),4A, မဟာဘောဂ ၂လမ်း၊ အထက(၅) ကမာရွတ်အနီး၊ လှည်းတန်း**

**Place 2. No.(27),4A, ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်းမီးပွိုင့်အနီး**

**Art Teacher -Hla Thida Win (Ph-09-5091873)**

---

## ဝန်ထမ်းအလိုရှိသည်

**လောကချမ်းသာ အဘယ လာဘမုနိရုပ်ပွားတော်မြတ်ကြီး**

**(ကျောက်တော်ကြီးဘုရား)**

**ဂေါပကအဖွဲ့ရုံး**

**မင်းဓမ္မကုန်းတော် အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

၁။ ရုံးအဖွဲ့မှူးရာထူးတာဝန်အတွက် လစာနှုန်းထား (၁၅၅၀၀၀-၂၀၀၀-၁၆၅၀၀၀) ဖြင့် တစ်နေရာလစ်လပ်လျက်ရှိပါသည်။

၂။ အောက်ဖော်ပြပါ အရည်အချင်းသတ်မှတ်ချက် ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်။

(က) မြန်မာနိုင်ငံသား အမျိုးသားဖြစ်ရမည်။

(ခ) ဗုဒ္ဓဘာသာဝင်ဖြစ်ရမည်။

(ဂ) အသက် (၄၀)မှ (၆၀)အတွင်းဖြစ်ရမည်။ (အငြိမ်းစားအစိုးရ ဝန်ထမ်းဖြစ်ပါက အသက် (၆၅)နှစ်အထိ လျှောက်ထားနိုင်သည်)

(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့လက်မှတ်ရရှိရမည်။ (မူရင်းနှင့်မိတ္တူတင်ပြရန်)

၃။ လျှောက်လွှာပုံစံကို တစ်စောင်လျှင် ကျပ် (၁၀၀၀ိ/-)နှုန်းဖြင့် ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၁၄-၃-၂၀၁၈ရက် နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ရုံးအဖွဲ့မှူး ဦးလှမြင့် ဖုန်း-၀၉-၇၃၁၃၀၆၀၅နှင့် ၀၉-၇၉၅၀၆၀၇၆၁သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**

**ရန်ကုန်တောင်ပိုင်းခရိုင်တရားမရုံးတော်**

**၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၁၅၈**

ဒေါ်သဲစုရီ **နှင့်** ဦးကျော်လင်းအောင်

**တရားလို** **တရားပြိုင်**

သန်လျင်မြို့၊ ဘုရားကုန်းနေ ဦးကျော်လင်းအောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်သဲစုရီက အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၈ ခုနှစ် မတ်လ ၂၁ ရက် (၁၃၇၉ခုနှစ် တန်ခူးလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(မိုးဝေ)**

**ဒုတိယခရိုင်တရားသူကြီး(၂)**

**ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ပုသိမ်ကြီးမြို့နယ်တရားရုံးတော်၌**

**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၈၂**

ဦးဇော်ထွန်းဝင်း **နှင့်** ၁။ ဦးအောင်ဝင်း

၂။ မနှင်းဆီ

၃။ မနွယ်နွယ်ဝင်း

၄။ ကိုအောင်ခိုင်

၅။ မစန္ဒာ

၆။ မအေးမီဝင်း

၇။ မတင်တင်မာ

၈။ မဖြူဖြူဝင်း

**တရားလို** **တရားပြိုင်များ**

ပုသိမ်ကြီးမြို့နယ် အင်ကျယ်ကျေးရွာနေ တရားပြိုင်များဖြစ်ကြသော ကိုအောင်ခိုင်၊ မစန္ဒာ၊ မအေးမီဝင်း၊ မတင်တင်မာ၊ မဖြူဖြူဝင်း (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးဇော်ထွန်းဝင်းက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက် (၁၃၇၉ ခုနှစ် တပေါင်းလဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်မည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းအပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းဆိုချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(မင်းဇော်ဦး)**

**တွဲဖက်မြို့နယ်တရားသူကြီး (၁)**

**ပုသိမ်ကြီးမြို့နယ်တရားရုံး**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန**

**ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ၊ အမရပူရမြို့**

**ဒီပလိုမာအပ်နှင်းပွဲ (ဒုတိယ)ကြိမ်မြောက်ကျင်းပမည်ဖြစ်ကြောင်း**

## ကြေညာခြင်း

၁။ အမရပူရမြို့၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံမှ (၂၀၁၆-၂၀၁၇) ပညာသင်နှစ်နှင့် (၂၀၁၇-၂၀၁၈)ပညာသင်နှစ်တွင် အောင်မြင်ခဲ့သည့် ချည်မျှင်နှင့်အထည်အလိပ်ဒီပလိုမာလက်မှတ်အပ်နှင်းပွဲ (ဒုတိယ)ကြိမ်မြောက်ကို အမရပူရမြို့၊ သီဂီရွှေဝါခန်းမ၌ အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

**ဒီပလိုမာလက်မှတ်အပ်နှင်းပွဲအခမ်းအနားအစီအစဉ်**

(က) **အစမ်းလေ့ကျင့်ပွဲအစီအစဉ်**

**ကျင်းပမည့်ရက်** - ၈-၃-၂၀၁၈ ရက် (ကြာသပတေးနေ့)

**ကျင်းပမည့်အချိန်** - နံနက် ၉း၀၀နာရီ

**ကျင်းပမည့်နေရာ** - သီဂီရွှေဝါခန်းမ၊ အမရပူရမြို့

(ခ) **ကျင်းပမည့်ရက်နှင့်အစီအစဉ်**

**ကျင်းပမည့်ရက်** - ၉-၃-၂၀၁၈ရက် (သောကြာနေ့)

**ကျင်းပမည့်အချိန်** - နံနက် ၉း၀၀နာရီ

**ကျင်းပမည့်နေရာ** - သီဂီရွှေဝါခန်းမ၊ အမရပူရမြို့

၂။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ဖွင့်လှစ်သော ရိုးရာလွန်းရာကျအချိတ်၊ လက်ရက်ကန်းသင်တန်းများကိုလည်း အောင်လက်မှတ်ချီးမြှင့်သွားမည်ဖြစ်ပါ၍ ၄င်းသင်တန်းဆင်းများသည် မြန်မာဝတ်စုံဝတ်ဆင်၍ တက်ရောက်ရမည်ဖြစ်ပါသည်။

၃။ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ၊ ချည်မျှင်နှင့်အထည်အလိပ်ဒီပလိုမာ လက်မှတ်အပ်နှင်းပွဲအခမ်းအနားတက်ရောက်ရန် လက်မှတ်ယူသူများသည် ၇-၃-၂၀၁၈ရက်နောက်ဆုံးထား၍ (ရုံးခန်း)စီမံရေးရာဌာနတွင် သတင်းပေးပို့ရမည်ဖြစ်ပြီး သင်တန်းပြီးစီးကြောင်း ထောက်ခံစာနှင့်အတူ ၇-၃-၂၀၁၈ရက်တွင် ဘွဲ့ဝတ်စုံကို လာရောက်ထုတ်ယူ၍ သတင်းပေးပို့ရန်ဖြစ်ပါသည်။

၄။ ဒီပလိုမာလက်မှတ်အပ်နှင်းပွဲအခမ်းအနားသို့ တက်ရောက်မည့်သူများသည် မြန်မာဝတ်စုံ၊ အင်္ကျီလက်ရှည်(သို့မဟုတ်)တိုင်းရင်းသားဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ကြရမည်ဖြစ်ပါသည်။ **ဆက်သွယ်စုံစမ်းရန်-**

**ဖုန်း-၀၂-၄၀၇၀၄၂၈၊ ၀၂-၄၀၅၉၉၆၄၊ ၀၉-၄၄၄၀၀၆၁၇၂**

**ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံ**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**မန္တလေးခရိုင်တရားရုံးတော်၌**

**၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၇၁၁**

ဒေါ်စန်းစန်းညွန့် **နှင့်** ၁။ဦးနီတာ

၂။ဦးကိုကိုအေး

၃။ဒေါ်နီနီဝင်း

**တရားလို** **တရားပြိုင်များ**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၂၇×၂၈လမ်းကြား၊ အမှတ် (၂၉၈/၂-က)မြတ်မိခင်ဆောက်လုပ်ရေး၊ ဦးနီတာ(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ဒေါ်စန်းစန်းညွန့်မှ သင့်အပေါ်၌ တရားလိုက တိုက်ခန်းအမှတ်(ဘီ)နှင့် သွယ်တန်းတပ်ဆင်ထားသော ရေ၊ မီးအစုံ အပါအဝင် နေထိုင်ပိုင်ဆိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ် မတ်လ ၁၃ ရက် (၁၃၇၉ခုနှစ် တပေါင်းလပြည့်ကျော် ၁၂ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(စောဝီလီ)**

**ဒုတိယခရိုင်တရားသူကြီး(၃)**

**မန္တလေးခရိုင်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**လယ်ဝေးမြို့နယ်တရားရုံး၌**

**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ် ၉**

ဒေါ်ဥမ္မာဦး **နှင့်** မိုင်ခင်ချိုနွယ်

**တရားလို** **တရားပြိုင်**

လယ်ဝေးမြို့နယ်၊ ကန်သာကျေးရွာအုပ်စု၊ ကန်သာကျေးရွာနေ တရားပြိုင် မိုင်ခင်ချိုနွယ် (ယခုနေရပ်လိပ်စာမသိ) သူသိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ်သိန်း(၅၀)ပြန်လည်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ် မတ်လ ၉ ရက် (၁၃၇၉ခုနှစ် တပေါင်းလပြည့်ကျော် ၈ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(ညီညီဇော်)**

**တွဲဖက်မြို့နယ်တရားသူကြီး(၁)၊ လယ်ဝေးမြို့နယ်တရားရုံး**

---

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်အီမာဒေဝီ ၁/ဝမန(နိုင်)၀၃၁၄၀၇၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၇၁၄၆၈၄၂**

---

## ပတ်စ်ပို့ပျောက်

ကျွန်မ မဂျာဆိုင်း ၁/တနန(နိုင်)၀၁၂၇၂၆၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၃၉၉၇၅၁၁**

---

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဘရန်အောင်(ခ)လဂျုံဘရန်အောင် ၁/မကန(နိုင်)၁၅၄၀၄၄၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၃၉၉၇၅၁၁**

---

## ပျောက်ဆုံးခြင်း

ကျွန်တော် ဝေယံထွန်း (ဘ)ခင်မောင်တင့် ၉/ပဗသ(နိုင်)၀၁၂၃၁၉၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဝေယံထွန်း**

**ဖုန်း-၀၉-၉၆၃၂၈၂၅၈၄**

---

## အမည်မှန်

လားရှိုးမြို့၊ ရပ်ကွက် (၄)၊ နယ်မြေ (၁၀)မဂ္ဂင်လမ်းသွယ်နေ ဦးထန်အောင်၏ အမည်မှန်မှာ ဦးဟာထန်းအွမ် ၄/မတန(နိုင်)၀၀၀၅၅၁ ဖြစ်ပါကြောင်း။

---

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6B/4093 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားများ ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

---

## ဂရန်ပျောက်ဆုံးကြောင်းကြော်ငြာစာ

ဝါးခယ်မမြို့၊ မြသိန်းတန်ရပ်ကွက်၊ မြူရုံးလမ်းရှိ မြေစာရင်းအကွက်အမှတ် (၁၈-က)၊ မြသိန်းတန်၊ ဦးပိုင်အမှတ် (၉၇)၊ ဧရိယာ ၀ဒသမ၀၁၅ဧကရှိ မြေသည် ကိုစောအောင် (နှမ) မဇတင်အမည်ဖြင့် (၅-၃-၁၉၈၄)မှ (၄-၃-၁၉၉၉)ထိ (၁၅)နှစ်ဂရန်ရရှိထားပါသည်။ အဆိုပါမြေဧရိယာ ၀ဒသမ ၁၁၅ဧကအနက်မှ ၀ဒသမ၀၅၇ဧကအား ဒေါ်လှလှထံ အရပ်စာချုပ်ဖြင့် ရောင်းချခဲ့ပြီးဒေါ်လှလှထံမှ အဆိုပါမြေဧရိယာ ၀ဒသမ ၀၅၇ဧကအား မသိမ့်သိမ့်ဆွေမှ တရားဝင်စာချုပ်စာတမ်းဖြင့် ဝယ်ယူခဲ့သော်လည်း ၁၅နှစ် ဂရန်စာချုပ်မှာ မည်သူမှ လက်ခံရရှိခဲ့ခြင်းမရှိသဖြင့် မသိမ့်သိမ့်ဆွေအမည်ဖြင့် ဘော်ဒါဆောင် လုပ်ငန်းလုပ်ကိုင်ရန် ဦးပိုင်ခွဲ လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**

**(ထက်အောင်ဖြိုး ပ/၄၇၉၇)**

**ဝါးခယ်မမြို့နယ်**

PRECIOUS
GEMS & JEWELLERY
February (24-25)
နှစ်ရက်တည်းသာ
10th Anniversary Sales
Colour D,E,F Clarity IF, VVS1 ရှိသော စိန်များကိုသာ အသုံးပြု၍ Thai ပန်းထိမ်ပညာရှင်များဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာများအား စိန်ချိန်၊ စိန်အရည်အသွေး၊ ရွှေချိန်၊ ရွှေအရည်အသွေးများကို အာမခံဖြင့် ရောင်းချပေးနေပါသည်။ မိုးကုတ်ကျောက်မျက်များဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာများကိုလည်း Lab စစ်ဆေးချက် Certificate ဖြင့် အာမခံရောင်းချပေးပါသည်။
Promotion ရက်အတွင်း အထူးဈေးနှုန်း (Discount) များဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသည်။
အမှတ်(၂၉)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ကုက္ကိုင်းလမ်းဆုံအနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁-၅၄၆၆၄၅၊ ၀၉-၇၃၀၁၃၀၆၀၊ ၀၉-၄၄၃၀၁၃၀၆၀






ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊မုခ်ဦး၊ရေတွင်း၊ရေကန်ဒါယကာကြီး

## ဦးလှထွန်း

**အသက်(၈၃)နှစ်**

ကဝမြို့နယ်၊ နိဗ္ဗာန်ရွာနေ(ဦးအေးကောက်-ဒေါ်ကြည်)တို့၏သား၊ အမှတ်(၇)၊ (၇/၃)ရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်း၊ ဥဿာမြို့သစ်၊ ပဲခူးမြို့နေ(ဒေါ်ခင်စော)၏ခင်ပွန်း၊ ဒေါ်မြမြသိန်း၊ ဦးဇော်ဝင်း-ဒေါ်အေးမီ၊ ဦးဇော်လင်း-ဒေါ်နွဲ့နွဲ့ဝင်း၊ ဦးထွန်းထွန်း-ဒေါ်ချိုချိုဇင်၊ ဦးသန်းဇော်-ဒေါ်သီတာအေး၊ ဦးလှမင်းထွန်း-ဒေါ်ဝါဝါထွန်းတို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘိုးသည် ၂၃-၂-၂၀၁၈ရက်(သောကြာနေ့) နံနက် ၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၈ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁-၃-၂၀၁၈ရက်(ကြာသပတေးနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ဂျူလီ (နမ္မတူ)

**(ကကဋ္ဌ)**

**အသက်(၉၀)**

နမ္မတူမြို့နေ (ဦးပီအက်စ်မော့-ဒေါ်စိန်)တို့၏သမီး၊ မန္တလေးမြို့နေ ဦးထွန်းရင်၏အစ်မ၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရန်ငြိမ်းအိမ်ရာ၊ တိုက်(၉/၂)၊အခန်း ၃၄နေ ဦးအောင်မြင့်ဝင်း(Engineer, F.G)-ဒေါ်ယဉ်ယဉ်မြင့်(စက်ရုံမှူး၊ ငြိမ်း၊ မြန်မာ့အထည်အလိပ်လုပ်ငန်း)၊ ဦးကျော်ကျော်ဇော်(ဒုညွှန်မှူး၊ ပညာ-လေ့ကျင့်၊ နယ်စပ်ရေးရာဝန်ကြီးဌာန)-ဒေါ်နီနီအောင်မြင့်ဝင်း၊ ဦးအောင်ကျော်ထွန်း(ဦးဘငြိမ်း ယွန်းထည်လုပ်ငန်း၊ ပုဂံမြို့)-ဒေါ်ခိုင်ခိုင်အောင်မြင့်ဝင်းတို့၏အဘွား၊ မြစ်သုံးယောက်တို့၏ ဘွားဘွားကြီးသည် ၂၂-၂-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၂-၂၀၁၈ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

## ဦးကျော်ရှိန်(ခ)ဦးအာလူး(မုဒုံ-နိုင်လုံ) အသက်(၈၈)နှစ်

ဦးထွန်းလှအောင်-ဒေါ်စန်းစန်းမြင့်၊ ဦးကျော်ဝင်း(ညွှန်ကြားရေးမှူး-ငြိမ်း၊ အကောက်ခွန်ဦးစီးဌာန)-ဒေါ်မိုးစန္ဒာဝင်း၊ ဦးပဥ္စင်းဦးတေဇနိရ(နဂါးမောက်ကျောင်း၊ကျောက်တစ်လုံးရွာ၊ မုဒုံမြို့နယ်)၊ ဦးလှစိုး(တိုင်းအုပ်ချုပ်ရေးမှူး၊ ငြိမ်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)-ဒေါ်ခင်မျိုးသူ၊ ဦးကြည်စိုး-ဒေါ်မြသီတို့၏ ချစ်လှစွာသောဖခင် ဦးကျော်ရှိန်(ခ)ဦးအာလူး(မုဒုံ-နိုင်လုံ) အသက်(၈၈)နှစ်သည် ၂၂-၂-၂၀၁၈ရက်(ကြာသပတေးနေ့)နံနက် ၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**မော်လမြိုင်မြို့၊ အမှတ်(၁၁)အထက**
**သီရိမြိုင်၊ ကျောင်းသားဟောင်းများ**

ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသာထွန်းအောင် (စစ်တွေမြို့)

**အသက်(၈၀)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် ၄၂(သုံးလွှာနေ)(ဦးသာဒိုးအောင်-ဒေါ်အုံးခင်)တို့၏သား၊ (ဦးစောလှဦး-ဒေါ်ငွေစိန်)တို့၏သားသမက်၊ ဒေါ်လှသိန်း၏ခင်ပွန်း၊ (အောင်မိုးဝေ)၊ (အောင်သန်းမိုး)၊ ခင်စန်းမိုး(UAB ရွှေဂုံတိုင်ဘဏ်ခွဲ)၊ မိုးဇော်ဝင်း (ခေတ္တ-စင်ကာပူ)တို့၏ဖခင်သည် ၂၂-၂-၂၀၁၈ရက်(ကြာသပတေးနေ့) နံနက် ၁၁း၂၅ နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၈ရက် (စနေနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒုအရာခံဗိုလ်/၂၂ သောင်းရင်

**၁၂၂၇၂**

**တပ်မတော်-ရေ(ငြိမ်း)**

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ယုဇနဥယျာဉ်အိမ်ရာ၊တိုက် ၂၅၊ အခန်း ၁၀၄၊ ဘီ(၃)လမ်းနေ(ဦးကျော်ဒင်-ဒေါ်စိန်ကျော့)တို့၏သား၊ (ဦးဒူး-ဒေါ်အုန်းရင်)တို့၏သားသမက်၊ ဒေါ်သိန်းလင်း၏ခင်ပွန်း၊ မောင်မျိုးမင်းဦး၊ မဝင်းနွယ်စိုး၊ မဇာဖြူဝင်း၊ မောင်သိန်းမင်းထွန်းတို့၏ဖခင်၊ မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၂-၂- ၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၈ရက်(စနေနေ့)ညနေ ၅ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၈-၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်စန်းစန်းနွဲ့

**အသက်(၆၁)နှစ်**

ဒေါ်မို့မို့အောင် (မြို့နယ်တရားသူကြီး၊ မော်လမြိုင်ကျွန်းမြို့)၏ ချစ်လှစွာသောမိခင် ဒေါ်စန်းစန်းနွဲ့ အသက်(၆၁)နှစ်သည် ၁၉-၂-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တရဝ(၁၇)မှ သူငယ်ချင်းများ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃၂ တိုးချဲ့၊ မြေကွက်အမှတ် ၄၉၊ မြေကွက်တည်နေရာအမှတ်၄၉၊ တော်ဝင်လမ်း၊ ၃၂ တိုးချဲ့ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ဒေါ်ခင်စောမူ)(CF- ၀၈၈၃၃၈)၊ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်ခင်စောမူ(ဇနီး) ကွယ်လွန်သဖြင့် ခင်ပွန်းဖြစ်သူ ဦးမျိုးမြင့် ၁၂/ရကန(နိုင်)၀၁၅၃၉၄မှ ခင်ပွန်းဖြစ်ကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် ကျမ်းသစ္စာပေးသူအရာရှိရှေ့တွင် ပြုလုပ်ထားသည့် ၂၁-၈-၂၀၁၇ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်စဉ် ၂၅၉၀/၁၇၊ ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ ဇနီးဖြစ်သူ ဒေါ်ခင်စောမူ၏သေစာရင်း၊ သန်းခေါင်စာရင်း၊ ဂရန်မူရင်းတင်ပြ၍ ပိုင်ဆိုင်ကြောင်းမြေပုံကူးလျှောက်ထားခြင်းအား ကွင်းဆင်းစစ်ဆေးရာ အုတ်ကာသွပ်မိုးနှစ်ထပ်အိမ်တွင် ဦးမျိုးမြင့် ကိုယ်တိုင်နေထိုင်ပြီး ကွင်းဆင်းလျှောက်လွှာတွင် ကွင်းဆင်းစစ်ဆေးခြင်းကို သိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဦးမျိုးမြင့်၏ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

## ဦးဘိုးကြွယ်

**အသက်(၁၀၅)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ စော်ဘွားလမ်း၊ အမှတ် ၂၂နေ (ဦးစံမြ-ဒေါ်ငြိမ်း)တို့၏သား၊ (ဒေါ်စောရှင်)၏ခင်ပွန်း၊ [ဦးစံထွန်း-ဒေါ်ထားရီ(ခ)ဒေါ်ခင်သန်း]၊ ဒေါ်တင်အုန်း(စက်မှု-၁၊ အငြိမ်းစား)၊ ဦးဝင်းအောင်(ဒုတိယအင်ဂျင်နီယာချုပ်၊ အငြိမ်းစား၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း)-ဒေါ်နယ်လီအေး၊ ဦးတင်စိုး(ကမ္ဘောဇသစ္စာလိုင်ကုမ္ပဏီ)-ဒေါ်စန်းစန်းရီ(အထက်တန်းပြ၊ အငြိမ်းစား၊ အထက-၃၊ မရမ်းကုန်း)၊ ဦးရွှေကြူး(ဗဟိုဌာနချုပ်ရုံးတာဝန်ခံ၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်)တို့၏ဖခင်၊မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၂-၂-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၈ရက်(စနေနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၈-၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

စိန္တာမယ မွှေးရုံအသင်းကြီး၏ သက်ကြီးကန်တော့ခံ

## ဒေါ်မြခင်

**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သီတာလမ်း၊ အမှတ် ၇၁နေ (ဦးအဖန်-ဒေါ်ရင်)တို့၏သမီး၊ (ဦးဘွန်စိမ်း-ဒေါ်ကျင်ဌေး)တို့၏ သမီးချွေးမ၊ (ဦးဂျင်ဟိုက်-ဒေါ်အိအိ)တို့၏ညီမ၊ (ဦးဘွန်ဌေး)၏ချစ်လှစွာသော ဇနီး၊ (ဦးခင်မောင်ဌေး)၊ ဒေါ်ခင်မြတ်လေးနွယ်ဌေး-ဦးချစ်ဆွေ၊ ဦးသောင်းထွန်းအေး-ဒေါ်မိမိလေး၊ ဒေါ်ခင်အေးမူဌေး-ဆရာဦးမြင့်အေး(ရုပဗေဒ)၊ ဒေါ်ခင်သွယ်သွယ်ဌေး၊ ဒေါက်တာခင်နုနွယ်ဌေး-ဦးအေးဝင်း၊ ဒေါ်ကြည်ကြည်ခင်ဌေး-ဦးဝင်းကျော်ကျော်၊ ဒေါ်ခင်မမဌေး(အထက-၂၊ တာမွေ၊ အလပြ)-ဦးထွန်းထွန်းတိုး(ရွှေထီးဟိုတယ်မန်နေဂျာ)တို့၏ချစ်လှစွာသောမိခင်၊ မြေးခုနစ်ယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၂၂-၂-၂၀၁၈ရက်(ကြာသပတေးနေ့)ညနေ ၆း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၈ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

စိန္တာမယ မွှေးရုံအသင်းကြီး၏ သက်ကြီးကန်တော့ခံ

## ဒေါ်မြခင် အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သီတာလမ်း၊ အမှတ် ၇၁နေ (ဦးဘွန်ဌေး)၏ချစ်လှစွာသောဇနီး၊ ကိုအောင်ကျော်ဖြိုး-မမြင့်မြင့်အေး၊ မပြည့်ပြည့်၊ မနှင်းထက်ထက်နိုင်-ကိုပြည့်ဖြိုးနိုင်၊ ကိုအောင်ဇော်လင်း၊ မဝင့်ဖြူထွန်း-ဗိုလ်ကြီးဟိန်းအောင်ကို၊ဒေါက်တာဖူးပွင့်သင်း(အဏုဇီဝဗေဒဌာန၊ ဆေး-၁)၊ ကိုပြည့်ဖြိုးဟိန်းတို့၏ဘွားဘွား၊ မမြတ်နိုးခင် (အထက-၁၊ ဒဂုံ)၊ မောင်သူရိန်(အထက-၁၊ ဒဂုံ)၊ မောင်အောင်ကောင်းပြည့်တို့၏ ဘွားဘွားကြီးသည် ၂၂-၂-၂၀၁၈ရက်(ကြာသပတေးနေ့)ညနေ ၆း၅၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၈ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဆရာကြီးဦးဘမော်

**တွဲဖက်ပါမောက္ခ(ငြိမ်း)**

**အသက်(၈၄)နှစ်**

မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာန၊ တွဲဖက်ပါမောက္ခ(ငြိမ်း) ဆရာကြီး ဦးဘမော်သည် ၁၈-၂-၂၀၁၈ရက်တွင် ဗန်းမော်မြို့၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ဆရာကြီး ကောင်းရာသုဂတိ ရောက်ပါစေ။

**၁၉၈၆-၁၉၉၃**
**ဘူမိဗေဒကျောင်းသားကျောင်းသူများ**
**မန္တလေးတက္ကသိုလ်**

## ဒေါ်သိန်းသိန်းစိုး

**(ကုန်သွယ်/လယ်ယာ၊ ငြိမ်း)**

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ အမှတ် ၁၄၁/ခ၊ မြေညီထပ်၊ ပြည်တော်အေးလမ်းနေ(ဦးမောင်ခင်-ဒေါ်စိမ်းရင်)တို့၏သမီး၊ (ဦးဝေလင်း Bille နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ကိုအောင်မြင်စိုး၊ မနိုင်နိုင်မွန်(MBCCD Co., Ltd.)၊ မခိုင်ခိုင်အောင်-ကိုဝင်းမြင့်စိုး(2nd Offices FG)၊ မသီတာဝင်း(Q & Q)-ကိုရန်မျိုးအောင်(Unity Land Co., Ltd.)၊ မလင်းလင်းထိုက်တို့၏ချစ်လှစွာသောမိခင်၊ မခင်ဖြူစင်သန့်(G-8. Total International School)၊ မောင်သျှင်းသန့်နိုင်(G-7, Total International School)တို့၏အဘွားသည် ၂၂-၂-၂၀၁၈ရက်(ကြာသပတေးနေ့)ည ၁၁း၂၅နာရီတွင် Grand Hantha ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၈ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရွှေပြား ဒါယိကာမကြီး

## ဒေါ်အေးအေး အသက်(၆၇)နှစ်

**(ဇမ္ဗူထွန်းဘုရားထီးတော်လုပ်ငန်း)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ ပန်းတဉ်းတန်းလမ်း၊ အမှတ် ၆၁၅နေ (ဦးညွန့်-ဒေါ်တင်မြင့်)တို့၏သမီး၊ (ဦးအောင်သိန်း-ဒေါ်သန်းရင်)တို့၏သမီးချွေးမ၊ (ဦးကံညွန့်)-ဒေါ်မြိုင်မျိုးခိုင်၊(ဒေါ်လှလှ)၊(ဒေါ်မြမြ)တို့၏ညီမ၊ ဦးသန်းထွန်း-ဒေါ်ငွေငွေ၊ (ဦးညွန့်ဝေ)-ဒေါ်တင်တင်ညိုတို့၏အစ်မ၊ (ဦးခင်မောင်မြင့်)၏ဇနီး၊ ကိုတင်မျိုးညွန့်၊ ကိုကျော်ထက်-မစုစုလှိုင်တို့၏မိခင်၊ မဟန်နီထက်၏အဘွားသည် ၂၂-၂-၂၀၁၈ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂း၅၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၂-၂၀၁၈ရက် (စနေနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကြည့်မြင်တိုင်မြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးအောင်တင်

**လက်ထောက်တိုင်းတရားသူကြီး(ငြိမ်း)**

**အသက်(၈၂)နှစ်**

မုံရွာမြို့၊ ဒေါနခြံရပ်၊ ယုဇနလမ်းနေ [ဒေါ်စိန်တိုး(ခ)ဒေါ်ခင်ဝင်း]၏ ခင်ပွန်း၊ ကိုဝင်းအောင်ဇော်-မတိုးတိုးဝင်း၊ ကိုဝင်းအောင်ဇင်-မအေးအေးထွန်း၊ ကိုတင်ဝင်းကျော်-မထားထားမော်၊ ကိုမောင်မောင်လင်း-မမြတ်ဂျူးစုသိန်း၊ ကိုတင်အောင်ဝင်း-မယဉ်မျိုးဇော်၊ ကိုပြည့်ဇော်ဟိန်း-မယဉ်မွန်နိုင်တို့၏ချစ်လှစွာသောဖခင်၊မြေးခုနစ်ယောက်၊မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၁-၂-၂၀၁၈ရက် နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၈ရက် မွန်းလွဲ ၂ နာရီတွင် မုံရွာမြို့ ဆားကျင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်း၊ဒါယကာကြီး

## ဦးထွန်းလှိုင်(ခ)ဆလုံ(မြိတ်)

**အသက်(၆၉)နှစ်**

မြိတ်မြို့၊ ထားဝယ်စုရပ်၊ (V)လမ်းကြား၊ အမှတ် ၁၈၃နှင့် ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ငုဝါလမ်း၊ အမှတ် ၄၈၊ ငါးလွှာ (ဝဲ)နေ (ဦးထားလာ-ဒေါ်ကျင်ဟုတ်)တို့၏သား၊ (ဦးလောင်စွမ်း-ဒေါ်ဒီးယာ)တို့၏သားသမက်၊ ဦးမွန်စိုက်-(ဒေါ်ရှုလွှမ်)တို့၏ညီ၊ ဦးမွန်ကင်း-ဒေါ်စန်းကြူ၊ ဦးထွန်းမြတ်-ဒေါ်မိုးအေး၊ ဦးစိုးစိုး - ဒေါ်မြတ်မြတ်တို့၏အစ်ကို၊ (ဒေါ်ကျော်အင်)၏ခင်ပွန်း၊မောင်သန့်ဇင်မိုး-မငုဝါလှိုင်၊ မချိုဝါလှိုင်၊ မောင်အောင်ကျော်စိုး၊ မောင်ဇော်လင်းဦး-မခိုင်ဝါလှိုင်၊မောင်မင်းမြတ်မိုး-မဖြိုးဝါလှိုင်၊မောင်အောင်မိုးကျော်၊မခြူးဝါလှိုင်တို့၏ဖခင်၊ မောင်ထွဋ်ဇင်လင်း၊ မယွန်းထက်စံ၊ မထက်ပြည့်ပြည့်လင်း၊ မဇူးဇူးဇင်မိုး၊ မောင်မြတ်မင်းသန့်တို့၏ အဘိုးသည် ၂၁-၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၅၀နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

မြိတ်မြို့နယ်အသင်း(ရန်ကုန်)

## ဦးထွန်းလှိုင်(ခ)ဆလုံ(မြိတ်)

**အသင်းဝင်အမှတ်(၅၄၅၀)**

**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ငုဝါလမ်း၊ အမှတ် ၄၈(ငါးလွှာ-ဝဲ)နေ (ဒေါ်ကျော်အင်)၏ခင်ပွန်းသည် ၂၁-၂-၂၀၁၈ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင်ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (မြိတ်အသင်းမှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

ယောနယ်အသင်း(ရန်ကုန်)

## ဒေါ်ကြည်ကြည်သန်း

**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၅)ရပ်ကွက်၊ သင်္ဂဟလမ်း၊ အမှတ်(၉၄/ခ)နေ ယောနယ်အသင်း တွဲဖက်အတွင်းရေးမှူး ဦးစိန်အောင်ထွေး၏ဇနီး ဒေါ်ကြည်ကြည်သန်းသည် ၂၂-၂-၂၀၁၈ရက် (ကြာသပတေးနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၈ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန် အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

အလုပ်အမှုဆောင်အဖွဲ့

## ဦးဦးစံကျော် (စစ်တွေ)

**အသက်(၅၂)နှစ်**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဘောင်းဒွတ်သားစုရပ်ကွက်၊ စစ်ကဲလမ်းနေ (ဦးလှအောင်သာ)-ဒေါ်မြရီတို့၏ သား၊ (ဦးလှထွန်းဖြူ) - ဒေါ်လှကျော့ခိုင်တို့၏ သားသမက်၊ ဒေါ်စမ်းစမ်းအေး၏ချစ်လှစွာသောခင်ပွန်း၊ဦးမင်းထွန်းနိုင်(လ/ထ လဝကမှူး၊ မြဝတီ)-ဒေါ်စောမြတ်နွယ်၊ မောင်အောင်မြတ်လင်းတို့၏ ချစ်လှစွာသောဖခင်၊ မစုမြတ်နိုးထွန်းတို့၏အဘိုးရှင်၊ဦးစံရွှေ၊ဒေါ်အေးအေးသန်း-ဦးထွန်းထွန်းစိန်၊ ဦးအောင်သန်းရွှေ-ဒေါ်သိမ့်သိမ့်ဇံ၊ (ဦးသန်းစိန်)-ဒေါ်ရီရီခိုင်တို့၏ အစ်ကို၊ တူ၊ တူမ ငါးယောက်တို့၏ ဘကြီးသည် ၂၂-၂-၂၀၁၈ရက်(ကြာသပတေးနေ့)ညနေ ၃း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၈ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် အာကျိုတ်တော်ကုန်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တကုဏ္ဍလ မဟာထေရ်

**သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၅၆)ဝါ**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒေဝသာဂရသိမ်ကုန်း၊ တုလွတ်စံပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော ဘဒ္ဒန္တကုဏ္ဍလ မဟာထေရ်ဆရာတော်သည် (၁၃၇၉ခုနှစ် တပေါင်းလဆန်း ၇ရက်) ၂၁-၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၁၆နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ခုနှစ် တပေါင်းလဆန်း ၁၁ရက်) ၂၅-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် တုလွတ်စံပရိယတ္တိစာသင်တိုက်၌အန္တိမဈာပနသဘင် ဆင်ယင်ကျင်းပပြီး မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပင့်ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ [၂၇-၂-၂၀၁၈ရက်(အင်္ဂါနေ့)တွင် ဆရာတော်အားရည်စူး၍ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ တပည့်ရဟန်း၊ သာမဏေ၊ ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။]

တပည့်သံဃာတော်များ
တုလွတ်စံပရိယတ္တိစာသင်တိုက်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမောင်စွမ်(ခ)လူချွန်ဖွန်း

**ကျောက်မြောင်းမတ်**

**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ကျောက်မြောင်းလမ်း၊ အမှတ် ၁၁၇၊ ၁၁၉နေ ဒေါ်ကျင်လှ(ကျောက်မြောင်းမတ်)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးထိုက်စံ-ဒေါ်သန်းသန်းဝင်း၊ ဦးသိန်းလှ-ဒေါ်တာတာ၊ ဒေါ်မြင့်မြင့်စန်း-ဒေါက်တာအောင်သိန်း(Chairman - အောင်ရတနာဆေးရုံ)၊ ဒေါ်မြင့်မြင့်သိန်း-ဦးဝမ်ကြည်၊ ဒေါ်အေးအေးသန်း-ဦးအောင်မြင့်(MD-အောင်ရတနာဆေးရုံ)၊ ဦးမြင့်သန်း-ဒေါ်စန်းစန်းလွင်၊ ဦးမြင့်သိန်း-ဒေါ်သီတာမြင့်၊ ဒေါ်ညွန့်ညွန့်မြိုင်-ဦးမြင့်နိုင်၊ ဒေါ်မိုးသူဇာ-ဦးမောင်မောင်၊ ဒေါ်ကျင်လန်း-ဦးစိုးလွင်၊ ဦးထွန်းလင်း-ဒေါ်စန်းစန်းမော်တို့၏ဖခင်၊ မြေး ၂၈ယောက်တို့၏အဘိုး၊ မြစ်ငါးယောက်တို့၏အဘေးသည် ၂၂-၂-၂၀၁၈ရက် (ကြာသပတေးနေ့) ည ၈း၄၅ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၈ရက် (တနင်္လာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမောင်စွမ်(ခ)လူချွန်ဖွန်း

**ကျောက်မြောင်းမတ်**

**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ကျောက်မြောင်းလမ်း၊ အမှတ် ၁၁၇၊ ၁၁၉နေ (ဦးဝင်ယုံ-ဒေါ်ချိုဝါ)တို့၏သား၊ (ဦးကျောက်-ဒေါ်ကျင်မြ)တို့၏သားသမက်၊ ဒေါ်ကျင်လှ(ကျောက်မြောင်းမတ်)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ဟန်ချို-(ဦးတိုက်စွမ်း)(ဖြူး)၊ (ဦးမြမောင်)-ဒေါ်အေးအေးမြင့်၊ ဦးထွန်းမောင်-ဒေါ်ကျင်အေးတို့၏အစ်ကိုသည် ၂၂-၂-၂၀၁၈ရက် (ကြာသပတေးနေ့) ည ၈း၄၅နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအောင်ဇေယျ

**(အငြိမ်းစား၊ ဒုတိယညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန)**

**B.Sc (Biology) ရန်ကုန်တက္ကသိုလ်**

**Dip.In Forestry ရန်ကုန်တက္ကသိုလ်**

**M.Sc, Oxon Oxford University. U.K**

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ် ၃၂/၂နေ (ဦးစံတား-ဒေါ်မမကြီး)တို့၏သား၊ [ဦးတင်ထွန်း (အငြိမ်းစားဒုတိယဝန်ကြီး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန)-ဒေါ်ခင်လှသန်း]တို့၏ညီ၊ (ဗိုလ်မှူးသိန်းထွန်း)-ဒေါက်တာဒေါ်ခင်ဦးမေတို့၏မောင်၊ ဒေါ်ခင်ထွေးမြင့်(အငြိမ်းစား၊ ပါမောက္ခဌာနမှူး၊ သတ္တဗေဒဌာန၊ ဒဂုံတက္ကသိုလ်)၏ခင်ပွန်းသည် ၂၂-၂-၂၀၁၈ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၈ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၂-၂၀၁၈ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်စန်းရီ (KSY)

**(ကျားမင်း ဆီစက်နှင့် ဆီပွဲရုံ)**

**မိတ္ထီလာမြို့**

**အသက်(၈၃)နှစ်**

(ဦးစိန်ထွန်း-ဒေါ်သင်း)တို့၏သမီး၊ (ဦးခင်မောင်စန်း-ဒေါ်ခင်စန်းကြည်)တို့၏ညီမ၊ [ဗိုလ်မှူးမောင်မောင်စန်း(ငြိမ်း) - ဒေါ်ခင်ထားကြည်]တို့၏အစ်မ၊ ဒေါ်စန်းစန်းသင်း(ကျားမင်းဆီပွဲရုံ)တို့၏အဒေါ်၊ မောင်ဇော်လင်းနိုင်၏အဘွား၊ ကိုတင်ထွန်းလှိုင်-မနွေးနွေးစိုး၊ ကိုအောင်ကိုလှိုင်(ခ)ကိုဖိုးချိုတို့၏ အဒေါ်သည် ၂၃-၂-၂၀၁၈ရက် နံနက် ၈း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၈ရက် ညနေ ၄နာရီတွင် မိတ္ထီလာမြို့၊ ဈေးအရှေ့၊ကျားမင်းဆီပွဲရုံမှ တောမသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်လှအေး

**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်မင်္ဂလာ(၁)လမ်း၊ တိုက် ၄၊ အခန်း ၈၊ အရာထမ်းအိမ်ရာနေ (ဦးမောင်တင်-ဒေါ်စန်းရင်)တို့၏သမီး၊ [ဦးဝင်းတင်(စက်မှု-၁၊ ငြိမ်း)]၏ဇနီး၊ (ဦးထွန်းနိုင်ဦး)-ဒေါ်တင်နီလာ(အလုပ်ရုံခွဲမှူး၊ ဆေးဝါးစက်ရုံ၊အင်းစိန်)၊ (ဦးသိန်းဝင်း)-ဒေါ်မြသီတာ၊ (ဦးဟန်ထွဋ်)-ဒေါ်အေးစန္ဒာ၊ ဦးမင်းဟန်-ဒေါ်ခင်သန္တာ(မြယမုန်စားသောက်ဆိုင်)တို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၂-၂-၂၀၁၈ရက်(ကြာသပတေးနေ့)ညနေ ၅း၄၅နာရီတွင် မြယမုန်စားသောက်ဆိုင်၊ ယောမင်းကြီးလမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၈ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီတွင် ရန်ကုန်မြို့၊ ဒဂုံမြို့၊ မြယမုန်စားသောက်ဆိုင်၊ ယောမင်းကြီးလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ထုတ်ကုန်ပစ္စည်းများကို အကျိုးရှိပြီး အသုံးတည့်သည့် ပစ္စည်းများဖြစ်အောင် ထုတ်လုပ်နိုင်ရန် ကြိုးစား


ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် အဖွဲ့ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ပထမအကြိမ် ဒေသတွင်းထုတ်ကုန်ပစ္စည်း ပြပွဲနှင့် ပြိုင်ပွဲ (၂၀၁၈) ဖွင့်ပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းပြခန်းများအား ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**
မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အတွင်းရှိ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ၏ ပထမအကြိမ် ဒေသတွင်းထုတ်ကုန်ပစ္စည်းပြပွဲနှင့် ပြိုင်ပွဲ (၂၀၁၈) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးမြို့ မန္တလာသီရိ အားကစားကွင်း၌ ကျင်းပရာ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အငယ်စား၊

*စာမျက်နှာ ၄ ကော်လံ ၁* ◆

# အောင်လအန်ဆန်က အလက်ဇန္ဒားမချာဒိုကို ပထမအချီ ၃၆ စက္ကန့်တွင် အလဲထိုး

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**
One Championship အဖွဲ့က ဦးဆောင်ကျင်းပသော MMA (Mix Martial Art) ကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံအတိုက်ပြိုင်ပွဲကြီး၏ လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံရှစ် ခါးပတ်လုပွဲကြီးကို လက်ရှိမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ အောင်လအန်ဆန် (မြန်မာ စပါးအုံးမြွေ) နှင့် ဘရာဇီးနိုင်ငံသား အလက်ဇန္ဒားမချာဒိုတို့ ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ သုဝဏ္ဏ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ (၁)၌ ယှဉ်ပြိုင်ထိုးသတ်ရာ အောင်လအန်ဆန်က ပထမအချီ ၃၆ စက္ကန့်မှာပင် အလဲထိုးဖြင့် အနိုင်ရရှိကာ MMA ၏ ခါးပတ်နှစ်ခုပိုင်ရှင် ဝိတ်တန်းနှစ်ခု ချန်ပီယံဖြစ်သွားပြီဖြစ်သည်။

*စာမျက်နှာ ၁၀ ကော်လံ ၁* ❐


**အောင်လအန်ဆန်က အလက်ဇန္ဒားမချာဒိုကို ညာခြေကန်ချက်ဖြင့် ဤသို့ ပွဲသိမ်းအနိုင်ယူစဉ်။** ဓာတ်ပုံ-မင်းထက်

**တရားလွှတ်တော်ရှေ့နေ ဦးကိုနီ လုပ်ကြံခံရမှုနှင့်ပတ်သက်၍ ပြန်ခေါ်သက်သေ ငါးဦး စစ်ဆေး**

စာမျက်နှာ - ၁၂



**လက်ရှိချန်ပီယံ ရှမ်းကို အနိုင်ယူပြီး ရန်ကုန်အသင်း ငါးမှတ်ပြတ်ဦးဆောင်**

စာမျက်နှာ - ၁၃

**ကာကွယ်ရေး၌ အမေရိကန်၏ မျှတမှုမရှိသည့် ယှဉ်ပြိုင်မှုကို ရုရှားထိပ်တိုက်ရင်ဆိုင်သွားမည်**

စာမျက်နှာ - ၁၄


